www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

- စိုက်ပျိုးရေးကို ပို့မိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံ့စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)၊

ရေ၉၅.၈၃
ဝိရှာ
အငှားရှာ/ဝိရှာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၅၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိရှာ



ကျွန်တော်ဟာ လွတ်လပ်စွာ ပျံသန်းချင်သူတစ်ယောက်ပါ...
ဘဝမှာ အနှောင်အဖွဲ့တွေကို နှစ်သက်ရကောင်းမှန်းမသိ...
ရိုးသားတဲ့ ကောင်လေးတစ်ယောက်အဖြစ်နဲ့
ဘဝကို ရှင်သန်ချင်သူ...
..ဒါပေမယ့် ကျွန်တော် လွတ်လပ်စွာ ပျံသန်းခွင့် မရပါဘူး...
အဲဒါဟာ ဘာဖြစ်လို့လဲဆိုတော့
ကျွန်တော့်ရဲ့ အတောင်ပံ တစ်စုံဟာ
ကောင်းကင်နဲ့ သိပ်မလွတ်လို့ပေါ့...။

ရိုးဂုဏ်



ရှင် ကျွန်မကို ချစ်ရေးဆိုတာ
ရယ်စရာ ကောင်းတယ်နော်...
အဟင်း...တတိယကမ္ဘာစစ်ကို
ရှင်တစ်ယောက်တည်း တိုက်နေရသလို
ရင်ဘတ်ကြီးက ဖုတ်လိုက်ဖုတ်လိုက်နဲ့
တော်တော်မောနေလားဟင်






# အခန်း(၁)

ကျွန်တော်ဟာ ပင်လယ်သားတစ်ယောက်။

ကျိုက္ကမိမြို့ရဲ့ ငါးဒိုင်တွေမှာ ငါးဖမ်းလှေလိုက်ပြီး ဝမ်းစာရှာ... တဲ့ ငါးဖမ်းသမားနဲ့. . . ငါးဒိုင်တွေမှာ ငါးရွေးတဲ့အလုပ်ကိုလုပ်... အလုပ်သမတစ်ဦးရဲ့ တစ်ဦးတည်းသောသား ဖြစ်သည်။

ကျွန်တော့်ဘဝတစ်လျှောက်လုံး ရိုးဖြောင့်တဲ့ဂုဏ်တို ... ထာဝရ ပိုင်ဆိုင်နိုင်အောင် 'ရိုးဂုဏ်'ဟု နံမည်ပေးထားခြင်း ဖြစ်သည်... ထိုနံမည်လေးကို ကျွန်တော်အလွန်နှစ်သက်သလို ထိုနံမည်ကို ... ထားသော အဖေနှင့်အမေကိုလည်း အလွန်ကျေးဇူးတင်၍ မဆုံး...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝ ငယ်စဉ်က. . ဘဘုန်းကြီး ဦးပညာဝံသရဲ့ ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်းမှာ သူငယ်တန်း စတက်ခဲ့သည့် အချိန်မှစကာ. . ယခုဆယ်တန်းအောင်ပြီး တက္ကသိုလ် အဝေးရောက်ဘွဲ့ကို ယူထားသည့်အချိန်ထိ ရိုးဂုဏ်ဆိုသောနံမည်နှင့် လိုက်အောင် အင်မတန်ကို ရိုးသားခဲ့တာအမှန်ပါ။

ပင်လယ်လေနဲ့ ငါးညှီနံ့တွေကြားထဲ ကြီးပြင်းခဲ့ရတဲ့ ကျွန်တော့်ဘဝမှာ အကောင်းဆုံးဟု ယူဆထားတဲ့ ရည်မှန်းချက် ဝါသနာတစ်ခုရှိသည်။

ထိုဝါသနာသည် ရိုးဂုဏ်ဆိုသော ကျွန်တော်နာမည်နှင့်လည်း အလွန်လိုက်ဖက်သည်ဟု ထင်သည်။

ဝါသနာကတော့ ကျွန်တော်ဟာ ပရော်ဖက်ရှင်နယ်လ်စာရေးဆရာတစ်ယောက် ဖြစ်ချင်သော ပြင်းပြသည့် ဆန္ဒတစ်ခုပင်ဖြစ်သည်။

ကျွန်တော့်ဝါသနာ ကျွန်တော့်ရည်မှန်းချက် အဲဒီလောက်ကြီး၍ စာပေအကြောင်း ဘာသိလဲဟု မေးလျှင်. . ပိုစ့်မော်ဒန်တွေ ရေးတဲ့ ဇွန်ဘာ့သ်တို့. . မီးရှဲလ်ဖူးတို့. . မူရာကာမိတို့လို စာပေရော့ခ်စတားတွေကို မသိပါဘူး။

သူတို့ရေးတဲ့ စာတွေကိုလည်း မဖတ်ဖူးပါဘူး။ နာမည်သာကြားဖူးတာပါ။ ကျွန်တော်သိတာ. . တာရာမင်းဝေတို့. . မင်းခိုက်စိုးစံတို့. . ဆရာဇော်ဇော်အောင်တို့လောက်ပဲ သိတာပါ။

စာရေးသက် ဘယ်လောက်ရှိပြီလဲလို့ မေးလာရင် ပင်လယ်မြင်ကြီးအကြောင်းကို ရေးထားပြီး. . ကိုယ်တိုင်အကဲဖြတ်ထားတဲ့ ဝတ္ထုတိုလေး နှစ်ပုဒ်သုံးပုဒ်ရဲ့ အတွေ့အကြုံလေးပဲ ရှိပါသေးတယ်။

ထို့ကြောင့် ကျွန်တော်သည် ထိုထက်သာလွန်သော စာပေ



BURMESE CLASSIC



အတွေ့အကြုံတွေကို ရှာမှီးလိုပါသဖြင့် အဖေထံသို့ ခွင့်ပြုချက် တောင်းရတော့မည်။

"အဖေ. . ကျွန်တော် မြို့တက်ချင်တယ်"

ကျွန်တော် အဖေ့နားသို့ ကုပ်ချောင်းချောင်းလေး သွားထိုင်ပြီး အဖေ့အရိပ်အကဲကို ခပ်မြန်မြန်ဖမ်းရင်း ကျွန်တော့်ဆန္ဒကို အမြန်ဆုံး တင်ပြလိုက်သည်။

"ဟေ. . ဘယ်နှယ့်. . ငြုန်းစားကြီး မြို့တက်ချင်သွားရတာတုန်း"

"ငြုန်းစားကြီး မဟုတ်ပါဘူး အဖေ၊ ဒီဆန္ဒက ကျွန်တော့်ရင်ထဲမှာ အမြစ်တွယ် ရှင်သန်နေခဲ့တာ ကြာပါပြီ"

ကျွန်တော် စာသံပေသံနှင့် ကဗျာဆန်ဆန်ပြောတော့ အဖေကျွန်တော့်ကို မျက်မှောင်ကြီးကြုတ်ကာ ကြည့်၏။ ငယ်စဉ်ကတည်းက အဖေ့ကို ချစ်ကြောက်ရိုသေခဲ့၍ အဖေ၏ ထိုသို့ကြည့်သော အကြည့်ကို ကျွန်တော်နည်းနည်းတော့ ရွံ့မိသည်။

ကျွန်တော့် ရည်ရွယ်ချက်တွေဆီကို ဘယ်လိုစကားမျိုးနဲ့ အဖေစိတ်ဝင်စားလာအောင် လှည့်ပတ်ခေါ်ရမလဲဟု တွေးလိုက်ပြီး. . .

"ဟို. . ဟိုလေ အဖေက ကျွန်တော့်ကို အောင်မြင်တဲ့ပညာရှင်တစ်ယောက်အဖြစ် မြင်ချင်မလား မသိဘူး"

ကျွန်တော့်ရဲ့ ဝေ့လည်ကြောင်ပတ်စကားကြောင့် အဖေ ဆောတံခဲနေရာမှ ဟောခနဲ ဖြစ်သွားကာ. . .

"မင်း ငါ့ကို ဘာပြောချင်နေတာလဲ ရိုးဂုဏ်၊ စကားကို သာလေတွင်းတစ်ကွင်းလို ဆွဲဆန့်မနေနဲ့. ငါက တိုတိုတုတ်တုတ်ပဲ ကြိုက်တယ်

အဖေက တိုတိုတုတ်တုတ် ကြိုက်မှတော့ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တိုပြီးတုတ်သော စကားကိုသာ ပြောလိုက်သည်။

"ကျွန်တော် စာရေးဆရာဖြစ်ဖို့ မြို့တက်မယ်"

"ဟေ. . မြို့တက်ရင် စာရေးဆရာ ဖြစ်ရောလား၊ ဒါဆို ငါလည်း မြို့တက်ဦးမှပဲ"

အတည်ပြောတာလား ရွဲ့ပြောတာလား မသိသော. . အဖေ့စကားကြောင့် ကျွန်တော်စိတ်ပျက်စွာ ခေါင်းကုတ်လိုက်သည်။

"ဟာ. . အဖေကလည်း၊ မြို့တက်တိုင်း စာရေးဆရာ ဖြစ်တယ်လို့ချည်းပဲတော့ ဘယ်ဟုတ်မလဲ၊ ဝါသနာနဲ့အတူ ကြိုးစားလေ့လာသင်ယူချင်တဲ့စိတ်လည်း ရှိမှလေ၊ နောက်ပြီး ကံဉာဏ်ဝီရိယရောပေါ့"

အဖေ သဘောပေါက်သွားဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်၏။

"ကျွန်တော်မြို့ရောက်ရင် စာရေးဆရာဖြစ်အောင် ကြိုးစားမယ်. . ရိုးရိုးစာရေးဆရာ မဟုတ်ဘူးနော် ပရော်ဖက်ရှင်နယ် စာရေးဆရာဖြစ်အောင် ကြိုးစားမှာ "

"အင်း. . ငါ့သား ဝါသနာက ဆိုးတော့မဆိုးပါဘူး၊ ဒါပေမဲ့ စာရေးဆရာတစ်ယောက် ဖြစ်ဖို့ဆိုတာ လွယ်ပါ့မလား၊ မင်းမှာ အဆက်အသွယ်ကောင်း ရှိတာလည်းမဟုတ်ဘူး မသေချာတဲ့ ဝါသနာနဲ့ စိတ်ကူးယဉ်နေမယ့်အစား အဖေလုပ်နေတဲ့ ဦးမြမောင် ငါးဒိုင်မှာပဲ စာရေးဝင်လုပ်လိုက်ပါလား၊ အဲဒီ အလုပ်ကလည်း စာရေးရတာပဲလေ"

အားလျော့စိတ်ပျက်စရာကောင်းသော အဖေ့အကြံပေးချက်သည် ကျွန်တော့်ဘဝကို ဘယ်တော့မှ အလင်းရောင်ပေးမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သိသည်။

"ဟာ. . ကျွန်တော် မလုပ်ချင်ဘူး ပင်လယ်လေက ကျွန်တော့်





ကို ဒီအရွယ်ထိကြီးပြင်းလာအောင် အာဟာရပေးပေမယ် ငါးညှီနံ့နဲ့ ဆားငန်ရည်တွေက ကျွန်တော့အတွက် အဆိပ်အတောက် ဖြစ်စေသလိုပဲ. . "

ကျွန်တော့်ဘဝကြီးကို ဒီလိုဘဝထဲမှာ မနှစ်မြှုပ်ထားချင်တာ ကျွန်တော့်ဘဝရဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက် ဖြစ်သည်။

ကျွန်တော့်ကို ငါးညှီနံ့တွေထဲမှာ ရုန်းကန်ရှာဖွေကျွေးခဲ့သော အသနှင့်အမေကို အားတော့နာ၏။

ထို့ကြောင့် ကျွန်တော် အဖေ့ကို မသိမသာ အကဲခတ်လိုက်သည်။

အဖေ စိတ်များဆိုးနေလေမလားပေါ့။

သို့သော် အဖေ့မျက်နှာမှာ စိတ်ဆိုးသော အရိပ်အရောင် မရှိ။ အဖေတွေတွေကြီး စဉ်းစားနေဟန်ဖြင့် ငြိမ်နေ၏။

"မကြည်စင် မင်းသားပြောတာကြားလား "

အဖေဟာ မီးဖိုခန်းထဲမှ နားစွင့်နေကောင်း နားစွင့်နေမည့် အမေ့ကိုလှမ်းမေး၏။

"ကျုပ်ကတော့ သူဖြစ်ချင်တဲ့ အတှာ. . တကယ်ဖြစ်မယ်ဆိုရင် ခွင့်ပြုရမှာပေါ်တော့၊ တကယ်တမ်း ကျုပ်သားကို ကျုပ်က ဂုဏ်ရှိရှိနဲ့ မြင်ချင်တာ၊ ငါးညှီနံ့ထဲ မှာနေစေချင်တာ ဒီမှာနေလို့ကတော့ ဘာမှတိုးတက်မှာ မဟုတ်ဘူး"

အမေကပါ မီးဖိုခန်းထဲမှ ချက်ပြုတ်နေရင်း ထောက်ခံစကား သံပြောလိုက်သဖြင့် ကျွန်တော် ပို၍ အားတက်သွားသည်။

"ငါ့သား တကယ်ဆုံးဖြတ်ပြီးပြီလား၊ ကိုယ့်ကိုယ်ကိုယ် ပရော်ဖက်ရှင်နယ် စာရေးဆရာတစ်ယောက် ဖြစ်ရမယ်လို့ ယုံကြည်ထားတယ် ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com






အဖေ့၏ ပလော်ဖက်ရှင်နယ်ဟူသော အသံထွက်မပီကလာ ကို ကျွန်တော် မလှောင်ပြောင်ရက်သဖြင့် ခပ်ဖျော့ဖျော့သာ ပြုံးလိုက်သည်။

"ဟုတ်ကဲ့. . ကျွန်တော် လုံးဝယုံကြည်နေပါတယ်၊ ဒါကြောင့် သွားခွင့်ပြုပါ. ."

"ကဲ. . . မကြည်စင်ရေ မင့်သားကတော့ သူ့ကိုယ်သူ လုံးဝ အာမခံနေပြီ၊ ဒီလိုဆိုတော့လည်း မင်းရဲ့တိုးတက်ရာတိုးတက်ကြောင်း ကို အဖေမပိတ်ပင်တော့ပါဘူး မြို့သွားဖို့ကို ပြင်တော့ပေ့၊ ငါ့သား မြို့မှာစာရေးဆရာကြီးဖြစ်မှ အဖေနဲ့အမေလည်း မြို့ပေါ်က ရွှေတိဂုံ ဘုရားကြီးကို တဝကြီးဖူးရတော့မယ်"





ဒီလိုနှင့်ပင် ကျွန်တော်ဟာ မြို့တက်ပြီး. . စာရေးဆရာတစ် ယောက် ဖြစ်အောင် ကြိုးစားဖို့ အခွင့်အရေးတစ်ခုကို ရက်ရောစွာရခဲ့ ပါသည်။

ကျွန်တော့်ကို အဖေနဲ့အမေဟာ ဘာကြောင့် အခုလိုခွင့်ပြု လိုက်သလဲဆိုရင် ကျွန်တော့် အဖေရောအမေရောဟာ စာမတတ်ကြ ပါ။ ဒါကြောင့် စာရေးဆရာတွေဆိုရင်. . နိုင်ငံတော်ဝန်ကြီးချုပ် လောက် အဆင့်ထိကို သဘောထားပြီး အထင်ကြီးလေ့ရှိသော အဖေ ...ဟာ ကျွန်တော့်ဆန္ဒကို ကြည်ဖြူစွာလိုက်လျောခြင်း ဖြစ်သည်။

ကျေးဇူးအထူးတင်ရှိပါကြောင်း. . အဖေနဲ့အမေ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

**ကျွန်**တော် ရန်ကုန်မြေကို ခြေချသောနေ့ဖြစ်သည်။

ရထားပေါ်မှ ခရီးသည်တွေအားလုံး ကျွန်တော့်ကိုကြည့်ပြီး နှာခေါင်းတရှုံ့ရှုံ့နှင့် ဖြစ်နေကြသည်။ ထိုအဖြစ်သည် ကျွန်တော့်ဆီ. . ပထမဦးဆုံး ရောက်ရှိလာသော အခက်အခဲ ဖြစ်သည်။

"ဟော့. . သူငယ် မင်းအထုပ်တွေက ဘာတွေလဲ၊ နံလိုက်တာကွယ်. . ခေါင်းတွေတောင် ကိုက်တယ်"

ထိုအဒေါ်ကြီးအမေးကြောင့် ကျွန်တော် အားတုံ့အားနာဖြင့် ကိုယ်ကို မသိမသာကျုံ့ကာ. . .





"ကျွန်. . ကျွန်တော့်အမေ ထည့်ပေးလိုက်တဲ့ ငါးခြောက်ထုပ်တွေ ငါးချဉ်ထုပ်တွေပါ အဒေါ်"

"အို. . ဒါကြောင့် ငါ့ကို ဒီအနံ့တွေက တစ်လျှောက်လုံး ဒုက္ခပေးလာတာကိုး. . နံလိုက်တာကွယ်"

"မနံပါဘူး ကြီးဒေါ်ရဲ့. . မွှေးပါတယ်၊ ကျွန်တော်တို့က ယမ်းစိမ်းတွေဘာတွေ မထည့်ဘဲ လုပ်ထားတဲ့ ငါးခြောက်တွေပါ။ လူကိုဥပဒ် မဖြစ်ပါဘူး"

ကျွန်တော် ရှည်ရှည်ဝေးဝေး ရှင်းပြပေမယ့် ထိုအဒေါ်ကြီး လက်ခံပုံမပေါ်. . .

"အို. . မင်းက မနံပေမယ့် ငါတို့က ဒါမျိုး စားတာမဟုတ်တဲ့အတွက် နံတယ်ကွယ်၊ မင်းဟာကြီး ဟိုဘက်တိုးထားစမ်းပါ. . တကတည်း သေချင်စော်တောင် နံတယ်"

ပွစိပွစိဖြင့် တတွတ်တွတ်ပြောလာသော ဘေးမှအဒေါ်ကြီးကြောင့် သူ့ထက်ပင် ကျွန်တော်က ပို၍ သေချင်စော်နံသေး၏။

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့် ထိုအဒေါ်ကြီး ကျေနပ်စေရန် ငါးခြောက်ထုပ်တွေကို တစ်ဖက်သို့ ရွှေ့ပေးလိုက်သည်။

သိပ်မကြာလိုက် ရထားက ရန်ကုန်ဘူတာကို ဆိုက်သဖြင့် ကျွန်တော် ထခုန်မိမတတ် ဝမ်းသာသွားသည်။

နို့မို့ဆို ဘေးမှအဒေါ်ကြီး၏ တွတ်ပွတွတ်ပွအသံက ကျွန်တော့်ကို နားမှဒိမ်းကျင့်နေသလိုပင် ခံရခက်၏။

"ကဲ. . သူငယ် မင်းအထုပ်တွေ အမြန်သယ်ပါတော့"

"ဟုတ်ကဲ့ပါ ကြီးဒေါ်ရဲ့၊ ကျွန်တော့်အထုပ်ကြောင့် ကြီးဒေါ် နံသလို ကျွန်တော်လည်း နားငြီးတာပါပဲ၊ ကဲ. . ကဲ. . ဆင်းပြီ နောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လည်း ကျွန်တော့်ကိုခေါ်မါနော်.. အဟဲ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

ထိုအဒေါ်ကြီးကို ကျွန်တော် ခပ်ရွတ်ရွတ်ဖြင့် နှောက်ခဲ့သေးသည်။ ထိုအဒေါ်ကြီး ကျွန်တော့်ကို မျက်စောင်းလှမ်းထိုး၏။

ကျွန်တော် ရထားပေါ်မှဆင်းရန် အခက်တွေ့ချေပြီ။ ကျိုက်ခမီဘူတာမှ ရထားပေါ်အတက်တော့ အဖေနှင့်အမေက အထုပ်အပိုးတွေ ဝိုင်းဝန်းသယ်ပေးပြီး ရထားပေါ်အထိ လိုက်တင်ပြီး နေရာချပေး၍ ကျွန်တော် အခက်အခဲ မရှိခဲ့ပေ။

ခုတော့ အဝတ်အစားအိတ်တစ်ဖက် ငါးခြောက်ထုပ်နှင့် ငါးချဉ်ထုပ်တွေကတစ်ဖက် ကျွန်တော်စုဆောင်းထားသည့် စာအုပ်ပုံး ခေါင်းပေါ် ရွက်၍ ခန္ဓာကိုယ်တစ်ခုလုံးမှာ ခြေထောက်ကလွဲ၍ ခေါင်းရော လက်နှစ်ဖက်ရောပါ မအားလပ်သော ကျွန်တော့်ပုံစံက ရယ်ချင်စရာပင်။

ဒါအပြင် ကျွန်တော့်ထံမှထွက်သော ငါးခြောက်နံ့နှင့် စူးရှသော ငါးချဉ်အနံ့ကို ဘူတာရုံစကြံမှလူတွေ မနှစ်မြို့ကြပါ။

ဖရိုဖရဲဖြင့် ရယ်စရာကောင်းနေမည့် ကျွန်တော့်ကို နှာခေါင်းလေးတွေ ကိုယ်စီပိတ်ကာ အထင်သေးသလို ကြည့်သွားကြသည်။

"ဟွန်း.. ငါးခြောက်နံ့ကြီးကလည်း ဆိုးလိုက်တာ.."

"အေးဟယ်.. ပုပ်အက်အက် ချဉ်စူးစူး အနံ့ကြီးလိုပဲ.."

မကြားတကြားပြောသွားသော ထိုမိန်းကလေးတွေ၏ စကားကို ကျွန်တော်ကြားလိုက်ရတော့ ရှက်လိုက်သည့်ဖြစ်ခြင်း.. ကျွန်တော်ကတော့ အနံ့ယဉ်နေ၍လားမသိ.. နံတယ်ဟု မထင်ရ။

ဒီကြားထဲ ကျွန်တော်တို့လို ရွာသားတွေဆိုတာက ရန်ကုန်မြို့ကြီးကို တကယ့်ကြီးကျယ်ခမ်းနားပြီး တိုက်တာအဆောင်အယောင်





တွေနဲ့ နန်းတော်တမျှ ထည်ဝါနေတဲ့ အင်ပါယာကြီးတစ်ခုဟု ထင်ထားတာ။

ဒါကြောင့်လဲ ဘောင်းဘီရှည်နဲ့ ကုတ်အင်္ကျီကို စမတ်ကျကျ ဝတ်ပြီး ရှူးဖိနပ်နဲ့ မျက်မှန်အနက်ကြီးတပ်ကာ တကယ့်ကို Gentle-men စတိုင်လ် အပီအပြင် ဖန်တီးထားတာ။ တကယ်တမ်း နေ့ခင်း ကြောင်တောင်အချိန်ကြီးမှာ ကျွန်တော့်အတွက်တော့ မျက်မှန်အမည်းကြီးတပ်ထား၍ မြင်မြင်သမျှအရာ မှိုးချုပ်နေပြီဟု ထင်နေရသည့်အဖြစ်။ မျက်မှန်အနက်ကြီးဆိုတာ ဈေးပေါသည့်အပြင် ခုတစ်ခါ ထမဦးဆုံး တပ်ဖူးခြင်း ဖြစ်သည်။

သို့သော် ကျွန်တော့်ကိုယ်ကျွန်တော် ကြည့်ကောင်းသည်ဟု ယုံကြည်မှုရှိတာတော့ အမှန်ပင်။

ရွာမှာ ကျန်ခဲ့တဲ့ အဖေနဲ့အမေဆို ကျွန်တော့်ကိုကြည့်ပြီး ငါ့သားက စာရေးဆရာတင် မဟုတ်ဘူး၊ ရုပ်ရှင်မင်းသား လုပ်စားလို့တောင် ရတယ်လို့ ချီးကျူးသေးတာ။

ခုတော့ အထုပ်အပိုးတွေ ဝန်စည်စလယ်တွေ မနည်းမနောနဲ့ ယောင်လည်လည် ဖြစ်စပြုနေတဲ့ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ရွာသားလို့ အထင်မခံရအောင် ဂိုက်ပေးကြမ်းကြမ်းနှင့် ဟန်လုပ်ပြီး နေနေ၏။ တကယ်တမ်း ဘူတာရုံထဲက ထွက်ပြီးတာနှင့် တောင်ဘက်သွားရမလိုလို မြောက်ဘက်သွားရမလိုလိုနဲ့ ယောင်ချာချာယောင်လည်လည်။

"ဘုတ်.."

"ဟဲ့.. ပလုတ်တုတ် ငါ့အထုပ်ကျပြီ"

ကျွန်တော် တစ်စုံတစ်ဦးနှင့် ဝင်တိုက်မိ၍ ကျွန်တော့်ခေါင်းပေါ်မှာ ရွက်ထားသော စာအုပ်ပုံးကြီး ဘုတ်ခနဲ ပြုတ်ကျသဖြင့် နှုတ်မှ



www.burmeseclassic.com

www.burmeseclassic.com



ယောင်၍ အော်လိုက်၏။

"အို. . နံ. . နံလိုက်တာ၊ ဟော့. . လူ ရှင့်အထုပ်ကြီးက ဘာကြီးလဲ၊ အို. . လူကိုတော့ နံကုန်ပါပြီ"

ပန်းပွင့်လေးနှင့်တူသော မိန်းမလှလေး သူ့စကတ်နှင့် ထိသွားသော ကျွန်တော့်ရဲ့ ငါးခြောက်ထုပ်ကြီးကိုကြည့်ပြီး ရွံရှာလွန်း၍ ဆတ်ဆတ်ခါနေသည်။

"ဆော. . ဆောရီးပါဗျာ. . ကျွန်တော် ဒီက ခင်ဗျားလေး ဝင်တိုက်မယ်လို့ မတွေးထားမိလို့ ကြိုမရှောင်လိုက်မိဘူး"

"အို. . ဖြစ်မှဖြစ်ရလေ ကျွန်မက ဝင်တိုက်စရာလား. . ရှင်ထသာ ကျွန်မကိုဝင်တိုက်တာပဲ. . ပုံစံကြည့်ရတာ ဆွံ့အနားမကြား ကျောင်းကထင်တယ်၊ သွားမယ်လာမယ်ဆိုလည်း အဖော်လေးဘာလေး ခေါ်ခဲ့ပေါ့. . ဘာမှလည်း မမြင်ရဘဲနဲ့ ဟီးရိုးကလုပ်ချင်သေးတယ်"

'အမ်. . ဟီးရိုး မလုပ်ရပါဘူးဗျာ၊ ခင်ဗျားစကတ် နံသွားရင် ကျွန်တော်တောင်းပန်ပါတယ်. . အိမ်ရောက်တာနဲ့. . ချွတ်. . ချွတ်. . ဟဲ့. . ပလုတ်တုတ်"

ကျွန်တော့် ရှေ့သို့စကားမဆက်ရသေးခင် အထမ်းသမားတစ်ယောက် ကျွန်တော့်ကို အရှိန်ဖြင့်ဝင်တိုက်သွား၍ ကျွန်တော့်ကိုယ်ကလည်း အရှိန်ဖြင့် ထိုပန်းပွင့်လေးရင်ခွင်ထဲကို အားမနာလျှာမကျိုး အခွင့်အရေး အပြည့်အဝယူလိုစိတ် မပါဘဲ အလိုက်တသိ ပြိုကျသွားသည်။

"ဟင်. . အို. . ရှင် ဘယ်လိုလူလဲ"

အထုပ်အပိုးတွေ မနိုင်မနင်းဖြင့် ဖရိုဖရဲ ဖြစ်နေသော ကျွန်တော်မျက်နှာမှာ သူမရင်ခွင်ထဲ ကွက်တိကို မိတ်ဆက်လိုက်ကာ ထွေး





အိသော နွေးထွေးမှုလေးနှင့်အတူ အကောင်းစားရေမွှေးနံ့လေးတနှာခေါင်းထဲ တိုးဝင်လာသည်။

ပါးတစ်ချက်က ဖျင်းခနဲ ပူဆင်းသွားသည်။

သေချာသည်. . ဒါ ကျွန်တော် ပါးရိုက်ခံလိုက်ရခြင်းပဲဖြစ်၏။

သို့သော် ကျွန်တော် ထိုအထိအတွေ့နွေးနွေးလေးကို တဒင်္ဂပိုင်ဆိုင်လိုက်ရ၍ ပါးရိုက်ခံလိုက်ရတာဟာ တန်တော့တန်ပါသည်။

ကျွန်တော့်လက်ထဲမှ အထုပ်တွေကို ကယောင်ကတမ်း ပစ်ချပြီး ကုန်းကုန်းကြီး ဖြစ်နေသော ကိုယ့်ကိုယ်ကိုယ် ထိန်းမတ်လိုက်၏။

"တောင်း. . တောင်းပန်ပါတယ်. . တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် တကယ်မရည်ရွယ်ပါဘူး မကျေနပ်ရင်. . ထပ်. . ထပ်ရိုက်လိုက်ပါ"

ကျွန်တော် အမှန်တကယ် အားနာသွားဟန်ဖြင့်. . တောင်းတောင်းပန်ပန် ပြောလိုက်သည်။ လှချက်ကတော့ ကမ်းကုန်၏။ စိတ်ထဲဘာတောင် ပန်းပွင့်လေးမျက်နှာက ကမ္ဘာပေါ်မှာ အလှဆုံးမျက်နှာလေးတစ်ခုဟု ထင်ရလောက်၏။

"ဟွန်း. . ရုပ်ကိုက မျက်ကန်းလမ်းလျှောက်နဲ့ ကျက်သရေကို မရှိဘူး"

"အွန်"

အနိုင်ဖြင့် ပိုင်းပြောသွားသော ထိုစကားဖြင့် ကျွန်တော့်မျက်နှာ ကိုဖစ်ပေါက်ခဲ့၏။ အနားမှ လှည့်ထွက်သွားသော သူမ၏ ကိုယ်သင်းနံ့လေးကို ခိုးပြီးရှူရင်း ကျွန်တော် အတော်လေးရှက်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"**အစ်**ကို ဘယ်ကိုသွားမလဲ. . ကားငှားမလား"

"ဘ၀မြင့် ရပ်ကွက်ကို သွားချင်လို့ပါ"

"လေးထောင်ပဲပေးပါ အစ်ကို"

"ဟမ်. . လေးထောင် ဟုတ်လား"

လေးထောင်တောင်း၍ ကျွန်တော်လန့်သွားသည်။ တံတွေးကို ဂလုခနဲနေအောင် မျိုချပြီး တအံ့တသြမေးလိုက်သည်။

"ဟုတ်တယ် အစ်ကို. . ဒါ ကျွန်တော် ဈေးအများကြီး မတောင်းထားဘူး"





"ခင်ဗျား ဈေးအများကြီး မတောင်းထားလို့ပဲဗျာ၊ နည်းနည်းလျှော့လျှော့ပါဦး"

"မလျှော့ခိုင်းပါနဲ့ အစ်ကိုရယ် ဒီလမ်းနဲ့ဒီလမ်း အရမ်းကို ဈေးသက်သာပါတယ်၊ အစ်ကို့ပုံစံကြည့်ရတာ ရန်ကုန်က မဟုတ်ဘူးထင်တယ်"

အထင်သေးသော အကြည့်ဖြင့်ကြည့်ပြီး ခပ်နှိမ်နှိမ်မေးလိုက်သောကြောင့် ကျွန်တော့်စိတ်ထဲ ဘုသွားသည်။

"ကျုပ်ကို ရန်ကုန်ကမဟုတ်ဘူးလို့ ခင်ဗျားက ဘာကိုကြည့်ပြောတာလဲ"

ကျွန်တော် ငေါက်ဆတ်ဆတ်ပြန်မေးတော့ ကားသမား မချိမချဉ်ဖြင့်ရယ်ရင်း ကွမ်းတံတွေးကို ပစ်ခနဲ ထွေးလိုက်သည်။ ပြီးတော့ ကျွန်တော့်ပုံစံကိုကြည့်ပြီး ခပ်လှောင်လှောင် ရယ်လိုက်သေးသည်။

"ဈေးဆစ်နေလို့လေ. . ၊ ဒီလမ်းနဲ့ဒီလမ်း ဒီလောက်တန်တယ်ဆိုတာ ရန်ကုန်တစ်မြို့လုံး ကားငှားစီးဖူးတဲ့သူတွေ သိတယ်"

ချည်ပြီးတုပ်ပြီး အနှံခံလိုက်ရသဖြင့် ကျွန်တော် ဘာဆက်ပြောရမှန်းမသိအောင် နင်သွားရသည်။ ကိုယ်ကလည်း တောသားလို့ပြောခံရမှာ သေမလောက်ကြောက်သူ၊ အမှန်တကယ် ကျွန်တော်တောသားပါ။ ဒါပေမယ့် တောသားလို့ အပြောခံရတာဟာ ကျွန်တော့်ဘုပ်ကို ခွစီးပြီး ကျွန်တော့်ဆံပင်မွေးတွေ တစ်မွေးမှမကျန်အောင် ဆွဲဆောင့်ခံလိုက်ရသလို အတော်လေးကို ခံရခက်တာတော့ အမှန်ပင်။

ထို့ကြောင့် ကျွန်တော့်ကို တောသားလို့ ဆက်ထင်မှာစိုး၍ ဆူးထပ်ဆစ်မနေတော့ဘဲ သူတောင်းသလောက်ဈေးကို ခေါင်းညိတ်ဖြင့် ပေးလိုက်ရ၏။ ရောမရောက် ရောမလိုကျင့် ဆိုသလို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ပင်လယ်သားကလည်း ရန်ကုန်ရောက်ပြီဆိုတော့ ရန်ကုန်အထာပေါ့။

"အင်း . . ကောင်းပြီဒေလေ၊ ခင်ဗျားကို သနားလို့ ထပ်ဆစ်မနေတော့ပါဘူး၊ ရန်ကုန်သားတွေ စျေးဆစ်တတ်တာကိုတော့ ခင်ဗျားမမေ့နဲ့ပေါ့ဗျာ"

စကားထဲမှာပင် . . ကျုပ် တောသားမဟုတ်ဘူးဟု ထင်သာအောင် သွယ်ဝိုက်ပြီး ပြောလိုက်၏။

ကားသမားကတော့ သူ ကြိုက်စျေးရသွားသဖြင့် တော်တော်လေးကို သဘောကျသွားကာ နောက်ခန်းတံခါးကို တရိုတသေ ဖွင့်ပေး၏။

ကျွန်တော် အထုပ်အပိုးတွေ အရင်ထည့်ပြီး ကားထဲဝင်ထိုင်လိုက်သည်။ ကားတီး စလှိမ့်လိုက်သည်နှင့် ကားသမား၏ နှာခေါင်းမှာ ကြောင်တွေလို ရှုံ့ပွရှုံ့ပွဖြင့် ကျွန်တော့်အမေ ထည့်ပေးလိုက်သော ငါးခြောက်နံ့နှင့် မိတ်ဆက်နေ၏။

ကျွန်တော် တမင်ပင် မသိချင်ဟန်ဆောင်ပြီး လမ်းမဘက်ကို ငေးပြီး လိုက်လာလိုက်သည်။

ရုတ်တရက် သီချင်းတီးလုံးသံ ထွက်ပေါ်လာသဖြင့် ကျွန်တော်စိတ်ထဲ ကားသမားကက်ဆက်ဖွင့်သည်ဟုထင်ပြီး အပျင်းတော့ ပြေရန်ကောဟု တွေးကာ . . သီချင်းဖြင့် ဇိမ်ယူပြီး လိုက်မယ်ဟု တွေးလိုက်သည်။

သီချင်းသံက မြူးကြွသဖြင့် လက်ချောင်းတွေက မြူးဇစ်နှင့်အတူလိုက်ပြီး စည်းချက်ပင် လိုက်နေ၏။

သို့သော် တီးလုံးကဆက်ပြီး ထွက်မလာတော့ဘဲ ကားသမား





ထံမှ ချစ်လေးဟူသောအသံ ကြားလိုက်ရသည်။ ကျွန်တော် ထိုလူဘာများပြောမလဲဟု အသံကို ဆက်ပြီးနားစွင့်လိုက်သည်။

"ချစ်လေး . . ရေလည်သတိရတယ်ကွာ"

အရေးထဲ ဂေါက်သီးနဲ့လာတွေ့နေတယ်ဟု တွေးပြီး မဲ့လိုက်သည်။

"ဩော် . . ချစ်လေးရယ် ကိုယ်အခု ဟိုတယ်မှာ အရိုးဆိုတဲ့ကောင်နဲ့ ဂွင်တစ်ခုချနေလို့ ချစ်ဆီကို ညကျမှပဲ လာနိုင်တော့မယ်"

ကျွန်တော် ကားသမားပြောနေသော စကားတွေကို နားမလည်ပါ။ လမ်းပေါ်မှာ အငှားကားမောင်းနေတဲ့သူက ဘယ်နှယ့်ကြောင့် ဟိုတယ်ကို ရောက်နေရတာလဲ . . နောက်ပြီး အရိုးဆိုတဲ့လူနဲ့တဲ့ . . .

အရိုးဆိုတာ ကျွန်တော့်ကိုများ ပြောတာလားဟု မဆီမဆိုင် တွေးလိုက်သေးသည်။

"ဩော် . . ချစ်လေးရယ် နားလည်ပေးပါကွာ၊ ဒီတစ်ခါ ဂွင်ကတကယ်ကြီးတယ် ဒီကောင့်မှာပါတဲ့ အထုပ်က နည်းနည်းများတယ် သူ့မှာပါသမျှ အထုပ်ကို ဖြုတ်နိုင်မှ ချစ်နဲ့ကိုယ်အဆင်ပြေမှာ . . "

ကျွန်တော့်အကြည့်တွေက ကျွန်တော့်အထုပ်အပိုးတွေဆီ စိတ်ချေသလို ရောက်သွားသည်။

"အဟုတ် . . ဒီကောင်က တောသားပါကွာ၊ ပုံစံကြည့်တာနဲ့ သိပါတယ်၊ မအူမလည်နဲ့ မြို့တက်လာတဲ့ ကောင်ပါ၊ သူ့တစ်ယောက်လောက်က ကိုယ်ဘယ်လိုကိုင်ကိုင် အသာလေးပါကွာ"

ကျွန်တော် ထိုလူပြောနေတာကို ကြားပြီး . . အနုကြမ်းစီးခံရတော့မည်ဟူသော အသိစိတ်က အာရုံထဲကို စိုးထိတ်စွာဖြင့် တွားသွားသတ္တဝါတစ်ကောင်လို ခပ်ဖြည်းဖြည်း တိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မကသေး ဒီလူပုံစံက ဝေါက်နေသည့်ပုံ။ ကျွန်တော့်အထုပ်တွေကို လုဖို့အတွက် ခုလို တစ်ယောက်တည်း စကားတွေ ပြောနေစရာလား။ . ဒီလူဟာ စိတ္တဇ လူသတ်သမားများလား. . .။

ရန်ကုန်ရောက်ရောက်ချင်း ကိုယ့်မှာပါသမျှပစ္စည်း အလုခံရတော့မည်လားဟု စိုးရိမ်တကြီး တွေးပြီး ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်လိုက်သည်။

"ဟေ့လူ. . ကားရပ် ခုကားရပ်"

ထိုလူ ကျွန်တော့်စကားကို ကြားပုံမပေါ် ပြောမြဲတိုင်း ဆက်ပြောနေ၏။

"စိတ်ချပါ ချစ်ရဲ့ သူ့ဆီကပါလာတဲ့ အထုပ်ကို ခပ်သာသာလေး ယူလိုက်ရုံပါ. . ဟားဟားဟား"

အထုပ်ကို ခပ်သာသာလေး ယူဦးမည့်အပြင် ကျွန်တော့်ကို တောသားဆိုတာကိုလည်း အသေအချာ သိနေသော ထိုလူ့ရဲ့ကားကို ဆက်မစီးရဲတော့။ ရပ်ဆိုလည်း မရပ်. . ဒါဆို သေချာနေပါပြီ. . ကျွန်တော့်ကို လုပြတ်တဲ့နေရာ ခေါ်သွားပြီး အပြုတ်ဖြုတ်တော့မည်ဆိုတာ။

ဒီတော့. . ကျွန်တော် ခေါင်းကို ကားပြတင်းပေါက်သို့ ပြူထွက်လိုက်ပြီး. . .

"ကယ်ကြပါဦးဗျို့. . ဒီမှာ ကျွန်တော့်ကို အနုကြမ်းစီးနေပါတယ်ဗျို့"

ကျွန်တော် ကြံရာမရ၍ လမ်းသွားလမ်းလာ လူများထံ ငယ်သံငယ်ရင်းပါအောင် အသံကုန်ဟစ်ပြီး အကူအညီတောင်းလိုက်သည်။

"ဟေ့လူ. . ဟေ့လူ. . ဘာတွေအော်နေတာလဲ၊ ကားထဲပြန်ဝင်စမ်း ခေါင်းပြတ်သွားမယ်"

"ဟမ်. . ခေါင်း. . ခေါင်းပါပြုတ်မယ်၊ အောင်မလေး. . ကျွန်တော့် ခေါင်းကိုပါ ဖြုတ်ပါတော့မယ်. . ကယ်ကြပါဦး"

တခြားကားပေါ်မှလူတွေရော လမ်းပေါ်မှလူတွေရော. . ကျွန်တော့်ကို အားလုံးဝိုင်းကြည့်ကုန်ကြ၏။

"ဟာ. . ဒီလူရူးနေပြီလား မသိဘူး၊ ဘာတွေလျှောက်အော်နေတာလဲ. . ခင်ဗျားခေါင်းကို တခြားကား ဝင်တိုက်သွားမှာစိုးလို့ သတိပေးနေတာဗျ"

"ဘာပဲဖြစ်ဖြစ်. . ခင်ဗျား ကျုပ်မှာပါတဲ့ပစ္စည်းတွေကို လုတော့မယ် မဟုတ်လား၊ နောက်ပြီးတစ်ယောက်တည်းလည်း စကားတွေ ပြောနေသေးတယ်. . ခင်ဗျားက အရူးတစ်ယောက်. . "

ကျွန်တော့်စကားကြောင့် ထိုလူကားမောင်းရင်း သူ့နဖူးကိုသူ ပုတ်ခနဲရိုက်ကာ. . .

"ဟာ. . ဘယ်ကလာ တစ်ယောက်တည်း စကားပြောရမှာလဲ၊ ကျုပ်ကောင်မလေးနဲ့ ဖုန်းပြောနေတာဗျ"

ကျွန်တော့်ကိုထပ်ပြီး ညာနေသော ထိုလူ့ကို ပို၍သံသယဖြစ်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး. . .

"ဒီမှာ ကျုပ်ကို တောသားဆိုပြီး လာမဘတ်နဲ့. . ခင်ဗျားမှာ ဖုန်းမကိုင်ထားဘဲ ဘယ်ကဖုန်းနဲ့ ပြောနေတာလဲ. . ဟွန်း. . ကလိန်ကကျစ်နဲ့ ခါးပြကောင်"

"ဘာ. . ခင်ဗျားနော်. . စကားကို ဆင်ခြင်ပြော၊ ကျုပ်က ခင်ဗျားဆီမှာ ခါးပြတိုက်ရလောက်အောင် ဘာများ တန်ဖိုးရှိတာပါလို့လဲ ဟွန်း. . ကျုပ်ဟာကျုပ် ဘလူးတုနဲ့ ပြောနေတာ. . ကျုပ် ဖုန်းကိုင်ပြောနေအောင် ကျုပ်လက်က အားလို့လား. . ကားမောင်းနေတာ မတွေ့ဘူး







www.burmeseclassic.com

www.burmeseclassic.com



လား. . "

ဘီလူးတုဆို၍ ကျွန်တော်ပို၍ပင် ချောက်ချားသွားကာ ခေါင်းမှဆံပင်မွေးတွေ ထောင်ထသွားရအောင်ပင် လူက ကြက်သီးတဖြန်းဖြန်း ထသွားသည်။ ကျွန်တော်က ငယ်ငယ်ကတည်းက သရဲတို့ ဘီလူးတို့ဆိုရင် ကြောက်သည်။

ထိုကြောက်စိတ်က ကြီးသည့်အထိကို မပျောက်နိုင်။




"ဟင်. . ဒါ. . ဒါကြောင့် ဒီဘီလူးအစွမ်းကြောင့် ကျုပ်နံမည်တိုသိပြီး ကျုပ်ကို အရိုးလို့ခေါ်တာကိုး. . ခုရပ် ခင်ဗျားကားပေါ်မှာ ဘီလူးပါတယ် ကျုပ်ဆက်မစီးရဲတော့ဘူး၊ ဘုရား. . ဘုရား. . ရန်ကုန်မြို့ကြီးပေါ်မှာ ကားပေါ်ဘီလူးတင်ပြီး ကားဆွဲစားရတယ်လို့"





ကျွန်တော့်စကားကြောင့် ထိုလူခွက်ထိုးခွက်လှန်နဲ့ အကျယ်ကြီး အော်ရယ်ပြီး လူကိုအထင်သေးစွာကြည့်၏။

"ဟေ့လူ. . ဘာကြည့်ပြီး ရယ်နေတာလဲ၊ ကားကို ခုရပ်ဆိုရပ်လိုက် ကျုပ်ထပ်အော်လိုက်မှာနော် "

"ရယ်မှာပေါ့. . ဟား. . ဟား. . ခင်ဗျား ခုမှ ရွာသားဆိုတာပိုပြီး ကျိန်းသေတော့တယ်၊ ဟော့ဒီမှာကြည့် ကျုပ်အင်္ကျီအိတ်ထဲမှာ ဖုန်းထည့်ထားတယ် လက်ကကိုင်မပြောအားလို့ ဟောဒီလို နားကျပ်နဲ့ နားထောင်ပြီး ဖုန်းပြောတာ၊ ဒါကို ဘီလူးတုလို့ ခေါ်တယ်. . စောစောက ကျုပ်ကောင်မလေးကို လေလုံးတွေထွားနေတဲ့ အရိုးဆိုတာ ကျုပ်သူငယ်ချင်း မိုးကုတ်ကကျောက်သူဌေး အရိုးကိုပြောတာ. . ခင်ဗျားနာမည်ဘယ်သူလဲ ကျုပ်မသိဘူး စိတ်လည်းမဝင်စားဘူး"

ကျွန်တော့် နှုံချက်ကတော့ ကမ်းကုန်အောင်ကို ကျွန်တော့်ကို အရှက်ရစေပြန်ပါ၏။

ရှက်လွန်းလို့ ကျွန်တော့်မျက်နှာ ဘယ်နေရာထားရမှန်းပင်မသိတော့။ ရန်ကုန်မြို့ကြီးရဲ့ ဆက်သွယ်ရေးကွန်ယက်စနစ်တွေ ဒီလောက်တိုးတက်နေမှန်း. . ကျွန်တော်မသိတာဟာ ကျွန်တော့်ရဲ့ ညံ့ဖျင်းမှုနဲ့ ဗဟုသုတနည်းခြင်းတို့ကြောင့်သာဖြစ်သည်။

"ကဲ. . ကိုယ့်လူ ခင်ဗျားပဲ ကံဆိုးတာလား၊ ကျုပ်ပဲ ကံကောင်းတာလားမသိဘူး၊ ကားကတော့ ဆီပြတ်သွားပြီ၊ ကျုပ် ဓါတ်ဆီဆိုင်မှာ ဆီသွားထည့်ရတော့မယ်၊ ဒါကြောင့်. . ခင်ဗျားသွားချင်တဲ့ရပ်ကွက်ကို ဟောဟိုမှာ မြင်နေရတဲ့လမ်းကနေ ဆင်းသွားတော့. . အဲဒါ ခင်ဗျားပြောတဲ့ ဘဝမြင့် ရပ်ကွက်ပဲ"

"ဟမ်. . ရောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီ ရန်ကုန်မြို့ကလမ်းတွေ ကောင်းသွားတော့ ကားတွေလည်း ဂျက်လေယာဉ်လိုအမြန်နှုန်း မောင်းလို့ရနေပြီ. . . ခင်ဗျား မသိရင်မှတ်ထား၊ ကဲ. . မြန်မြန်ဆင်းပါ. . ခပ်သွက်သွက်လေးဆင်း။ ရှေ့မှာ ယဉ်ထိန်းရဲတွေ. . ဒီနေရာက ကားမရပ်ရနေရာ၊ ခင်ဗျား လမ်းအဝေးကြီး လျှောက်နေရမှာစိုးလို့ ဒီနားမှာချပေးတာ. . မြန်မြန်ဆင်း။ သူတို့တွေ့သွားရင် ခင်ဗျားကို ဖမ်းလိမ့်မယ်"

"ဟမ်. . ဟုတ်လား. . ဆင်း. . ဆင်းပါပြီဗျာ"

ကျွန်တော် ယဉ်ထိန်းရဲဖမ်းလျှင် ဒဏ်ငွေဆောင်ရမည် ဆိုတာလောက်တော့ သိပါသည်။ ထို့ကြောင့် ကျွန်တော် ကားပေါ်မှ အထုပ်တွေဆွဲချပြီး ကပျာကယာ ဆင်းလိုက်သည်။

ကျွန်တော် ကားပေါ်ကဆင်းသည်နှင့် ထိုကားသမားမှာ အရှိန်ကိုမြှင့်၍ ဝူးခနဲ မောင်းထွက်သွားသည်။

ခုမှပင် ကျွန်တော့်ရင်ထဲမှအလုံးကြီး ကျသွားတော့၏။ ဘဝမြင့်ရပ်ကွက်ကို ရောက်မှတော့ ကျွန်တော် ဘာကိုမှ စိုးရိမ်စရာမလိုတော့။ ဒီရပ်ကွက်မှာ ကျွန်တော့်အစ်ကိုကို မသိတဲ့သူဆိုတာ ရှိမည်မဟုတ်၊ ဘယ်သူ့မေးမေး သိကိုသိရမည်။

ကျွန်တော် စိတ်မောလူမောဖြင့် ဟင်းခနဲ သက်ပြင်းချလိုက်ပြီး ဝေ့ခနဲ ဖြတ်တိုက်လာသော လေထုအသစ်ကို တစ်ဝကြီး ရှူလိုက်သည်။

ရန်ကုန်လေပြည်က ကျွန်တော်တို့ ပင်လယ်ကမ်းစပ်ကလေလောက် သန့်ပြန့်ပါ့မလား။





# အခန်း(၄)

"ဒီမှာ. . . အန်ကယ်လ်၊ ဘဝမြင့်ရပ်ကွက်က လူသစ်ကို သိလားခင်ဗျာ"

"ဟမ်. . လူသစ် ဟုတ်လား၊ ဘယ်တုန်းက ပြောင်းလာတာလဲ"

"မနေ့ကထင်တယ်၊ အား. . ဦးလေး မဟုတ်ဘူးလေ၊ လူသစ်ဆိုတာ ကျွန်တော့်အစ်ကိုကိုပြောတာ"

"အေးလေ. . ငါကရော မင်းအစ်ကို လူသစ်ကို လူဟောင်းလို့ပြောနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မအူမလည်. . ထိုလူကြီးက ဂွတီးဂွကျနှင့်တွေ့တော့ စကားက လိုရင်းကို မရောက်။

"လူသစ်ဆိုတာ နာမည်ကို ပြောတာပါခင်ဗျာ"

"ဩော်. . အဲလို ရှင်းရှင်းပြောပါလား၊ နို့ နေပါဦး. . ဘာ ရပ်ကွက် ပြန်ပြောပါဦး"

"ဘဝမြင့်ရပ်ကွက်"

"ဟာ. . ဒါ ဘဝမြင့်ရပ်ကွက်မှ မဟုတ်တာ၊ ဗိုလ်စိန်မှန် ရပ်ကွက်ကွ. . မင်း နေရာမှားလာပြီ"

"မမှားဘူး ဦးလေးရဲ့. . ကျွန်တော့်ကို ကားသမားက ဒါ ဘဝမြင့်ရပ်ကွက်ဆိုပြီး ချပေးခဲ့တာ၊ ဟောဟိုလမ်းအတိုင်း ဆင်းသွားရင် မြင်နေရတဲ့ရပ်ကွက်က ဘဝမြင့်ရပ်ကွက်လို့ ပြောတယ်"

"မင်းတော့ လူပါး ပုလင်းကွဲ ရှပြီကွာ၊ ဒါ မင်းပြောတဲ့ ဘဝမြင့်ရပ်ကွက် မဟုတ်ဘူး. . ဗိုလ်စိန်မှန်ရပ်ကွက်၊ တာမွေမြို့နယ်ထဲမှာရှိတာ. . မင်းပြောတဲ့ရပ်ကွက်က သင်္ဃန်းကျွန်းမြို့နယ်ထဲမှာရှိတာ"

"ဟာ. . ဟုတ်ပ့ါမလားဗျာ"

"မင်း ငါ့ကို လိပ်စာ အသေအချာပြော. .၊ မင်းပုံစံကြည့်ရတာ ရန်ကုန်သားမဟုတ်ဘူး ထင်ပါရဲ့"

ကျွန်တော် အောင့်သက်သက်ဖြစ်သွားသည်။ ခြေဆုံးခေါင်းဆုံး ကြည့်ပြီး အကဲခတ်၍. . . ပြောနေသော ကျွန်တော့်ကို လိပ်စာ အတိအကျ မေး၏။

ကျွန်တော်ကလည်း ဘဝမြင့်ရပ်ကွက်ဆိုတာပဲ မှတ်မိ၍ အိမ်နံပါတ်၊ မြို့နယ်အမည် မမှတ်ထား။ ထို့ကြောင့် အဖေရေးပေးလိုက်သောလိပ်စာကို အဝတ်ထုပ်ထဲမှထုတ်ပေးရန် ဘေးရှိ အထုပ်အပိုးတွေ





ဆီ ကိုယ်ကိုကိုင်းလိုက်သည်။

"ဟင်. . အ. . အထုပ်"

"ဘာအထုပ်လဲ"

"ကျွန်တော့်အဝတ်ထုပ် ပါသွားပြီ၊ အဲ. . အဲဒီအထဲမှာ လိပ်စာကဒ်တွေ ပိုက်ဆံအိတ်တွေ ပါတယ်ဗျ၊ ဟာ. . သွားပါပြီ၊ ပါသွားပါပြီဗျာ. . ကုန်ပါပြီ၊ အဖေနဲ့အမေ ထည့်ပေးလိုက်တဲ့ ပိုက်ဆံလေး သုံးသောင်းကျော်တော့ ပါသွားပါပြီ"

ကျွန်တော် ပလက်ဖောင်းဘေးမှာ ငုတ်တုတ်ထိုင်ချပြီး ငိုသံပါကြီးဖြင့် အော်ဟစ်ငြီးတွားလိုက်သည်။

ကားဂိတ်နားက ကွမ်းယာဆိုင်ကုလားနှင့် ဖရဲသီးစိတ်ရောင်းနေသောကောင်မလေး ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ဘာတွေပြောပြီး ရယ်နေကြလဲ မသိ။

ခုချိန်မှာ ကျွန်တော်သိတာက. . ပလက်ဖောင်းပေါ်မှာ ခြေထောက်နှစ်ချောင်း လိမ်ပွတ်ပြီး မြခနဲ အော်ငိုလိုက်ချင်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

ကျွန်တော်နှင့်အတူ နံနံစော်စော် ငါးခြောက်ထုပ်နှင့် စာအုပ်ပုံးလေးသာ မျက်နှာငယ်စွာဖြင့် ပါလာ၏။

ဘဝမြင့်ရပ်ကွက်ကို လမ်းတစ်လျှောက်တွေ့သည့်လူတွေကို မေးလာလိုက်သည်။ တချို့က စူပါဝမ်းကုန်တိုက်ကြီးရှေ့ကနေ တည့်တည့်လျှောက်သွားလျှင် သက်န်းကျွန်း ဘဝမြင့်ကို ရောက်မည်ဟု ပြော၏။ တချို့က မှတ်တိုင်ကနေ (၃၉)စီးသွား ဘဝမြင့်မှတ်တိုင်ရောက်လျှင် ဆင်းလိုက်ဟု ပြောကြသည်။

သို့သော် ကျွန်တော် မယုံရဲတော့၊ ကားစီးသွားလို့ တခြားနေ





ရာတွေ ထပ်ပါသွားလျှင် အခက်၊ ဒါ့အပြင် ဆိုးတာတစ်ခုက ကျွန်တော့်မှာ ကားခ ပိုက်ဆံတစ်ပြားမှ မရှိခြင်းဘဲ ဖြစ်သည်။

ရန်ကုန်မြေသည် ကျွန်တော့်အား အရုပ်ဆိုးအကျည်းတန်စွာ ကြိုဆိုလိုက်သဖြင့် ဖြေရှင်းရန်ခက်သည့် ကြီးမားသောအခက်အခဲနှင့် ကြုံစေ၏။

ရှုံးစမိုးအပြည့်ဝတ်ထားသည့် တောမကျမြို့မကျ ကျွန်တော့်ပုံစံကို တချို့လူတွေ ကွက်ကြည့်ကွက်ကြည့်ဖြင့် ကြည့်သွားကြ၏။

လက်ထဲမှ ငါးခြောက်ထုပ်နှင့် စာအုပ်ပုံးကလည်း ကျွန်တော့်ကို အတော် ဖရိုဖရဲဖြစ်စေ၏။ ဒီကြားထဲ နေကာမျက်မှန်က မချွတ်အားသေး၊ စီးထားသည့် ရှူးဖိနပ်ကြောင့် ခြေထောက်တွေပေါက်ကာ ကျိန်းစပ်နာကျင်နေသဖြင့် လမ်းလျှောက်တာပင် ပုံပန်းမကျစွာဖြင့် ထော့နင်းထော့နင်း ဖြစ်နေ၏။

အရေးထဲ ကျွန်တော့်ဗိုက်က ဆာလာပြန်၏။ တဂွီဂွီတဂွမ်ဂွမ်ဖြင့် အချက်ပြနေသည်။ ဝယ်စားစရာ ပိုက်ဆံကလည်း ခါလီဖြစ်နေပြီ။

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့် ကားလမ်းနံဘေးတွင်ပင် အထုပ်နှစ်ထုပ် ဘေးချပြီး ငိုင်နေလိုက်၏။

ရုတ်တရက် ကျွန်တော့်ပခုံးကို လာပုတ်သော အထိအတွေ့နှင့် အရိပ်ကြောင့် ကျွန်တော် ဘေးကိုမော့ကြည့်လိုက်သည်။

ကျွန်တော်နှင့်ရွယ်တူ လူတစ်ယောက်. . ပုံစံက ဖရိုဖရဲပုံစံ။

"ဘာလဲ. ."

"မင်း ငါ့မျက်မှန်ကို ဘယ်ကုန်းက ခိုးထားတာလဲ ပြန်ပေးစမ်း"

လက်ဝါးဖြန့်ပြီး လက်ချောင်းတွေကို ကွေးချည်ဆန့်ချည်လုပ်၍ တောင်းနေသော ထိုလူကိုကြည့်ပြီး စိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူက ညစ်နေရတဲ့ကြားထဲ အိုးစွတ်မစား၊ ခွက်စွတ်မစား. . သူ့ကိုတောင် တစ်ခါမှ မမြင်ဖူးတာ. . သူ့မျက်မှန်ကိုရော ယူစရာလား။

"ဟေ့လူ. . ဟေ့လူ. . ခင်ဗျားစကားကို ကြည့်ပြောနော်. . ဒါ ကျုပ်မျက်မှန်ဗျ"

"ဒီမှာ. . အဲ့ဒါ ငါ့မျက်မှန်ပါကွာ၊ မင်း ခု ချွတ်လိုက်စမ်းပါ"

"ကျွတ်. . ဒီလူ တကယ်ပြောရခက်ပါလားကွာ"

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့် စုတ်သတ်လိုက်ပြီး ခေါင်းတွေကုတ်လိုက်သည်။

"မခက်ပါဘူး၊ ငါ့မျက်မှန်ကို ငါ စောစောတုန်းက တပ်ထားတယ်. . . အခု မရှိတော့ဘူးကွ၊ အဲဒီမျက်မှန်ကို မင်းခိုးသွားတာ သေချာတယ်၊ ငါ့မျက်မှန်က ဟော်လန်မိတ်ကွ. . ရှင်းလား"

ဂနာမငြိမ်သော ထိုလူ့မျက်လုံးတွေကိုကြည့်ပြီး လူကောင်းတစ်ယောက်ပုံတော့ မဟုတ်လောက်ဘူးဟု သဘောပေါက်လိုက်သည်။

ကျွန်တော့်အကြည့်တွေက ထိုလူဝတ်ထားသော ခပ်နွမ်းနွမ်းကုတ်အကျီအိတ်ဆီသို့ အကြည့်ရောက်သွားသည်။ မျက်မှန်က ထို အိတ်ထဲတွင် ရှိနေသည်။

ကျွန်တော် ထိုလူ့ကိုကြည့်လိုက် မျက်မှန်ကိုကြည့်လိုက်နှင့် ကျွန်တော်ကိုယ်တိုင်ပင် ထိုလူနှင့်အတူ ရူးလိုက်ချင်မိသည်။ ခုချိန်မှာ သူရူးနေတာကိုပင် အားကျနေမိသလိုလို. . .

"ဟားဟား. . ဟားဟား. . မင်းဟာ ရုပ်ကလေး သနားကမား နဲ့ ငါ့ဆီက မျက်မှန်ကို ခိုးပြီး ဝတ်ထားတယ်၊ ပြီးတော့ ပြောင်လိမ်တယ်၊ မင်း. . သူခိုး. . ဂျပိုး. . မြွေထိုး. . ဟိုး. . ဟိုး. ဟိုး"

ထိုအရူး ကျွန်တော့်ကို မြိန်ရေရှက်ရေ စွပ်စွဲနေသည်မှာ ကျွန်





တော့်မျက်နှာကို တံတွေးပင် ကွက်ကျားမိုးရိုက်သွားသည်။ ကျွန်တော်စင်သွားသော တံတွေးတွေကို လက်ဖမိုးဖြင့်သုတ်ရင်း ငိုချင်စိတ် အတော်လေးပေါက်သွားမိသည်။

ရန်ကုန်မြေပေါ် ခြေချလိုက်တာနှင့် ကျွန်တော့်ဆီဝင်လာသော ပြဿနာတွေက အရောင်ကို စုံလင်နေသည်။

ကျွန်တော်ဟာ တောသားလည်း ဖြစ်ခဲ့၏။ ကေနန်းတစ်ယောက်ဟုလည်း အစွပ်စွဲ ခံခဲ့ရ၏။ ခုလည်း သူခိုးဂျပိုးဟု စွပ်စွဲခံရပြန်သည်။

ရွာကပါလာသည့် ရိုးသားသော ဂုဏ်သိက္ခာလေးတွေပင် ရန်ကုန်ကလူတွေ၏ ပြင်းထန်သော စွပ်စွဲချက်တွေကြောင့် ရွာကိုလန့်ပြီးတောင် ပြန်ပြေးသွားပြီလား မသိတော့။

"ဒီမှာ. . ဒီမှာ. . ကျုပ်. . သူခိုးဂျပိုး မဟုတ်ဘူး၊ မြွေထိုးလည်း မဟုတ်ဘူးဗျ၊ ခင်ဗျား မျက်မှန်ကိုလည်း ကျုပ်မယူဘူးလို့ ပြောနေတယ်နော်၊ ဟွန်း. . ဟွန်း. . ဒေါသတွေ ပေါက်ကွဲထွက်တော့မယ်၊ မနည်းစိတ်ထိန်းနေရတယ်"

ကျွန်တော် ဒေါသသံဖြင့် ခပ်ကျိတ်ကျိတ်ပြောပြီး ထိုအရူးအိတ်ကပ်ထဲမှ သူ့မျက်မှန်ကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။ မျက်မှန်က ဘိုင်းတစ်ဖက်ပင် ပြုတ်နေသည့် အစုတ်ကြီး။

"ရော့. . ဒါမှ ခင်ဗျား မျက်မှန်အစစ်"

"မဟုတ်ဘူး. . အဲ့ဒါ ငါ့မျက်မှန် မဟုတ်ဘူး၊ မင်းမျက်မှန်ဘိုင်းကျိုးကြီး. . ငါ့ကို ကလေးဆိုပြီး လာမညာပ်ချနဲ့ ငါ့မျက်မှန်ကအကောင်း၊ ဟီး. . ဟီး. . ဟီး. . ငါ့မျက်မှန်ကို ခုပြန်ပေး"

အရူးမှာ ကလေးတစ်ယောက်လို ခြေစောင့်ပြီး ငို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ. . ဟော့လူ၊ ခင်ဗျား စိတ်မနှံ့တဲ့သူဆီက ဘာတွေသွားယူနေတာလဲ. . ပြန်ပေးလိုက်ပါဗျာ"

ကြားထဲမှလူတစ်ယောက် မဆီမဆိုင်ဝင်၍ ထွေးခါးနာပြ၏။ ကျွန်တော့်ဒေါသတွေ အရှူးအပေါ် ပုံချ၍ မရသဖြင့် ထိုလူ့အပေါ် ပုံကျသွားသည်။

"ဟော့လူ. . ခင်ဗျားမသိပဲ ဝင်မပြောနဲ့၊ ကျုပ်က အရူးတစ်ယောက်ဆီက မျက်မှန်ကို ဘာကြောင့်လုရမှာလဲ၊ ကျုပ်မျက်မှန် ကျုပ်တပ်ထားတာ. . လူက ညစ်နေတာနော်. . ကိုယ့်လမ်းကိုယ် ပါးစပ်ပိတ်ပြီးသွား၊ နို့မို့ဆို ခင်ဗျားရဲ့လ်တွေ အကုန်ကျွတ်ထွက်သွားအောင် လုပ်ထည့်လိုက်မယ်၊ ကျိုက္ခမီသား ဘာမှတ်လဲ သူများမဟုတ်ဘူး"

"ကျုပ်ကလည်း ဘဝမြင့်သားဗျ၊ ကျုပ်လက်သီးက အုန်းသီးအလုံးတစ်ရာလောက်တောင် အသာလေးပဲ ထိုးခွဲနိုင်တယ် ဘာမှတ်လဲ၊ ခင်ဗျားလို ပေါင်ခြောင်ရုပ်လောက်က ငါးဖောင်ရိုးခြောက် ပါးဟက်ဆွဲနှုတ်သလောက်ပဲရှိတယ်"

ထိုလူပြောသည့်အထဲမှာ ဘဝမြင့်ကဟူ၍ ကျွန်တော် နောက်ဆက်တွဲ စကားတွေကိုပင် နားမဝင်တော့။

"ဟေး. . ဟုတ်ပြီ ချကွ၊ ရွှေခုံဝံနဲ့ ဝမ်ချိုင်း တစ်ချီတစ်မောင်းအကဲစမ်း၍ ပဝါမကူ ရေမရှူကြေးနော်၊ နှောင်ပေ့. . နှောင်ပေ့. . နှောင်. . တောင်. . တောင်"

ထိုအရူး လက်မောင်းနှစ်ဖက်ကို လက်ခမောင်းခတ်ပြီး ငိုနေရာမှထပြီး သဘောတကျဖြင့် အော်ရယ်နေ၏။ ပါးစပ်မှလည်း လက်ဝှေ့ဒိုင်လူကြီးလို ပြောလိုက်သေး၏။

ကျွန်တော် ဒါကိုလည်း စိတ်မဝင်စား။





"ဒီမှာ. . ခင်ဗျားက ဘဝမြင့်သား ဟုတ်လား၊ ဘဝမြင့်ဆိုတာ လူနာမည်လား ရပ်ကွက်နာမည်လား"

"ခင်ဗျားလာနောက်နေတာလား. . ဘဝမြင့်ဆိုမှတော့ လူနာမည် ဟုတ်တော့မလား. . ရပ်ကွက်နာမည်ပေါ့"

ကျွန်တော်ထခုန်မိမတတ်ကို ဝမ်းသာသွားသည်။

"ဟာ. . ဒါဆို. . အ. . အတော်ပဲဗျာ၊ ကျွန်တော် အဲဒီနေရာကို သွားချင်နေတာဗျ၊ ဟိုလေ. . ဒီ. . ဒီမျက်မှန်က ကျွန်တော့်မျက်မှန်ဒါပေမဲ့. . သူ့. . သူ့ကို ပေးမယ်ဗျာ. . ခင်ဗျားကျေနပ်လား. . အဲကျွန်တော့်ကိုတော့ ဘဝမြင့်ရပ်ကွက် ဘယ်မှာရှိတယ်ဆိုတာ လမ်းညွှန်ပေးပါ၊ ကျွန်တော် အဲဒီရပ်ကွက်ကိုရောက်မှ ဖြစ်မှာမို့ပါ "

"ခင်ဗျားက ရန်ကုန်သား မဟုတ်ဘူးလား "

လာပြန်ပြီတစ်ယောက် ရန်ကုန်သားမဟုတ်ဘူးလား ဆိုမှတော့ တောသားလားလို့ မေးလိုက်တာနဲ့ အတူတူဖြစ်သွားပြီပေါ့။ သို့သော် ကျွန်တော် ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်ကာ ကျွန်တော်တောသားဖြစ်ကြောင်း ဝန်ခံလိုက်သည်။

"ကျွန်တော် ရန်ကုန်ကို ခုမှရောက်ဖူးတာပါဗျာ. . လမ်းမှာကျွန်တော့်အဝတ်အိတ် ကားပေါ်ပါသွားတာနဲ့ ကားစီးစရာ ပိုက်ဆံတောင် တစ်ပြားမှ မရှိတော့ပါဘူး၊ ဘယ်သွားလို့ဘယ်လာရမှန်းလည်း မသိဖြစ်နေလို့ပါ "

ကျွန်တော် ထိုလူ့ကို ဒူးထောက်မတတ် အောက်ကျို့လိုက်သည်။ ထိုလူ ကျွန်တော့်ကို ရှုတည်တည်ဖြင့် ကြည့်ပြီး. . .

"ဒါဆို. . သူနဲ့လိုက်သွား "

"ဗျာ. . "



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို သူနဲ့လိုက်သွားလို့ ပြောတာ"

"ဟာ . . မနောက်ပါနဲ့ဗျာ၊ ဒီ အရူးနဲ့ကျွန်တော်လိုက်သွားလို့ ဘယ်ဖြစ်မလဲဗျ"

"ကျွတ် . . ပြောလေ ဖုံးဝေးလေပါလား၊ ဒီအရူးကလည်း ဘဝမြင့်မှာနေတာ . . သူ့အဲဒီပြန်မှာ ခင်ဗျားလိုက်သွားလိုက်၊ ကျုပ်က ဘဝမြင့်မှာ နေတာမှန်တယ် . . ဒါပေမဲ့ အခု အင်းစိန်ကိုသွားရဦးမှာ မနက်ပြန်မှ ဘဝမြင့်ရပ်ကွက်ကို ပြန်လာရမှာ . . ဒါကြောင့် သူနဲ့လိုက်သွားလိုက်လို့ပြောတာ . . ရှင်းလား"

"ဪ . . ဒီလိုလား၊ ဟုတ်ကဲ့ . . ဒါဆို သူနဲ့ပဲလိုက်သွားလိုက်ပါမယ်"

"ပေးလိုက်လေ ခင်ဗျားမျက်မှန်"

ထိုလူ ကျွန်တော်လက်ထဲမှာ ကိုင်ထားသော မျက်မှန်ကို အရူးထံသို့ ပေးခိုင်းနေသဖြင့် ကျွန်တော်နှမြောသွားတာတော့ အမှန်ပင်။

သို့သော် . . ကိုယ့်စကားနှင့်အညီ မပေး၍မဖြစ်တော့ ။

"ရော့ . . ယူ . . ယူပါ၊ ပေးပါတယ် . . ပေးပါတယ်"

ကျွန်တော် အရူးလက်ထဲကို မျက်မှန်ထည့်ပေးလိုက်သည်။

"ကဲ . . ဂျွန်ဖြိုး မင်းပြန်ရင် သူ့ကိုခေါ်သွားလိုက်၊ သူက မင်းကို မျက်မှန်ပေးတဲ့အတွက် မင်းရန်သူမဟုတ်ဘူး မင်းမိတ်ဆွေ"

"အိုခေ . . အိုခေ . . ရက်စ် . . ရက်စ် . . စီးယူ . . ဟက်ပီး"

အရူး ဘိုလိုပြောနေသဖြင့် ဒုတိယအကြိမ် တံတွေးမိုးတွေ ဆွေပြန်၏။ သူ့လက်ဆွဲ၍ အတင်းနှုတ်ဆက်နေသဖြင့် မျက်နှာမှာ စင်သွားသော တံတွေးတွေကိုပင် လက်ဖြင့်မသုတ်အား။

အာပေတူး အရူးနောက်ကို ကျွန်တော်လိုက်သွားရမည့်အရေး





တွေးပြီး မျှော်လင့်ချက်တွေ အရောင်လက်ပြန်၏။

ဒီည လမ်းဘေးမှာအိပ်ရမည့်ကိန်းက လွတ်မည်ဟုတော့ ထင်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

"ဟော့. . ဂျွန်ဖြိုး၊ မင်းနဲ့ငါနဲ့ ဘော်ဒါတွေ ဖြစ်သွားပြီဆိုတော့ ဟိုလေ. . ငါ့အထုပ်ကိုကူပြီး မဆွဲပေးချင်ဘူးလားကွာ"

အရူးမှာ သူ့ကိုဂျွန်ဖြိုးဟု ခေါ်လိုက်သဖြင့် အတော်လေးသဘောခွေ့သွားပုံရသည်။ ပါးစပ်ကြီးကို နားရွက်တက်ချိတ်မတတ် ရယ်လိုက်ပြီး. . .

"ဟာ. . ဆွဲပေးရမှာပေါ့၊ ဟီးဟီး. . ဟီး. . လာ. . လာ. . အထုပ်ပေး"

ကျွန်တော်ဝမ်းသာအားရဖြင့် အထုပ်တစ်ထုပ် လှမ်းပေးလိုက်





သည်။ ဂျွန်ဖြိုး ကျွန်တော့်လက်ထဲမှ ကမ်းပေးလိုက်သော ငါးခြောက်ထုတ်ကို ဆွဲပြီး ရှေ့ကနေ ငေါ့တော့ငေါ့တော့ဖြင့် သွားနေ၏။

ကျွန်တော် အရူးနှင့်တွဲမသွားချင်၍ သူနှင့်ခပ်ခွာခွာလေး လိုက်၏။ တစ်နေရာအရောက်တွင် ကုလားမကြီး တစ်ယောက်ရောင်းနေသော အကြော်တဲတစ်ခုကိုတွေ့ရပြီး ဂျွန်ဖြိုးခပ်တည်တည်ဖြင့် ဝင်ထိုင်ပြီး ကျွန်တော့်ကိုလှမ်းခေါ်၏။ ဂျွန်ဖြိုးပုံစံက သူဝယ်ကျွေးမည့်ပုံစံမျိုး။

နဂိုကတည်းကမှ ဗိုက်ဆာနေတဲ့ကျွန်တော့်မှာ သူဟာအရူး တစ်ယောက်ဟုပင် စိတ်ကမေ့ချင်သလိုလို ဖြစ်သွားပြီး ဆာလောင်မှုကို အလိုလိုက်၍ ဂျွန်ဖြိုးခေါ်သော အကြော်ဆိုင်ထဲသို့ ဝင်ထိုင်လိုက်သည်။

"လာ. . ဘော်ဘော် ကြိုက်တာယူစား၊ စားချင်တာ အကုန်စား ရတယ်"

"ကန်လေး. . ဘာအကြော် စားမလဲ"

ကုလားမကြီး ဒယ်အိုးထဲမှ ကြော်ရှိနေသော အကြော်တွေကို ဆန်ခါဖြင့် ဆယ်ယည့်ပြီး ကျွန်တော်နှင့် ဂျွန်ဖြိုးထိုင်နေသော စားပွဲပု လေးဆီကိုကြည့်ကာ လှမ်းမေး၏။

"ဟာရေး အဒေါ်ကြီး အကြော်ကနော် အရမ်းကောင်းတယ်၊ ဂျွန်ဖြိုးနော် သိပ်ကြိုက်တယ်၊ ဟာရေး. . ဟေး. . ဟေး. . ဟေး"

ဂျွန်ဖြိုး ကုလားလေသံဖြင့် ခေါင်းလေးတစ်ခါခါ လှမ်းပြော လိုက်သည်။ ကုလားမကြီး အတော်လေးသဘောကျသွားပုံဖြင့် သူ့ နှာခေါင်းမှ သီးနေသော ချွေးတွေကို. . သူ့ကိုယ်မှ ဆီဝနေသော ဇာလီ အနားစဖြင့် ပွတ်သုတ်လိုက်သည်။

"ကန်းတယ်. . ကန်းတယ် ဒါဆို များများစားကြ"



www.burmeseclassic.com

www.burmeseclassic.com



ကုလားမကြီး ပန်းကန်တစ်ချပ်ထဲသို့ ဘူးသီးကြော် ကြက်သွန်ကြော် မန္တလေးပဲကြော်နှင့် အခြားကျွန်တော်မသိသော အကြော်တွေကို စုပြုံထည့်ပြီး ဂျွန်ဖြိုးကို လှမ်းပေး၏။

ဂျွန်ဖြိုး အငမ်းမရ လှမ်းယူပြီး ဘူးသီးကြော်တစ်ခုကို ကောက်ဝါးလိုက်သည်။ အကြော်နံ့သင်းနေသောကြောင့် ဆာလောင်မှုက ဗိုက်ထဲမှ အဆပေါင်းများစွာ အချက်ပြနေ၏။ ထို့ကြောင့် ကျွန်တော်လည်း ဗိုက်ဆာဆာနှင့် တွယ်ထည့်လိုက်တော့၏။

"ကဲ. . ဘော်ဘော် အချိန်မရှိဘူး သွားမယ်"

အရှုံးဂျွန်ဖြိုး စားပြီးတာနှင့် ထလိုက်ပြီး ဆိုင်အပြင်သို့ ထွက်သွား၏။

"ဟေ့. . ဂျွန်ဖြိုး. . နေ. . နေဦးလေ"

ကျွန်တော်ပါ ဂျွန်ဖြိုး ထထွက်သွားတော့ ဆိုင်ထဲကနေ ကိုယ့်စာအုပ်ထုပ် ကိုယ်ဆွဲပြီး အူးယားဖားယား ထလိုက်၏။

"ဟေ့. . ကန်ကလေးတွေ စားပြီးသွားပြီလား"

ကုလားမကြီး လှမ်းမေးတာကို ဂျွန်ဖြိုးမဖြေဘဲ အရှေ့ကနေ ခပ်တည်တည် ထွက်သွား၏။

"ဟေ့. . ဂျွန်ဖြိုး နေဦး ပိုက်ဆံရှင်းပေးရဦးမယ်လေ"

"ရတယ်. . နောက်နေ့မှ ဘဏ်ကနေ ငွေလွှဲလိုက်မယ်"

"ဟမ်. . ."

ကျွန်တော် အခြေအနေကို သဘောပေါက်လိုက်သည်။

"ဂျွန်ဖြိုး. . ပြေး. . ပြေး"

ဂျွန်ဖြိုးကို ညာသံပေးပြီး ကျွန်တော်ဆိုတဲ့ ရိုးဂုဏ်ဟာလည်း အခြေအနေအရ ကုလားမကြီးဆီမှာ အကြော်ဖိုး မရှင်းရရေး ဖနောင့်နှင့်တင်ပါး တစ်သားတည်း ပြေးရတော့၏။





"ဟေး. . ကန်ကလေးတွေ အကြော်ဖိုး ရှင်းခဲ့ဦး၊ ဟေး. . ကန်ကလေး အားပါးပါး ကုန်ပါပြီ၊ ငါ့ဟာတွေကိုစားပြီး ထွက်ပြေးသွားကြပြီ. . အမလေးလေး. . အားရိုး. . ရိုး"

ကုလားမကြီး အော်ငိုနေသံကို ကြားနေပေမယ့် ကျွန်တော် လှည့်မကြည့်ရဲ။

နောက်တစ်ချိန်မှာ အကြော်ဖိုး လာပြန်ဆပ်ပါ့မယ် ကုလားမကြီးရေ. . ခုတော့ လွတ်လပ်စွာ ပြေးခွင့်ပြုပါဦးနော်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

"ဂျွန်ဖြိုး နေပါဦး. . မင်းက စွတ်ပြေးနေတော့တာပဲ၊ မင်း ကုလားမကြီးက လိုက်မလာပါဘူးကွာ"

ဂျွန်ဖြိုး ကျွန်တော်ပြောမှပင် အပြေးရပ်လိုက်ပြီး. . တခွီးခွီး တဟားဟားဖြင့်ရယ်ကာ. .

"ဟား. . ဟား. . စားလို့ကောင်းလိုက်တာ၊ ရွှေနားရောက်ရင် ပြောင်းဖူးပြုတ်ဆိုင် တစ်ဆိုင်ရှိသေးတယ်ကွ. . ဟီးဟီးဟီး"

"ဟာ. . ဟော့. . ဂျွန်ဖြိုး၊ မ. . မလုပ်ပါနဲ့ကွာ ငါထပ်မပြေးပါ ရစေနဲ့"





ဂျွန်ဖြိုး ကျွန်တော်ပြောတာ အရေးမစိုက်တာလား၊ မကြား တာလား. . . နားထောင်ဖို့ အသိမရှိတာလား မသိ၊ ရှေ့မှ ဆက် လျှောက်သွားသည်။ အရှေ့ဂျွန်ဖြိုး လက်ထဲမှာ ငါးခြောက်ထုပ် မပါတော့ ၍ ကျွန်တော်ခေါင်းနားပန်း ကြီးသွားပြန်သည်။

"ဟား. . သွားပြီ၊ ဟော့. . ဂျွန်ဖြိုး. . ငါ့. . ငါ့ ငါးခြောက်ထုပ် ရော"

"သိဘူး. . ရှိတော့ဘူး ရှိတော့ဘူး "

သွားပြန်ပြီ။ ကျွန်တော့်မှာပါလာသည့် အရာမှန်သမျှ တစ်ခုပြီး တစ်ခု ဆုံးရှုံးရပြီ။ ဒီအရူးကို ယုံယုံကြည်ကြည်နဲ့ ငါးခြောက်ထုပ် အပ်ခဲ့ မိတာကိုက ကျွန်တော့်အမှား။

ခုကျမှ ကုလားမကြီးဆီမှာ သွားပြန်တောင်းလည်း ဟိုက သူ့ အကြော်တွေ တစ်ဖြုန်းစ်ဖြုစားသွားတဲ့ သူခိုးတွေဆိုပြီး ငါးခြောက်ထုပ် ပြန်မပေးတဲ့အပြင် ဆီပူအိုးထဲမှ ဆီပူတွေနဲ့ ပက်လိုက်မှ ကိစ္စတုံးနေ ည်။ ဒီအရူးကို အပြစ်တွေ~~ဖို့နေ~~လည်း အရူးဆိုမှတော့ ဘာနားလည် တော့မှာလဲ ကိုယ့်ကံကြမ္မာက အရူးနဲ့ပတ်သက်ဖို့ ကံကပါလာပြီကိုး။ ဒီတော့. . ရှိစေတော့ဟုပဲ ကိုယ့်ရဲ့နှမြောစိတ်ကို ကြဲဖန်ပြီး ချေးသိပ်ရ တော့မှာပင်။

"ဂျွန်ဖြိုး. . မင်းနေတဲ့အိမ်ကို မရောက်သေးဘူးလားကွာ"

"ရောက်ပြီ. . ရောက်ပါပြီဗျ. . ပလို့ဂျီ၊ ရှေ့ကိုက်က တစ်ရာ နှစ်ရာ. . မပေဒါက လင်ဆယ်ယောက်. . ဟောင်. . ဟောင်ဟောင်"

ကျွန်တော့်အမေးကို ဆွဲဆွဲငင်ငင်ဖြင့် ဆိုပြနေသဖြင့် ကျွန် တော်နားလည်ရခက်စွာဖြင့် စိတ်လေသွားသည်။ လူတစ်ကိုယ်လုံးသည် ကိုင်ရိုက်ထားသလို နာကျင်နေရ၏။ မနေ့က ရွာမှစထွက်တည်းက



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ တမေးမှ မမေးရသေးသဖြင့် လူက နုံးခွေ၍နေပြီ။

ညနေခင်း အလင်းရောင်ပင် ပျောက်စပြုနေသော ထိုညကို ကျွန်တော် ဘယ်လိုပုံစံဖြင့် ဖြတ်သန်းရပါ့မလဲ။

“ဂွန်ဖြိုး . . မင်းမှာ အိမ်ရှိလား”

မထူးတော့ပြီ ဒီတစ်ညတော့ အရူးကျောခင်းတဲ့နေရာကို လိုက်ခင်းရမှာပင်။

“ရှိတာပေါ့ . . ရက်စ် . . ရက်စ် ”

“မင်းအိမ်ကို ငါအလည်လိုက်လို့ ရမလား”

“ဗီဇာတွေ . . ပတ်စပို့တွေ . . ရှိလို့လား”

“ဟမ်”

“ဟုတ်တယ်လေ ငါ့အိမ်က ဘာလီကျွန်းမှာ ရှိတာ . . နွေဦးအပန်းဖြေအိမ်လေ၊ နွေကျရင် အဲဒီမှာ ငါအနားသွားယူတယ်၊ ဆောင်းတွင်းကျရင် ယူအက်စ်မှာသွားနေတယ်၊ မိုးတွင်းကျရင် ဩစတြေးလျမှာ သွားငြိမ့်တယ်”

“မဟုတ်ဘူး . . အခု ဒီည မင်းဘယ်မှာ အိပ်မှာလဲ”

“ဒီည ဂိုဒေါင်မှာ”

“ငါလိုက်လည်မယ်လေ”

“လိုက်ခဲ့”

ကျွန်တော့်ကို မငြင်းဆိုဘဲ ဖိတ်ခေါ်လိုက်သော အရူး ဂွန်ဖြိုးသည် ဒီတစ်ညတာအတွက် ကျေးဇူးတင်ထိုက်သော ကျေးဇူးရှင် ဖြစ်လေသည်။

ဒါ့အပြင် . . ဒီနေ့ အဖြစ်အပျက်လေးသည် ကျွန်တော့်အဖို့ တစ်သက်မေ့လိမ့်မည် မဟုတ်ဆိုတာ သေချာပါသည်။





ကျွန်တော်သွားလိုသော ဘဝမြင့်ရပ်ကွက်သည် ကျွန်တော့်၏ ရှင်သန်မှုကို . . နှိမ့်ချမလား မြှင့်တင်မလား ဆိုတာ . . ကျွန်တော့်ကိုယ် ကျွန်တော်ပင် အနာဂတ်ကို မမှန်းဆနိုင်တော့။

ခုလောလောဆယ်တွင် ရန်ကုန်မြေ၏ ကြိုဆိုမှုက နည်းနည်းတော့ရက်စက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ညက ဂွန်ဖြိုး၏ဂိုဒေါင်ကို လိုက်အိပ်ရပေမယ့် ပင်ပန်း၍လားမသိ မှောင်မဲနေသော ဂိုဒေါင်ထဲရှိ ထင်းရှူးပြားပုံးတွေပေါ်မှာ ကျွန်တော် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

ယခု ကျွန်တော်အိပ်ရာမှ နိုးထခဲ့ပါသည်။ ရန်ကုန်မြို့ကို ရောက်သည့် ဒုတိယမြောက်နေ့ ဖြစ်သည်။

ကျွန်တော် ကိုယ့်လက်မောင်း ကိုယ်ခေါင်းအုံးရင်း အိပ်မက်တစ်ခုကို နှစ်ခြိုက်စွာဖြင့် အိပ်ပျော်ရင်း မက်ခဲ့ပါသည်။ အိပ်မက်ထဲတွင် ကျွန်တော်ဟာ ပရော်ဖက်ရှင်နယ်စာရေးဆရာ တစ်ယောက် ဖြစ်သွား





၏။

ယခု အိပ်ရာမှ နိုးတော့ ကျွန်တော့်၏လှပသော အိပ်မက်တလေးမှာ အခိုးအငွေ့အဖြစ် လွင့်ပြယ်သွားပြီ။ ကျွန်တော် မျက်လုံးနှစ်လုံးစလုံး စဖွင့်ချင်း အရင်ဆုံးမြင်တွေ့ရသည်က. . . အပေါက်တွေထောင်နှင့်ချီ၍ ရှိနေသော ခေါင်မိုးခပ်စုတ်စုတ်မြင်ကွင်း၊ ဘေးကိုငေ့ကြည့်တော့ ညစ်ပတ်နံစော်နေသည့် အနံ့အသက်တွေ. . သစ်သားဟောင်းတွေ. . အမှိုက်ထုပ်တွေ. . စည်ပိုင်းပြတ်ကြီးတွေနှင့် ကတ္တရာပုံးတွေ။

ကျွန်တော့်ဗိုက်ထဲ တကြုတ်ကြုတ် ဆာလောင်ခြင်းနှင့်အတူ လှဲအိပ်နေရာမှ ဖျတ်ခနဲ ထလိုက်သည်။

အရှေး ဂွန်ဖြိုးကို ဂိုဒေါင်ပျက်ကြီးထဲ ငေ့ကြည့်လိုက်သည်။

မရှိ။

"ဟေ့လူ. . ခင်ဗျား ဘယ်သွားလဲ"

"ဗျာ. ."

ဝေါက်ဆတ်ဆတ်အသံနှင့် မေးပြီးဝင်လာသော လူတစ်ယောက်ကြောင့် ကျွန်တော့်ကိုယ်မှာ သူခိုးလူမိသွားသလို ဆတ်ခနဲတုန်သွားသည်။

ရှူးဖိနပ်နှင့် ကုတ်အင်္ကျီဘောင်းဘီကို စတိုင်လ်ကျကျ ဝတ်ထားသည့် တောမကျမြို့မကျ ကျွန်တော့်ကို ထိုလူ ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်၏။

"ကျွန်တော် ခရီးသွားရင်း လမ်းမှာ ပစ္စည်းအလုခံလိုက်ရလို့ ဆက်သွားစရာ စရိတ်ပြတ်ပြီး ဒီမှာ ခဏဝင်အိပ်နေတာပါ"

"ခင်ဗျား မညာနဲ့နော်၊ ကျုပ်ဂိုဒေါင်ထဲ တစ်ခုခုခိုးဖို့ ဝင်ခွေ



www.burmeseclassic.com

www.burmeseclassic.com



နေတာ မဟုတ်လား”

“ဟာ. . မ. . မဟုတ်ရပါဘူးဗျာ၊ ဘုရားပေးပေး ကျမ်းပေး ပေးပါဗျာ၊ ကျွန်တော် အသက်နဲ့ ကျိန်ဝံ့ပါတယ်၊ ကျွန်တော် ဘဝမြင့် ရပ်ကွက်ကို သွားချင်တာပါ. . သွားရင်းလာရင်း မိုးချုပ်သွားလို့ပါ”

ကျွန်တော် ထိုလူ့ကို ခြေသလုံးဖက်မတတ် ရှင်းပြလိုက်သဖြင့် ထိုလူပုံစံက အနည်းငယ် ယုံသွားဟန်ရှိ၏။

“ဒါ ဘဝင်မြင့်ရပ်ကွက်လေ၊ ခင်ဗျား ဘယ်သူ့ဆီ လာတာလဲ”

“ကိုလူသစ်ဆီကို လာတာပါ”

“ဘာလုပ်လဲ”

“မသိဘူးခင်ဗျာ၊ အစ်ကိုက ကိုလူသစ်ကို သိလို့လား”

“သိတာပေါ့”

“ဟား. . ဝမ်းသာလိုက်တာ၊ ကျွန်တော့်ကို သူ့အိမ်ဘယ်မှာလဲဆိုတာ ပြောပြပေးပါ. . အစ်ကိုရယ်၊ ကျေးဇူးမမေ့ပါဘူး”

“နေပါဦး မင်းက ဘယ်ကလည်း၊ ခုမှ နိုင်ငံခြားက ပြန်လာတာလား”

ရန်ကုန်ရောက်ကတည်းက ထိုလူတစ်ယောက်တည်း ကျွန်တော့်ကို အကောင်းမြင်ဖူးတာမို့ ကျွန်တော် ထိုလူ့ကို ပြုံးဖြီးဖြီးဖြင့် အရှက်ပြေရယ်ပြကာ. .

“အဟဲ. . မ. . မဟုတ်ပါဘူး ကျွန်တော် နယ်ကပါ၊ ကျွန်တော့် အစ်ကိုဆီမှာ စာရေးဆရာ လာလုပ်တာပါ”

ထိုလူ ကျွန်တော့်စကားကို ဘယ်လိုသဘောသက်ရောက် သွားသည်မသိ။ ကျွန်တော့်ကို အူကြောင်ကြောင်ကြည့်ကာ ခေါင်းကုတ်လိုက်သည်။





“ကဲ. . လာ. . လာ. . ငါလိုက်ပို့ပေးမယ်”

ကျွန်တော် စာအုပ်ပုံးလေးကို ဆွဲ့ခနဲ ကောက်ပိုက်လိုက်ပြီး ထိုလူ့နောက်သို့ လိုက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"လူသစ်ရေ. . လူသစ်. . "

ထိုလူ ပျဥ်ထောင်အိမ်လေး တစ်အိမ်ရှေ့မှာရပ်ရင်း အိမ်ထဲကို ကြည့်ပြီး ကိုလူသစ်ကို လှမ်းခေါ်၏။

"ရှင်. . ဘယ်သူလဲ"

"လူသစ်ရှိလား၊ ဒီမှာ နင်တို့အိမ်လာတဲ့ဧည့်သည် ရှာလည်နေလို့. . ငါ ခေါ်လာပေးတာ"

"ဩော်. . ကိုလူသစ် ဧည့်သည်လား၊ ဝင်ပါ. . ဝင်ပါ"

အရွယ်ခပ်လတ်လတ် မိန်းကလေးတစ်ယောက် အိမ်ထဲမှ





ထွက်လာပြီး အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်၏။ ထိုမိန်းကလေးသည် ကိုလူသစ် မိန်းမရဲ့ ညီမတွေဘာတွေများ ဖြစ်နေမလားဟု တွေးလိုက်ပြီး ကျွန်တော် စာအုပ်ပုံးကြီးပိုက်လျက် အိမ်ထဲဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

"ဩော်. . အစ်ကို ကျေးဇူးပဲနော်"

"ရတယ် ကိစ္စမရှိဘူး၊ နောက်တစ်ခါသာ ဂိုဒေါင်ထဲ လာမအိပ်မိစေနဲ့ ကြားလား"

"ဟုတ်ကဲ့. . ဟုတ်ကဲ့ပါ အစ်ကို"

အတည်ပေါက် ပြောသလိုလို နောက်သလိုလိုပုံစံ ပြောသွားသဖြင့်. . ကျွန်တော် အရှက်အကွဲခံကာ ဟုတ်ကဲ့ဟု ခေါင်းညိတ် ကတိပေးလိုက်သည်။

"ကဲ. . လာ အစ်ကို"

ချိုအီအီ အသံလေးကြောင့် ကျွန်တော် အလိုက်အထိုက် ပြုံးပြလိုက်ပြီး အိမ်ပေါ်တက်လာခဲ့လိုက်၏။ အိမ်ကလေးသည် အဖိုးတန်ပစ္စည်းဘာဂတွေ သိပ်မရှိပေမယ့် သေသေသပ်သပ်ကလေးတော့ရှိ၏။

"ထိုင်ပါအစ်ကို ကိုလူသစ်ကတော့ အပြင်ခဏသွားတယ်၊ အသုပ်စကားပြောရင် ကျွန်မနဲ့ပြောလို့ ရပါတယ်၊ ဒါနဲ့ အစ်ကို့ကို အရင်က တစ်ခါမှ လာတာမတွေ့ဖူးဘူး၊ လူသစ်ထင်တယ်နော်"

"ဗျာ. . ကျွန်တော် လူသစ်မဟုတ်ပါဘူး"

"ဩော် လူသစ်မဟုတ်ဘူးလား၊ အဟင်း. . ဟင်း. . ဟင်း. . ဒါကြောင့် စိတ်ထဲမှာ မြင်ဖူးသလိုလိုတော့ ရှိပါတယ်လို့၊ ခစ်. . ခစ်. . ခစ်"

သူမဘာတွေပြောနေမှန်း ကျွန်တော် နားမလည်။ သူ လွှတ်ချနေ၍သာ ကျွန်တော်လည်း လိုက်၍ ရောရယ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . အဟဲ . . ဟဲ . . ဟဲ"

"ပထမတစ်ခါလာတုန်းက ဘယ်သူနဲ့ ဆုံကြတာလဲ၊ အဆင်ရော ပြေရဲ့လား"

"ဗျာ . . ဘာ . . ဘာကိုမေးတာလဲ၊ ကျွန် . . ကျွန်တော် မသိဘူး"

"ကဲ . . ကြည့် ရှင်ကလေ ရှက်နေပြန်ပြီ၊ အဟင်း . . ခစ် . . ခစ် ခစ်"

"ပထမတစ်ခါလာတုန်းကသူနဲ့ မတွဲချင်ဘူးဆိုရင် . . ခုတစ်ခါ သူများရှိတယ်လေ၊ ဘယ်လိုလဲ . . သူများ လှတယ်မဟုတ်လား"

ပြီတီတီ မျက်နှာပေးဖြင့် သူမ၏ လုံးလုံးကျစ်ကျစ် ခန္ဓာကိုယ်ကို လှည့်ပြနေသဖြင့် ကျွန်တော် မကြည့်ရဲစွာဖြင့် သဘောလောက်သာ ကြည့်လိုက်ပြီး . . .

"အဲ . . လှ . . လှပါတယ်"

မိန်းကလေးတစ်ယောက်က သူမ လှရဲ့လားလို့ မေးနေရဲ့သား နဲ့ ကျွန်တော်က မလှပါဘူးလို့ပြောရင် အဆင်ပြေနိုင်ပါ့မလား။ သူ့အိမ် မှာနေမယ့် ကျွန်တော့်ကို ဘယ်လာပြီး ကြည်ဖြူတော့မလဲ၊ ဒီတော့ ရဲတင်းလွန်းတဲ့ သူမအမေးကို အလိုက်အထိုက်လေးပဲ ဖြေလိုက်တော့ သည်။

သူမ အတော်လေး သဘောကျသွားပုံဖြင့် တခစ်ခစ်ရယ်ပြန် သည်။ အထာကတော့ ကျနေပြီမို့ ကျွန်တော် လွတ်အောင်ရှောင်နိုင်ဖို့ ကြိုးစားရတော့မည်။

"ဟို . . ကို . . ကိုလူသစ်က ဘယ်သွားတာလဲ"

"သူများလည်း မသိပါဘူး၊ သူက တစ်ခါတလေ အဲ့လိုပဲ . .





မပြောမဆို ထွက်သွားတာပဲ၊ ဝင်တည့်ပြီဆိုရင်တော့ ပြန်လာတယ်"

"ဒါနဲ့ . . ဒီကညီမက ကိုလူသစ်ရဲ့ ခယ်မလား"

ကိုလူသစ်မိန်းမ မခင်စပယ်ကို ကျွန်တော်သိသဖြင့် ခယ်မ လားဟု တမင်မေးလိုက်ခြင်း ဖြစ်သည်။

"ဟွန်း . . ဟုတ်ပါလိမ့်မယ်၊ ဟိုကဖြင့် မိန်းမတောင် အတည် တကျမယူပဲနဲ့ဟာကို"

"အဲ . . မ . . မဟုတ်ဘူးလေ၊ ကျွန်တော့်အစ်ကိုမှာ မိန်းမရှိ တယ် . . ကျွန်တော့်မရီးက သိပ်သဘောကောင်းတာ"

"ဟင် . . ကိုလူသစ်က ရှင့်အစ်ကို ဟုတ်လား"

"ဟုတ်တယ်"

"ဒါ . . ဒါဆို ရှင်က အတှာအတွက် လာတာမဟုတ်ဘူးလား"

"ဘာအတှာလဲ"

သူမမေးသော အတှာဆိုတာ ဘာကိုရည်ရွယ်မှန်းမသိ။

"ဟော . . သင်းသင်း . . ဘယ်သူ့ရောက်နေတာလဲ၊ နင်က ဝင် တည့်နေပြီပေါ့"

"ဟော . . ပြောရင်းဆိုရင်း ကိုလူသစ် ပြန်လာပြီ"

အိမ်ပေါ်ကိုတက်လာသော အသားမည်းမည်းဝဝဖိုင့်ဖိုင့် လူ တစ်ယောက်အား ကိုလူသစ်ဟု ပြောနေသဖြင့် ကျွန်တော် ထိုင်ရမလို ထရမလိုဖြစ်ကာ . . .

"အဲ . . အဲဒါ ကိုလူသစ်လား"

"ဟုတ်တယ်လေ . . အစ်ကိုကလည်း နောက်နေပြန်ပြီ ကိုယ့် အစ်ကိုလည်း ပြောသေးတယ် ကိုလူသစ်လားလည်း မေးသေးတယ် . . အံ့သြယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ အဲဒါ ကျွန်တော့်အစ်ကိုမဟုတ်ဘူး. . ဟား. . ဒါဆို လူမှားပြီး လိုက်ပို့တာပဲ၊ ကျွန်တော် အိမ်မှားလာတာ. . ဆော. . ဆောရီးပဲဗျာ"

ကျွန်တော် စာအုပ်ပုံးကို ဆွဲမယူကာ အိမ်ပေါ်မှ ကသုတ်ကရက် ပြေးဆင်းခဲ့လေသည်။ ဘုရား. . ဘုရား. . ကံသီပေလို့ပေါ့၊ နို့မို့ဆို ကျွန်တော် ဂွင်လာဖန်တဲ့လူ ဖြစ်ဦးမည်။

အိမ်အောက်ရောက်တော့မှ ကျွန်တော် သက်ပြင်းမောကို ဟင်းခနဲ ချလိုက်၏။ ကိုလူသစ်အိမ်ကို တွေ့အောင် ရှာရဦးမည်။

"ဦးလေး ကိုလူသစ်တို့အိမ်က ဘယ်အိမ်လဲခင်ဗျာ"

ဆိုက္ကားဂိတ်မှာထိုင်နေသောလူကြီးကို မေးလိုက်သည်။

"ဒီရပ်ကွက်မှာ ကိုလူသစ်အိမ်က နှစ်အိမ်ရှိတယ်၊ ဘယ်လူသစ်လဲ. . အတှာလုပ်ထားတဲ့ လူသစ်လား၊ အာဝါဒေးလိုက်တဲ့ လူသစ်လား"

"ဗျာ. . ဦး. . ဦးလေးပြောတာ ကျွန်တော်နားမလည်ဘူး အတှာဆိုတာဘာလဲ. . နောက်ပြီး အာဝါဒေး လိုက်တာကရော"

"အတှာလုပ်ထားတဲ့လူသစ်က မိန်းကလေးတွေနဲ့ အလုပ်လုပ်စားတဲ့သူ. . အဲ. . မကောင်းတာ လုပ်စားတဲ့သူပေါ့ကွာ၊ အာဝါဒေး လိုက်တာကတော့ အလုပ်မရှိ အကိုင်မရှိ ယောင်ခြောက်ဆယ်လုပ်ပြီး အငှားလိုက်တဲ့သူ"

ထိုမျှလောက် ရှင်းပြသော်လည်း ကျွန်တော် သိပ်သဘောမပေါက်ချင်သေး၊ သို့သော် ထပ်မမေးချင်တော့. . လူသစ်နှစ်ယောက် ရှိသည့်အနက် ကျွန်တော်ရောက်ခဲ့သည့် လူသစ်အိမ်က အတှာလုပ်စားတဲ့အိမ် ဖြစ်နေ၍. . ယခု ကျွန်တော်သွားရမည့်အိမ်က အာဝါဒေး လူသစ်၏





အိမ်ပဲ ဖြစ်ရမည်။

"ဟို. . အာ. . အာဝါဒေး လူသစ်အိမ်ကို သွားမှာပါဦးလေး ဘယ်မှာနေတယ်ဆိုတာ ပြောပြနိုင်မလား"

"တက် ဆိုက္ကားပေါ်"

"ဗျာ. . ကျွန်တော့်မှာ ဆိုက္ကားခပေးစရာ တစ်ပြားမှ မရှိဘူး ဦးလေး"

ကျွန်တော် ပြောင်ဖွင့်ပြောလိုက်တော့၏။ မရှက်နိုင်တော့။

"ရတယ်. . မင်း မပေးနိုင်လည်း ကိစ္စမရှိဘူး၊ ငါ လူသစ်မိန်းမကို အကြွေးပေးစရာရှိတယ်၊ အဲဒီပိုက်ဆံထဲက နှိမ်လိုက်လည်းရတာပဲ"

ကျွန်တော် ဆိုက်ကားပေါ် စွေ့ခနဲ တက်ထိုင်လိုက်၏။

တကယ်ပဲ ကျွန်တော့်အစ်ကို လူသစ်ရဲ့အိမ်ပဲ ဖြစ်ပါစေလို့ ကျိတ်ဆုတောင်းလိုက်၏။

ကိုလူသစ်အိမ် ရောက်ဖို့အတွက် ခက်ခဲကြမ်းတမ်းသော ခရီး ယောင်းလမ်းကို လျှောက်နေရသလို. . ကျွန်တော်လည်း အပေအတေတို ဖြစ်ရော။

ယခုအချိန်မှာတော့ စာရေးဆရာ မဖြစ်သေးဘဲ လမ်းပေါ်မှ တလေကချေ အာပေတူးဖြစ်၍နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ကဲ . . အဲဒါ မင်းသိပ်တွေ့ချင်နေတဲ့ လူသစ်တို့အိမ်ပဲ . . ၊ ဝေး . . ခင်စပယ်ရေ . . ဒီမှာ ဧည့်သည်ပါတယ်ဟေ့"

"ကလင် . . ကလင် . . ကလင်"

ဆိုက္ကားဆရာကြီး ဘဲလ်သံပေး၍ လှမ်းအော်၏။ ထိုလူကြီး ခေါ်လိုက်သော နာမည်မှာ ကျွန်တော့်မရီး ခင်စပယ်ဖြစ်နေ၍ ဒီအိမ်ဟာ ကျွန်တော့်အစ်ကို ကိုလူသစ်၏အိမ်ဆိုတာ ပို၍ ကျိန်းသေသွား၏။ အခက်အခဲများစွာကြားထဲမှ အစ်ကို့အိမ်ကိုရောက်၍ ခုမှပင် ကျွန်တော့်ရင်ထဲက အပူလုံးကြီး ဒုန်းခနဲမြည်အောင် တလိမ့်ခေါက်ကွေး





ကျဆင်းသွားရ၏။ ကျွန်တော် စာအုပ်ပုံးကြီး ပိုက်လျက် ဆိုက္ကားပေါ်မှ ဆင်းလိုက်၏။

"ဟာ . . ညီလေး . . ရိုးဂုဏ်"

"ကိုလူသစ် ရှာလိုက်ရတာဗျာ"

ကိုလူသစ် အိမ်ရှေ့မှ ပြေးဆင်းလာပြီး ကျွန်တော့်ကို ဝမ်းသာအားရ ကြိုဆို၏။

နှစ်တွေအကြာကြီး မတွေ့ရသော အစ်ကိုဖြစ်သူကိုလည်း ကျွန်တော်က ဖက်လဲတကင်း ပြန်၍ နှုတ်ဆက်လိုက်၏။ အိမ်ထဲမှ မရီးဖြစ်သူ မခင်စပယ်ပါ ကျွန်တော့်ကိုမြင်တော့ . . သူ မီးပုံးပျံကြီးဖြင့် ကော့လန်ကော့လန် ထွက်လာ၏။

"ဟာ . . အစ်မ မပေါ့မပါးကြီးနဲ့ပါလား၊ ဒါ ဘယ်နှယောက်မြောက်လဲ"

ကျွန်တော့်အမေးကြောင့် မခင်စပယ် လှေကားထိပ်မှာရပ်ပြီး ရယ်သည်။ ရယ်သံနှောသော အသံဖြင့်ပင်။

"ဒါ . . မင်းအစ်ကိုရဲ့ ကလေးမဟုတ်ဘူး မောင်လေးရဲ့"

အိမ်ရှေ့မှာထွက်ပြီး ပြောလိုက်သော မခင်စပယ်၏ စကားကြောင့် ကျွန်တော့်မျက်နှာ ဖြန်းခနဲ ဖြစ်သွားသည်။

"ဟာ . . အစ်မ ဘယ်လိုပြောလိုက်တာလဲဗျာ၊ လူကြားလို့ မကောင်းပါဘူး . . ဒီလိုကိစ္စမျိုးကို အိမ်ပေါက်ဝ ထွက်ပြောရလား သိဘွာလေးဘာလေး ထိန်းကြပါဦး"

"အယ် . . မောင် . . မောင်လေး၊ ဘာတွေ ပြောနေတာလဲ"

ကျွန်တော့်စကားကြောင့် မခင်စပယ်ကပင် ကျွန်တော့်ကို ပြန်၍ နားမလည်သလို ကဲကြည့်ပြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်လိုမှနားမလည်နိုင်. . အစ်ကို့ကလေး မဟုတ်ဘူးဆိုပြီး ဘာဖြစ်လို့ အစ်ကိုရှေ့မှာ ပေါ်တင်ပြောလိုက်ရတာလဲ. . ၊ အစ်ကိုကရော ခုလို ပြုံးဖြီးဖြီးနဲ့ ကြည့်နေရသလား။

အစ်မခင်စပယ်ကရော အစ်ကိုငုတ်တုတ်ကြီး ရှိနေရက်နှင့် တခြားယောကျ်ားတစ်ယောက်နှင့် ခုလို ကိုယ်ဝန်ရသည်အထိ ဖောက်လွဲဖောက်ပြန် လုပ်ရသလား။

"ကဲ. . ငါ့ညီ ခရီးရောက်မဆိုက် ဒီအကြောင်းတွေ ပြောမနေပါနဲ့ဦး. . မင်းနောက်တော့ နားလည်သွားမှာပါကွာ၊ မင်းအစ်မက မင်းထင်သလို တခြားယောကျ်ားနဲ့ ဖောက်ပြန်ပြီးရတဲ့ ကိုယ်ဝန် မဟုတ်ဘူးဆိုတာ. . မင်း မကြာခင် သဘောပေါက်သွားပါလိမ့်မယ်"

"ဟာဗျာ. . ကျွန်တော် ရန်ကုန်ကို ခြေစချကတည်းက အံ့သြစရာတွေချည်းပဲ ဆက်တိုက်ကြုံနေပါလား၊ နားကို မလည်နိုင်တော့ဘူးဗျာ"

"အေးပါ. . နောက် နားလည်သွားလိမ့်မယ်၊ ကဲ. . အိမ်ပေါ် အရင်တက်လိုက်ဦး၊ ပေး. . အစ်ကို့ကို အဲဒီစက္ကူပုံးကြီးပေး"

ကိုလှသစ် ကျွန်တော့်လက်ထဲမှ စက္ကူပုံးကို ဆွဲယူပြီး အိမ်ပေါ် ကိုတက်သွားသည်။

ကျွန်တော် နားမလည်နိုင်သော ဒွိဟစိတ်တွေဖြင့် အိမ်ပေါ်ကို လိုက်တက်ခဲ့လိုက်သည်။

လောကကြီးထဲက လူတွေရဲ့ အဖြစ်အပျက်တွေကပဲ ဆန်းကြယ်နေတာလား၊ ကျွန်တော်ကပဲ ဉာဏ်မမီတာလား။





# အခန်း(၁၁)

"ဗျာ. . ဒီကိုယ်ဝန်က အစ်ကို့ကိုယ်ဝန်မဟုတ်သလို အစ်မကိုယ်ဝန်လည်း မဟုတ်ဘူး. . ဟုတ်လား"

ကျွန်တော့်နားတွေ အူထွက်လာသလို ခံစားလိုက်ရ၏။ ဘယ်လိုမှ နားမလည်နိုင်ပါ. . အစ်ကို့ကလေး မဟုတ်ဘူးဟု ပြောသလို ခင်စပယ်၏ ကလေးလည်း မဟုတ်ဘူးဆိုတော့ ဘာဖြစ်လို့ မခင်စပယ်က ဗိုက်ကြီးရတာတုန်း၊ မသကာဆို ကိုလှသစ်၏ ကလေးမဟုတ်ဘူးဆိုလျှင်တောင် ကျွန်တော် သဘောပေါက်လွယ်ခဲ့တာပဲ။

"ဟုတ်တယ် သူများကိုယ်ဝန်ကို မင်းအစ်မက အငှားဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာကွ”

“ဗျာ. . .”

ခေတ်ကာလသည် အံ့သြစရာကောင်းလောက်အောင် မော်ဆန်သော ပြကွက်တွေနှင့် ကကြိုးတွေ ရှုပ်ချင်တိုင်း ရှုပ်နေပါလား။

“အဟဲ. . အံ့သြသွားလား. . မအံ့သြနဲ့၊ မင်း ဒီမှာ အနေကြာလာရင် ဒီ့ထက်အံ့သြစရာတွေ ထပ်တွေ့ရဦးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ အခု မင်းရောက်နေတဲ့ ငါတို့ရပ်ကွက်လေးက အစားထိုးဟန်ဆောင်ရတဲ့ အလုပ်ကိုလုပ်တယ်”

“လာပြန်ပြီ. . ကျွန်တော် နားလည်မလွယ်တဲ့ ဝေါဟာရတစ်ခု၊ အစားထိုးအလုပ်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ အငှားလိုက်တာကို ပြောတာလား”

“ဒီလိုပဲပေါ့ ငါ့မောင်ရယ်၊ လောကကြီးမှာ လုပ်သလိုမဖြစ်ရင် ဖြစ်သလိုလုပ်ရတော့မှာပေါ့ဟယ်၊ ငါ့မောင်အဖြစ်ကိုလည်း အစ်မ စိတ်မကောင်းလိုက်တာကွယ်. . ပါသမျှပစ္စည်း တက်တက်ကို ပြောင်တာပဲ၊ ရန်ကုန်လိုနေရာမျိုးက မအူမလည်လုပ်ရင် ကိုယ်ပဲခံသွားရမှာကွဲ. . တော်သေးတာပေါ့. . အရှူးနဲ့ လိုက်လာလို့သာပေါ့၊ နို့မို့ဆို ဘယ်နေရာတွေအထိ ခြေဆန့်နေရဦးမလဲ မသိဘူး”

“ကျွန်တော့်အဖြစ်က ပြန်တွေးကြည့်လေ ရှက်စရာကောင်းလေပါ အစ်မရယ်၊ အစ်မတို့အတွက် အမေထည့်ပေးလိုက်တဲ့ ငါးခြောက်ထုပ်တွေရော အဝတ်အစားတွေနဲ့ ပိုက်ဆံထည့်ထားတဲ့အိတ်ရော. . ကျွန်တော့်ရဲ့ နမော်နမဲ့နိုင်မှုကြောင့် အကုန်လုံးကို တက်တက်စင်ပဲ”

“ဒါနဲ့ မင်းအခု ရန်ကုန်တက်လာတာ ကျောင်းတက်ဖို့လား





တခြားအလုပ်,လုပ်ဖို့လား”

“စာရေးဆရာ. . လုပ်ဖို့”

“ဟေ. . .”

ကိုလူသစ် အံ့သြသွားသည်။ သဘောလည်း ကျသွားသည်။

“အေး. . ကောင်းတယ်. . ကောင်းတယ်၊ အဲ. . . ဒါပေမယ့် မင်းမှာ အဆက်အသွယ်ရှိလို့လား”

“မရှိဘူး”

“ဟာ. . . စာရေးဆရာ လုပ်တယ်ဆိုတာ စာရေးတတ်ရုံနဲ့ ဝါသနာပါရုံနဲ့ မဖြစ်ဘူးကွ၊ အဆက်အသွယ်ကောင်းကောင်းလည်း ရှိမှရမှာ၊ အထူးသဖြင့် ကိုယ့်ကို မြှောက်ပေးနိုင်မယ့် လူမျိုးပေါ့ကွာ”

“အစ်ကို့မှာရော အဆက်အသွယ် မရှိဘူးလား”

“ဟာ. . ဘယ်က ရှိရမှာလဲ”

“ဩော်. . ရှင်ကလည်း မရှိစားဘူးက အရင်ပဲ၊ ကျုပ်တို့ရပ်ကွက်ထဲမှာ ကဗျာဆရာတစ်ယောက်ရှိတယ်လေ၊ သူ့ကဗျာတွေဘာတွေက မဂ္ဂဇင်းထဲမှာ တစ်ခါတလေပါတယ်လေ. . တော်၊ ရှင်မသိဘူးလား. . နာမည်ကဘာတဲ့”

“ဩော်. . သိပြီ. . အကွာရာ၊ ကဗျာယောင်ယောင် စာပေယောင်ယောင်ကောင်၊ မနေ့ကတောင် သူ့ရည်းစား သူများနောက်ပါသွားလို့ဆိုပြီး အရက်ဆိုင်မှာ အရက်လာထိုင်သောက်နေတာ တွေ့သေးတယ်”

“အေးလေ. . ဘာပဲဖြစ်ဖြစ် သူ့မှာများ အဆက်အသွယ်လေး ရှိလိုရှိငြား မေးကြည့်ပါလားတော်၊ ရှင်နဲ့လည်း သောက်ဖော်သောက်



www.burmeseclassic.com

www.burmeseclassic.com



ဖက် ခင်နေတာပဲ"

ကျွန်တော့်ဝါသနာနှင့် ရည်မှန်းချက်ကို အထမြောက်အောင် ဝိုင်းဝန်းစဉ်းစားပေးနေကြသော ကိုလူသစ်နဲ့ မခင်စပယ်ကို ကျွန်တော် ကျေးဇူးတင်နေမိ၏။

"တီ. . တီ. . တီ"

"ဟော. . သူဌေးလင်မယား လာကြပြီထင်တယ်၊ စပယ်ရေ"

ကိုလူသစ် ထိုင်နေရာမှ အိမ်အပြင်ကို ကဲကြည့်လိုက်သည်။

"ဟုတ်တယ်. . ဟုတ်တယ်၊ အမလေး တော်ပါသေးရဲ့ ဒီနေ့ စောစောစီးစီး ရေချိုးပြီးသွားလို့ နို့မို့ဆို သူတို့ကလေးကို ကိုယ်ဝန်လွယ် ပေးထားပြီး ညစ်ညစ်ပတ်ပတ်နေတယ်လို့ ပြောခံရမှာ"

မခင်စပယ် ပြောလည်းပြော ထိုင်ရာမှလည်း ထသွားကာ ဇိမ်ခံ ကားပေါ်မှ ဆင်းလာသော အသက်ခပ်ကြီးကြီး သူဌေးလင်မယား နှစ်ယောက်ကို ပျာပျာသလဲ ခရီးဦးကြိုပြု၏။ မခင်စပယ် သူတို့လက် ထဲမှာ ကိုင်ထားသည့် လက်ဆွဲအိတ်ကြီးကိုကြည့်ပြီး မျက်လုံးအရောင် ပို၍ တောက်သွားသည်။

ထိုအိတ်ထဲမှ ပစ္စည်းတွေသည် မခင်စပယ် မွေးရဖွားရလွယ် ကူစေရန် အင်အားရှိဖို့ ဝယ်လာသည့် ဒိတ်ဒိတ်ကြဲ အစားအသောက် တွေဆိုတာ ကျွန်တော်ပင် ခန့်မှန်းမိ၏။ ဒါဟာ. . ကျွန်တော့်အတွေး အခေါ်တွေ နည်းနည်းတိုးတက်လာခြင်းပင်။

"ကြွကြပါရှင်၊ ကြွကြပါ"

မိန်းမကြီးက အရင်ဆုံး အိမ်ပေါ်ကို တက်လာ၏။ ဝတ်ထား သော စိန်တွေရွှေတွေကြောင့် တစ်ကိုယ်လုံး ကိုယ်ရောင်ကိုယ်ထည် တောက်ပစွာဖြင့် ဖိတ်ဖိတ်တောက်နေသည်။





သူတို့ လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ကြရန် ကျွန်တော် အိမ် ထဲဝင်လာလိုက်၏။

လောကကြီးထဲမှာ မိစစ်ဖစစ်မဟုတ်တဲ့ ကလေးတွေ ဘယ် နှစ်ယောက်လောက် မွေးဖွားလာကြဦးမလဲ မသိ။

ခေတ်က မီးရှုံတင် မဟုတ်ဘူး၊ လွန်ထွက်နေ၍ စာရေးဆရာ ဖြစ်ချင်သော ကျွန်တော့်မှာ ခေတ်နှင့် မျက်ခြည်မပျက်အောင် အမီ လိုက်ရပေတော့မည်။



www.burmeseclassic.com



# အခန်း(၁၂)

အမှန်တော့ ကိုလူသစ်နှင့် မခင်စပယ်တို့ လင်မယား အပါအဝင် ဒီဆင်ခြေဖုံး ရပ်ကွက်ထဲမှ လူတော်တော်များများသည် အမျိုးအမည် မတူသော အငှားလိုက်သည့် လုပ်ငန်းအချို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။

ငွေကြေးမြိုးမြိုးမြတ်မြတ်ရလျှင် မသမာတာရော သမာတာရော အကုန်လုပ်သည်။

ရည်းစားအငှား၊ မယားအငှား၊ လင်အငှား၊ ကိုယ်ဝန်အငှား၊





မိဘအငှား၊ ထောင်အငှားကျတာ. . လူမိုက်ငှားတာကအစ လိုအပ်တာမှန်သမျှ အငှားရသည်။ ယုတ်စွအဆုံး ခွေးအငှားထိန်းသည့် အလုပ်ကအစ ရှိသည်။

ကျွန်တော့်ဘဝ တစ်သက်တာမှာ ထိုသို့သော အငှားလိုက်သည့် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ထိုရပ်ကွက်လူတန်းစားမျိုး မကြုံဖူးခဲ့။

"ဟာ. . မိုးဦး၊ မင်း ဘယ်တုန်းက ထောင်ထဲက ထွက်လာတာလဲ"

လက်ဖက်ရည်ဆိုင်မှဖွင့်သော မျိုးကြီးသီချင်း နားထောင်ရင်း ဆိုရပ်ကွက်နေ လူတန်းစားလေးအကြောင်းတွေ တွေးနေသော ကျွန်တော့်အတွေးတွေကို. . ကိုလူသစ် နှုတ်ဆက်လိုက်သော လူအနားမှာ လာဝင်ထိုင်မှပင် အတွေးတို့ ပျက်သွားရ၏။

"တစ်နေ့ကပဲ လွတ်လာတာဗျ"

"အဆင်ပြေတယ် မဟုတ်လား၊ တစ်နှစ်ဝင်ပေးလိုက်ရတော့ မင်း ဘယ်လောက် ခိုင်သွားလဲ"

"ပုံးငါးဆယ်ထဲပါဗျာ၊ ကျွန်တော်က ပုံးတစ်ရာလောက် မှန်းထားတာ၊ အလကား ဝင်ရကျိုး မနပ်ဘူး၊ ထောင်ထဲမှာ သန်းကြီးမတိုက်တာနဲ့ ဝဲပေါက်ခဲ့တာပဲ အဖတ်တင်ခဲ့တယ်"

"ဘာပဲဖြစ်ဖြစ် ပေါင်ထားတဲ့ မင်းရဲ့အိမ်လေး ပြန်ရွေးနိုင်တာအမြတ်လို့ပဲ သဘောထားလိုက်ပေါ့ကွာ"

"ဒါနဲ့. . မင်း ညီမ ချိုချိုခိုင်ရော အငှားရည်းစားလိုက်ရင်းနဲ့ အကောင်နဲ့ငြိပြီး ပါသွားတယ်ဆို"

"ဟုတ်တယ်လေ ဟိုဘက်မိဘတွေက သဘောမတူလို့ ပြဿ

www.burmeseclassic.com



နာတွေ တက်နေကြတယ်၊ မိချိုကဖြင့် ဗိုက်တောင် ထွက်တော့မယ်. . သူတို့က သဘောမတူဘဲ ခွဲနေကြတုန်း"

"ဒါဆိုလည်း သူ့ကောင်လေးက ရေလျှံတာပဲ၊ လွတ်ရာလွတ်ကြောင်းမှာ သွားခွေနေလိုက်ကြပေါ့ကွာ"

"မပြောတတ်ပါဘူး ကိုသစ်ရာ၊ ကျွန်တော်လည်း ညီမကိစ္စဆိုပေမယ့် ဝင်ပြီး ဖင်မကျိန်းချင်တော့ပါဘူး၊ သူတို့ဖူးစာနဲ့သူတို့ အချိန်တန် ညားကြမှာပဲလေ"

ဂျိုကာ ရေနွေးခွက်တစ်ခွက် ငှဲ့သောက်ရင်း ကျွန်တော့်ထံသို့ ဝေ့ကြည့်၏။

"သူက ဘယ်သူလဲ၊ ကျွန်တော်တို့ ရပ်ကွက်က မဟုတ်ဘူးနော်"

"အဲ့ဒါ ငါ့ညီဝမ်းကွဲလေ. . စာရေးဆရာ ပေါက်စလေးပေါ့၊ လုံးချင်းဝတ္ထုတွေရေးဖို့ အဆက်အသွယ် ကောင်းကောင်းမရှိတာနဲ့ ငုတ်တုတ်မေ့နေတာ၊ ဟော့ကောင်. . . အရေးအသားကတော့ ခုခေတ်နာမည်ကြီး စာရေးဆရာတွေ ထိုင်ငိုသွားရလောက်အောင်ကို ကောင်းတာနော် မယုံမရှိနဲ့"

ကိုလူသစ် ပိုပိုသာသာလေး ပြောနေသဖြင့် ကျွန်တော် မျက်နှာပူပူနှင့်ပင် ငြိမ်နေလိုက်ရသည်။

"အဲဒီလို လောကထဲ ဝင်တယ်ဆိုတာ လူခံရှိမှဗျ၊ တော်ရုံတန်ရုံ အရည်အချင်း အတွေ့အကြုံလောက်နဲ့ တိုးဖို့မလွယ်ဘူး"

ဂျိုကာ၏ ဝေဖန်ချက်ကို သိပ်သဘောမကျချင်ပေမယ့် သူပြောတာလည်း ဟုတ်နေသဖြင့် ကျွန်တော် အသာပင် ငြိမ်နေလိုက်သည်။

"ကဲ. . အစ်ကိုသစ်၊ ကျွန်တော် အိမ်ပြန်နှင့်တော့မယ်ဗျာ. .





အစ်မဈေးသွားရင် အိမ်မှာ ဘယ်သူမှ မရှိဘူး ဖြစ်နေဦးမယ်"

"အေး. . အေး . . ငါ ဒီမှာ လေဖောလိုက်ဦးမယ်ကွာ. . ၊ မင်းပြန်နှင့်လိုက်တော့"

ကျွန်တော် ကိုလူသစ်ကို ခေါင်းညိတ်ပြပြီး ကိုဂျိုကာကို ခပ်ဖျော့ဖျော့ ပြုံးပြနှုတ်ဆက်ပြီး ဆိုင်ထဲမှ ထထွက်လာလိုက်သည်။

ရင်ထဲမှာ ရည်မှန်းချက်တွေ အရောင်မှိန်သလို ခံစားလိုက်ရ၏။

လေထုထဲကို ပင့်သက်ဌွေ့ဌွေ့ မှုတ်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

"ဖြန်း . . ဖြန်း"

"ဘုန်း . . ဘုန်း . . ဘုန်း"

"ခွပ် . ."

"သေမှာမကြောက်လို့ ပေတစ်ရာလျှောက်နေတဲ့ ကုဋေကုဋာ အခြောက်ဟဲ့ . . ၊ နင့်လို လေတိုက်တိုင်း ယိမ်းနေတဲ့ စာခြောက်ရုပ် ခန္ဓာကိုယ်လောက်ကို ငါက ဆွဲလှည့်ပြီး ဇော့ယမ်းပစ်လိုက်လို့ရတယ်"

"နှစ်ဖက်ချွန်မ၊ နင့်ရဲ့ အေကိုက်နေတဲ့လက်နဲ့ ငါ့ဆံပင်ကို မဆွဲနဲ့"





"ဆွဲတယ် ဆွဲရုံမကဘူး၊ နင့်အမွေးကို ဟောဒီလို ဆွဲနုတ်မယ်၊ အင်းဟယ် . . အင်းဟယ်၊ ငါ့ကို မော်ဒကီး ဂျော်ဒကီး လာမလုပ်နဲ့"

"အောင်မလေး . . သေပါပြီတော့"

"ဟဲ့ . . ဟဲ့ . . သတ်ကုန်ကြပြီ၊ လုပ်ကြပါဦး . . ဆွဲကြပါဦး"

"ဟယ် . . အခြောက်က အပေါ်ကဟဲ့"

"အေးလေ . . . ဟိုကောင်မက ဘယ်လိုလုပ် အားရှိမှာလဲ၊ ဒီတော့ အောက်မှာနေရမှာပေါ့"

"အခြောက်တွေက သန်တယ်နော်"

"အီး . . ကောင်မ . . နင် ငါ့ကိုလွှတ်နော်"

"ဟော့ . . တော်ကြစမ်း၊ နင်တို့နပန်းပွဲ ခုရပ်လိုက်"

"ဘုန်း . . ဖြန်း"

"အီး . . ကောင်မ လွှတ်နော်"

"မလွှတ်ဘူး၊ နင် ဂွင်တည့်ချင်လို့ . . ငါ ယတြာဆင်ပေးလိုက် တုန်းက နင့်မျက်ခွက်က အဲလိုလား၊ ဟမ် . . ကာလနာမ၊ ဗေဒင်ဟောခ ပိုက်ဆံမပေးနိုင်လို့ ငါ့အကြွေးတွက်ပေးလိုက်တာလေ . . ကောင်မရဲ့၊ အခု . . နင် မယားအငှားလိုက်လို့ ပုံးမှန်နေတာတောင် ငါ့အကြွေးကို မဆပ်ဖူး မဟုတ်လား"

"ဟော့ . . တော်ကြတော့လို့ ပြောနေတယ်နော်"

ရန်ပွဲက ဆယ်အိမ်မှူးဝင်ပြီး တားတာတောင် မရပ်သေး။

ကျွန်တော် အိမ်ရှေ့မှ ဆူဆူညံညံအသံတွေကြောင့် စာဖတ်နေ ရင်းမှ အပြင်ကို ထွက်ကြည့်လိုက်သည်။

သူတစ်ပြန်ကိုယ်တစ်ပြန် သူ့အောက်ရောက်လိုက် ကိုယ့် အောက်ရောက်လိုက်နှင့် လယ်ကွင်းထဲမှာ ကျွဲပိန်နှစ်ကောင် လုံးထွေး



www.burmeseclassic.com

www.burmeseclassic.com



သတ်ပုတ်နေကြသလို ကျွန်တော် ကြည့်ကောင်းကောင်းနှင့်ပင် ရပ်ကြည့်နေရသည့်အဖြစ်။

“မင်းအတွက် ငါတို့ရပ်ကွက်အထာက ထူးဆန်းနေတယ် မဟုတ်လား ရိုးဂုဏ်.. အဲဒါ တို့ရပ်ကွက်လေးရဲ့ စတိုင်လ်ပဲ၊ လက်လုပ်လက်စား အောက်ခြေလူတန်းစားတွေ ဆိုတော့လည်း အရှက်တရားတွေ စောင့်စည်းထိန်းသိမ်းခြင်း ဆိုတာတွေကို ဘယ်သိတော့မလဲ၊ မင်းအတွက် စာရေးဖို့ ကုန်ကြမ်းတွေ အများကြီး ရတာပေါ့ကွ”

“အင်း.. ဟုတ်တော့ ဟုတ်တယ်ဗျ၊ ကိုသစ်ပြောသလို ရန်ကုန်စရောက်ကတည်းက ကျွန်တော်ကြုံတွေ့ မြင်ခဲ့ရသမျှတွေဟာ ကျွန်တော့်အတွက် ကုန်ကြမ်းတွေချည်းပဲ၊ အထူးသဖြင့် ကိုသစ်တို့ အငှားရှာကလေးက အဖြစ်တွေပေါ့”

ကိုလူသစ်နဲ့ စကားပြောနေတုန်း ရန်ပွဲက ရှဲသွားသဖြင့် ကျွန်တော်ရော ကိုသစ်ရော အိမ်ထဲ ပြန်ဝင်လာခဲ့ကြသည်။

“ကဲ.. ဦးစပ်စု နှစ်ယောက်ရေ၊ ထမင်းစားလို့ရပါပြီ”

အိမ်ထဲမှ အသံလှမ်းပြုနေသော မရီးအသံကြောင့် နှစ်ယောက်သား ထမင်းစားပွဲရှိရာ အိမ်လယ်ခန်းသို့ ဝင်လာခဲ့ကြ၏။

“ဟာ.. ဟင်းတွေက ရှယ်ပဲ၊ အစ်.. အစ်မ.. ဒီဟင်းတွေကို အစ်မကိုယ်တိုင် ချက်ထားတာ ဟုတ်ပါတယ်နော်”

“ဟဲ့.. ငါ့မောင်၊ ဒီဟင်းတွေကို အစ်မ မချက်လို့ ဘယ်ဟိုတယ်က လှမ်းမှာရမှာလဲလို့”

“ငါ့ညီ.. မင်း ဘာမှမမေးနဲ့တော့.. စားစရာရှိတာသာ ဝင်စား၊ ငါတို့ခုလို ပုစွန်တုပ်ဟင်းတွေ ဆိတ်သားနှပ်ဟင်းတွေ နို့မှုန့်တွေ အိုဗာတင်းတွေ သောက်နေရတာ.. ပန်းသီးနီနီကြီးတွေ စားနေရ





တာတွေဟာ ငါတို့လင်မယား အစွမ်းအစကြောင့် မဟုတ်ဘူး”

“ဟမ်.. ဒါ.. ဒါဆို သွားတွမ်းလာတာလား”

“အေး.. ဒီလိုပဲပေါ့၊ အဲလေ.. ဟာ.. ဟော့ကောင် မင်းနှယ် ဘယ်ကလာ တွမ်းရမှာလဲ၊ ဒီကလေး ကျွေးတာကွ.. ဒီကလေးကျွေးတာ ရှင်းလား”

ကိုလူသစ် မခင်စပယ်ဗိုက်ကို လက်ညှိုးထိုးပြီး ဖြေ၏။

ကိုလူသစ်က ရှင်းလား.. မေးပေမယ့် ကျွန်တော် မရှင်းပါ၊ ကျွန်တော် မခင်စပယ်၏ စူထွက်နေသော ဗိုက်ကိုကြည့်လိုက် စားပွဲခုံပေါ်မှာ တင့်တယ်ထယ်ဝါနေသည့် ပုစွန်တုပ်ဟင်း ဆိတ်ကလီစာဟင်း၊ ကြက်သားဆီပြန်ဟင်းတွေကို တလှည့်ကြည့်ပြီး အူလည်လည် ဖြစ်နေ၏။

“အစ်ကိုသစ်.. မ.. မဖြစ်နိုင်ဘူး ထင်တယ်နော်၊ ကလေးက ဗိုက်ထဲမှာ သူ့ဟာသူ နေတာလေ၊ ဘယ်လိုလုပ်ပြီး ဒါတွေ ကျွေးနိုင်မှာလဲ”

“ဟာ.. ပိန်းလိုက်တာကွာ၊ ဒါနဲ့များ စာရေးဆရာ လုပ်ဦးမယ်တဲ့.. ငါပြောတာ ဒီကလေးကြောင့် ဒီကလေး မိဘတွေက မင်းအစ်မ အားရှိရှိစားရအောင် ဒါတွေကို မကြာမကြာ လာပို့တယ်.. ဒါကို ပြောတာ”

“သြော်.. ဒီလိုလား၊ အဲ့လို.. ဒွဲ့ပြောပါလား အစ်ကိုသစ်ရာ”

ကျွန်တော် အရှက်ပြေရယ်တော့ ကိုလူသစ်က ကျွန်တော့်ကို ရိုးရန်ကောဟူသောအကြည့်ဖြင့် ကြည့်ပြီးရယ်၏။

“ဗျို့.. ကိုလူသစ်ရေ”

“ဟေ.. အကွာရာလား၊ လာကွာ.. ကြုံတုန်း ထမင်းဝင်စား”



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာ အိမ်ပေါ်တက်လာပြီး ထမင်းဝိုင်းရှိရာသို့ ဝင်လာ၏။

"ဟ. . စားမှာပေါ့၊ ထမင်းဝိုင်းနဲ့ တိုးလို့မှ ထမင်းမစားရင်. . ကိုလှသစ်နဲ့ ကျွန်တော့်ကြားက ခင်မင်မှုက ဘယ်အသက်ဝင်တော့မလဲ ဟုတ်ဘူးလား"

ထမင်းဝိုင်းထဲ စွေ့ခနဲ ဝင်ထိုင်လိုက်သော အက္ခရာကို ကြည့်ပြီး မခင်စပယ် မသိမသာ မဲ့လိုက်သည်။ ကဗျာဆရာ အက္ခရာ ဆိုတာက နာမည်ကြီး။

သူ့ကဗျာတွေ ကောင်းလွန်းလို့ နာမည်ကြီးတာ မဟုတ်ဘူး။ ရည်းစား သူများနောက် လိုက်သွားကတည်းက တစ်နေ့သုံးကြိမ် အိမ်လည်တဲ့သူ၊ သူ အိမ်လည်တဲ့အချိန်က မနက်ခင်းစာ စားနေတဲ့အချိန်၊ နေ့ခင်းစာနဲ့ ညနေစာ စားနေတဲ့ အချိန်တွေပဲ၊ အိမ်လည်ပြီး ထမင်းလိုက်စားနေဟဲ့သူ။

"အက္ခရာ စားကွာ"

"စားတာဟုတ်တယ်၊ ကျွန်တော့်ကို ဘာကိစ္စရှိလို့ ခေါ်ခိုင်းတာလဲ"

"သြော်. . ဒီလိုကွာ၊ ငါ့ညီ စာရေးဆရာ ပေါက်စလေး. . အဲခု လောလောဆယ်တော့ ဝါသနာရှင်အဆင့်ပေါ့ကွာ၊ အဲ့ဒါ. . မင်းမှာများ အဆက်အသွယ်ကောင်းလေးများ ရှိမလားလို့"

အက္ခရာ လက်ဆေးရေခွက်ထဲ လက်နှိုက်ဆေးပြီး မခင်စပယ် ခူးပြီး ချပေးသော ထမင်းပန်းကန်ကို လှမ်းယူရင်း ကျွန်တော့်ကို လှမ်းအကဲခတ်သည်။

"ကိုလှသစ်ညီက ဘယ်လိုင်းကို အားသန်တာလဲ"





"ဘာကိုလဲ မင်းမေးတာ ငါ နားမလည်ဘူး၊ လိုင်းဆိုတာ ဘာကို ပြောတာလဲ"

ကိုလှသစ် အူလည်လည်ဖြင့်မေးတော့ အက္ခရာရယ်ရင်း. .

"ကိုလှသစ်ညီက အချစ်လိုင်းလား၊ ဂမ္ဘီရလိုင်းလား၊ ဟာသလိုင်းလား၊ ဒါကိုမေးတာ"

"သြော်. . အဟဲ. . အဲလိုမေးတာလား၊ ကဲ. . ရိုးဂုဏ် ဖြေလိုက်လေ. . မင်းက ဘယ်ဟာသန်တာတုန်း"

"အကုန်သန်ပါတယ်"

"ဟမ်. . အကုန်သန်တယ် ဟုတ်လား၊ ဟား. . ဟား. . ကိုလှသစ်ညီက အတော်လောဘကြီးတာပဲ"

"ကျွန်တော် ဘယ်လိုင်းပဲ ရေးရရေးရ ကြိုးစားပြီး ရေးမှာပါ။ အဓိကက ကျွန်တော် စာပေလောကထဲ ရောက်ဖို့ပဲ"

"အင်းလေ. . ဒါဟာ စာရေးဆရာ ဖြစ်ချင်သူတွေရဲ့ ပြင်းပြတဲ့ ဆန္ဒပဲလေ. . ငါ ကိုယ်ချင်းစာပါတယ်၊ နေဦးကွ. . ဟိုတစ်နေ့က ငါ စာအုပ်တိုက်သွားတုန်းက ထုတ်ဝေသူ ကိုကောင်းမြတ်နဲ့ စကားပြောနေတဲ့ စာရေးဆရာမလေးတစ်ယောက်ကို တွေ့တယ်ကွ၊ သူ့ကလောင်ခွဲအတွက် ရှဲဒိုးစာရေးဆရာတစ်ယောက် လိုချင်လို့ ရှာခိုင်းနေတာ ကြားတယ်၊

အင်း. . ဒီလိုလုပ်ပါလား၊ မင်းမှာ ရေးထားတဲ့ စာမူကြမ်းတွေ ရှိရင် ငါ့ကို ပေးလိုက်လေ၊ ငါ ကိုကောင်းမြတ်ကနေတစ်ဆင့် ပို့ပေးကြည့်မယ်၊ မင်းအရေးအသားကို သူတို့သဘောကျတယ် သုံးမယ်ဆိုရင်တော့. . မင်း အလုပ်ရပြီပေါ့ကွာ"

အားရှိစရာကောင်းသော ကိုအက္ခရာစကားကြောင့် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ရင်ထဲ ပျော်လွန်းလို့ ကတုန်ကယင်တောင် ဖြစ်၍သွားသည်။

“ကျွန်တော့်မှာ စာမူကြမ်းတွေ အများကြီးရှိတယ် အစ်ကို. . ကျွန်တော် ပေးလိုက်ပါ့မယ်၊ အစ်ကို့ကို ကျေးဇူးလည်း တင်ပါတယ်”

“မလိုပါဘူးကွာ၊ ကိုလူသစ်ကျေးဇူးတွေ ငါ့မှာ အများကြီး ရှိတယ်၊ ငါ့ဘက်က ဒီလောက်လေး ကူညီရတာကို မင်းစိတ်ထဲ ခေါင်းစဉ်အကြီးကြီး တပ်မထားပါနဲ့”

ကိုအက္ခရာ ဟင်းပန်းကန်ထဲမှ ပုစွန်တုပ်တစ်ကောင်ကို သူ့ထမင်းပန်းကန်ထဲ ခပ်ထည့်ပြီး ဆို၏။

ကျွန်တော့်မှာသာ ဝမ်းသာလွန်း၍ စားလက်စ ထမင်းပင် ဆက်မစားနိုင်တော့။

“ကြာပါတယ်ကွာ၊ မင်းစာမူတွေ ဒီနေ့ပဲ ငါ စာအုပ်တိုက်ကို သွားပြပေးမယ်၊ အဲဒီ စာရေးဆရာမက သဘောကျပြီ ဆိုရင်တော့မင်း သူနဲ့သာ သွားတွေ့ပြီး အလုပ်စကားပြောတော့၊ စာရေးဆရာမရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကို ငါတောင်းလာခဲ့မယ်”

“ဟုတ်ကဲ့ ကိုအက္ခရာ၊ ဒါဆို ကျွန်တော် စာမူတွေ သွားယူ လိုက်ဦးမယ်”

ကျွန်တော် ထမင်းပင် မစားနိုင်တော့မယ့် အတူတူ လက်ကို ကပျာကသီဆေးပြီး ကျွန်တော့်ကို အပိုင်စားပေးထားသည့် အခန်း ကျဉ်းလေးထဲဝင်ပြီး စာမူတွေကို ယူလိုက်သည်။

ကျွန်တော် ကုသိုလ်ကံ အလွန်ကောင်းသူတစ်ယောက်ဟု ကိုယ့်ကိုယ်ကိုယ် အတွေးဝင်မိ၏။

ရန်ကုန်ကို စရောက်ကတည်းက ကံကောင်းခြင်းတွေ မကြုံဖူး သေးဘူးဟု အားလျော့သော အတွေးဝင်မိ၏။ အမှန်တော့ ကံဆိုးခြင်း





တွေထဲမှာ ကံကောင်းခြင်းလေးတစ်ခုက မှိန်ဖျော့ဖျော့ကျန်ခဲ့သည်ကို ကျွန်တော် သတိမထားမိခဲ့တာဖြစ်သည်။

ရန်ကုန်ကို ခြေချမိသည်နှင့် ကျွန်တော်နှင့်အတူ ပါလာသော ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ကျွန်တော့်ကို ထားသွားကြသည်။ ကျွန် တော်နှင့်အတူ အဖော်နေပေးခဲ့သည်က ကျွန်တော့်စာအုပ်ပုံးကလေး သာ ဖြစ်သည်။

ဒါသည်ပင် ကျွန်တော် စာပေလောကထဲဝင်ဖို့ အလင်းရောင် တစ်ခု ဖြစ်နေလိမ့်မည်ဟု ကျွန်တော် ရိုးအနုံချာစွာ သတိမထား မိခဲ့တာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အငှားရှာဟု ကျွန်တော်ကိုယ်တိုင် သမုတ်ထား သော ထိုရပ်ကွက်လေးသည် ကြမ်းတမ်းပြီး အရောင်စုံသည့်ဘဝတွေ အများကြီး ရှင်သန်နေကြပြီး ကျွန်တော့်အတွက် ရသစုံလင်သော မယ် လိုဒီတစ်ပုဒ်ကို ခံစားနေရသလို ထူးဆန်းနေ၏။

ဘဝတွေကို ပုံဖော်ဖို့ ကြိုးစားနေတဲ့ ကျွန်တော့်အဖို့ ဒါတွေ အားလုံးဟာ ကျွန်တော့်ရဲ့ အသိဉာဏ် သိုလှောင်ရုံထဲမှာ သိုမှီးထားရ မယ့် ကုန်ကြမ်းတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

တို့ဟူးသုပ်ရောင်းနေသော အဘဒေါင်းနှင့် တို့ဟူးသုပ်ဝယ်နေသော ကျွန်တော့်နားသို့ လူရွယ်တစ်ယောက် ရေးကြီးသုတ်ပျာဖြင့် ရောက်လာပြီး. . .

"အဘရေ အဘအတွက်တော့ အလုပ်ပေါ်ပြီဗျ"

"ဟေ. . . ဘာအလုပ်လဲ"

အဘဒေါင်း ဝါးတစ်ချောင်းနှင့် တို့ဟူးတုံးကို ခပ်စိပ်စိပ်လှီးနေရင်းမှ ဝင်လာသော လူငယ်ကို လှမ်းမေးလိုက်၏။

"မိန်းမလိုက်တောင်းပေးဖို့လေ၊ အဖေနေရာကနေပြီး အကျိုး





ဆောင်ပေးခ တစ်သောင်းခွဲ ရမယ်ဗျ"

တစ်သောင်းခွဲဆို၍ အဘဒေါင်းမျက်နှာ ဝင်းထိန်သွားသည်။

"ငါ တစ်ယောက်တည်းလား. .၊ ငါ့မိန်းမရော ပါလား"

"ပါတယ်"

"ဒါဆို မိစုံဖစုံငှားတာနော်၊ နှစ်ယောက်ဆိုတော့ သုံးသောင်း"

"အင်းပါ ကျွန်တော့်သူငယ်ချင်းက မကပ်ပါဘူး. . ပေးမှာပါ၊ အဲ. . အဘတို့သာ ဝတ်ကောင်းစားလှတွေ ဝတ်ခဲ့ကြပေတော့"

"ဒါတော့ စိတ်ချ၊ အေးမာ ပင်မင်းဆိုင်မှာ တိုက်ပုံပုဆိုး ပွဲတက်ဝတ်စုံ အကုန်ငှားလို့ရတယ်၊ မင်းသာ အချိန်အတိအကျပြောညနေ ငါ တို့ဟူးသုပ် မထွက်ဘူး"

"ညနေ ငါးနာရီလောက် ကားလွှတ်လိုက်မယ်လေ၊ ကြီးဒေါ်ကတန်တော့ပွဲတင်ရမှာနော်. ."

"ဒီလောက်တော့ ငါတို့လုပ်နေကြပဲ. . မပူပါနဲ့၊ လုပ်စားလာတာ ဖင်ခွေနေပြီ. . ဟား. . ဟား. . ဟား. . ငါတို့အယောင်ဆောင်အာပိပြင်လွန်းလို့ ရုပ်ရှင်သာဆို အကယ်ဒမီသုံးလေးခုတောင်ရနေလောက်ပြီ. . ဟား. . ဟား. . ဟား. ."

အဘဒေါင်းပြောရင်းဖြင့် တဟားဟားအော်ရယ်၏။ ကျွန်တော်ပါ ဘေးမှာရပ်နားထောင်နေရင်းမှ ရောယောင်ပြီးလိုက်ရယ်လိုက်သည်။ ကျွန်တော့်အတွက် စာရေးဖို့ ကုန်ကြမ်းတစ်ခုပြီးတစ်ခု ထပ်တိုးနေသဖြင့် ကျွန်တော် ထိုအငှားရွာလေးရှိ လူတန်းစားတွေကို ချစ်မိသွားပါသည်။

လူ့ဘဝဆိုတာ ပန်းချီကားတစ်ချပ်လို ဆေးစက်ချရာအရုပ်ထင်နေရပေမယ့် စီးပွားရေးအခြေအနေအလွန်ညံ့သော ထိုရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ လူတန်းစားအချို့၏ စိတ်နေစိတ်ထား အကျင့်စရိုက်သဘော သဘာဝတွေအားလုံးထဲမှ ဘဝ၏ဒဿနတွေ အများကြီးမွေးထုတ်ပေး နေ၏။

ဘဝကို အချိန်တွေနဲ့ဖြတ်သန်းရင်း သူတို့အလုပ်ကိုသူတို့ ကျေနပ်စွာလုပ်ကိုင်နေကြသော အင်္ဂါးရွာလေးရှိ လူတန်းစားအချို့သည် သူတို့၏ ဒုက္ခဆိုသောအရာကို သူတို့ကိုယ်တိုင် လှအောင်ဖန်တီးပြီး ရိုးစင်းစွာဖြင့် အနာဂတ်ကိုဆက်လျှောက်နေကြတော့မည့် သူရဲကောင်းတွေ. . ဟင်. . အခု. . ကျွန်တော်လည်း အင်္ဂါးရွာသားတစ်ယောက် ဖြစ်နေပြီလေ။





# အခန်း(၁၅)

အရိပ်လိုချင်ရင် နေပူကစောင့်ဆိုသလိုပင် ကဗျာဆရာ အက္ခရာထံမှ မင်္ဂလာသတင်းကြောင့် ကျွန်တော်သည် ရှဲဒိုးစာရေးဆရာ ဖြစ်ရန်ကို အက္ခရာလိပ်စာပေးလိုက်သော အနှိုစာရေးဆရာမလေး ထံသို့ အစ်ကိုသစ်နှင့်အတူ ရောက်လာခဲ့ကြ၏။

ခမ်းနားထည်ဝါသည်ဟု ပြော၍ရမလောက်သည့်အိမ်ကြီးကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲ အနည်းငယ်တော့သိမ်ငယ်သွားမိပါ၏။

သို့သော် ကျွန်တော့်၏စာပေကလောင်သွေးဖို့အတွက်လေ့ ကျင့်ကွင်းထဲဝင်မည့် ဂိတ်ပေါက်တစ်ခုဖြစ်သည့် ထိုအိမ်ကြီးထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မဝင်ရဲစရာအကြောင်းမရှိ။ သိမ်ငယ်နေသော ကျွန်တော့်စိတ်ကို အမူးသမားအရက်ဖြင့် ရဲဆေးတင်သလို ကျွန်တော်သည်လည်း ငါဟာ တစ်ချိန်မှာ ပရောဖက်ရှင်နယ်တစ်ယောက် ဖြစ်ရမည်ဟူသော ခံယူချက်ဖြင့် ကျွန်တော့်စိတ်ကိုရဲဆေးတင်လိုက်ပြီး အိမ်ကြီးထဲသို့ဝင်ရန် ရဲဝံ့သောခြေလှမ်းတွေဖြင့် စတင်လိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်. ."

ရုတ်တရက် စူးစူးဝါးဝါးထိုးဟောင်လိုက်သော ခွေးဟောင်သံကြီးကြောင့် အိမ်ကြီးဆီရောက်လုရောက်ခင်ဖြစ်နေသော ကျွန်တော်ရော အစ်ကိုသစ်ရော ဖရိုဖရဲခြေလှမ်းတွေဖြင့်လန့်သွားသည်။

"ဟဲ့. . ပလုတ်တုတ်. . သောက်ခွေး"

"ဟဲ့ခွေး. . ဟဲ့ခွေး. . ရှူး. . တောက်. ."

ကျွန်တော်ရော အစ်ကိုသစ်ရော ခွေးကြီးနှစ်ကောင်ကိုမြင်လိုက်သည်နှင့်လန့်သွားကြသည်။ ထို့ကြောင့် အသံဖြင့်လှမ်းခြောက်လိုက်ကြသည်။ ကျွန်တော်တို့ခြောက်လှန့်သံကို အင်းခွေးကြီးနှစ်ကောင်က လုံးဝ မဖြုံရေးချမဖြုံ. . .။

လျှာတစ်လစ်ကြီးဖြင့် ဖွေးနေသောအစွယ်တွေထုတ်ပြ၊ အမုန်းမီးတွေစွေကာ အငြိုးတကြီးထိုးဟောင်နေဆဲ။ ခုချိန်မှာ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်၏အဖြစ်က သူတို့ပြုသမျှနုရတော့မည့် သားကောင်နှစ်ကောင်ပေါ့. . .၊

"ရှိုး. . ရှိုးဂုဏ်၊ အစွယ်ကြီးတွေက ဖွေးနေတာပဲ. . အရင်းတနေပြုတ်အောင်ကိုက်မယ့်ကောင်တွေကွ. ."

အစ်ကိုသစ် ထိုသို့ပြောတုန်းရှိသေးသည် သူတို့နှစ်ကောင် ကျွန်တော်တို့ဆီ တစ်ဟုန်ထိုးပြေးဝင်လာကြသည်။





"ဟာ. . လာပြီ. . ပြေး. . ပြေး"

"အောင်မလေးဗျ. . ခွေးရူးပြန်ရောဂါနဲ့တော့ မသေပါရစေနဲ့"

"ဝုန်း. ."

"ဗွမ်း. ."

ကျွန်တော်ရော ကိုသစ်ရော ပြေးမိပြေးရာပြေးရင်း နောက်ဆုံး ရေကူးကန်ထဲကို ပြိုင်တူခုန်ချလိုက်သည်။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ဖားလက်တက်ကလေးတွေလို ယက်ကန်ယက်ကန်ရေကူးနေရင်းမှ ကန်ဘောင်ပေါ်မှ အစွယ်တဖွေးဖွေးနှင့် ရန်လိုနေသော ထိုခွေးကြီးနှစ်ကောင်ကို သွေးပျက်စွာကြည့်လိုက်ကြသည်။

"ဟေ့. . ဂျက်ကီနဲ့. . ဘရက်ကီ. . ဝင်စမ်း"

စူးရှကြည်လင်သောအသံရှင်သည် ကျွန်တော်တို့ရှေ့သို့ မဟာသုရဲကောင်းမလေးသဖွယ် ထွက်ပေါ်လာသည်။ လှလိုက်တာမှ ရက်ရက်စက်စက်ကိုလှလွန်းသူပင်။

တဒင်္ဂအတွင်း စောစောကကြောက်စိတ်တွေ အခိုးအငွေ့တွေဖြစ်ကုန်၏။ ဒါ့ပြင် တစ်ပြိုင်နက်တည်းဝင်လာသော အသိတစ်ခုမှာ ထိုမိန်းကလေးကို ဘုတာရုံမှာတစ်ခါဆုံဖူးသည်ဟူသော အသိပင်ဖြစ်သည်။ သူဟာ ပန်းပွင့်လေးပဲ. . .

"ရှင်တို့က ဘယ်သူတွေလဲ. ."

"ဝတ္တုအငှားရေးဖို့လာတာပါဗျာ. ."

အဆီအငေါ်မတည့်သောအဖြေကို ဖြေလိုက်သောကိုလူသစ်ကြောင့် ကျွန်တော်က ကြားဝင်၍. . .

"ဟိုလေ. . ရှုံဒိုးရေးဖို့ခင်ဗျာ၊ ထုတ်ဝေသူ ဦးကောင်းမြတ်ညွှန်ကြားလိုက်တာပါ. ."



www.burmeseclassic.com

www.burmeseclassic.com



သူမလေးက ရေကူးကန်ထဲမှ ကြွက်စုတ်ဖြစ်နေသော ကျွန်တော့်ကိုမှတ်မိဟန်မတူ။

"ဒါဆိုရင် အိမ်ထဲလာကြ. ."

လေသံလျှော့သွား၍ ကျွန်တော်ရောကိုလူသစ်ရော ရေကူးကန်ထဲမှ အားတက်သရောတက်ခဲ့ကြသည်။

အဲ့ဒီမှာတင် ကျွန်တော့်အတွက် မဟာအရှက်တော် ကွဲဖို့ ဇာတ်လမ်းစတာပင်. . ।

ရေကန်ထဲ ဒရောသောပါးခုန်ချလိုက်သောအရှိန်ကြောင့် ကျွန်တော့်ခါးမှပုဆိုး ဘယ်အချိန်ကတည်းကကျွတ်၍နေသည်လည်းမသိ။ ဒါကို ကျွန်တော်နည်းနည်းမှသတိမထားမိဘဲ ရေကန်ဘောင်ပေါ်ကို တက်လိုက်သည်။

"အို. . ဟင်. . ဒါ. . ဒါက ဘယ်လိုပုံကြီးလဲ"

ကျွန်တော်သတိထားမိတာက သူမလေးရဲ့မျက်နှာပေါ်မှာ အထိတ်တလန့်ပြောင်းလဲသွားသော အမူအရာနှင့် ကျွန်တော့်ခါးအောက်ပိုင်းကို ကြည့်နေသောအကြည့်. . . ।

ဒီတော့ ကျွန်တော်ပါ ကျွန်တော့်ကိုယ်ကျွန်တော် ငုံ့ကြည့်လိုက်သည်။ အရှက်တရားတွေ ကြက်သီးမွေးညင်းထသွားကာ. . .

"ဟာ. . ဗုဒ္ဓေါ. ."

"ဟင်. . ရှိုး. . ရှိုးဂုဏ်၊ မင်း. . မင်း လုံချည်ရော"

အစ်ကိုသစ်မေးသံနှင့်အတူ ကျွန်တော့်ဆံပင်တွေ မိုးကြိုးထိမှန်သလိုထောင်ထသွားပြီး မျက်လုံးတွေပြာဝေသွားသည်။

Under Wear လေးသာရှိသော ကျွန်တော့်၏ပေါင်တံနှင့် ခြေသလုံးတို့သည် ဗီတာမင်ချို့တဲ့စွာဖြင့် မိန်းမလှလေးရှေ့မှာ အရှက်ခဲ့





လေပြီ။

"ဟာ. . ပု. . ပုဆိုး ရေကန်ထဲမှာကျွတ်ကျန်ခဲ့ပြီ. ."

"ဝုန်း. . . ဗွမ်း. ."

ဒီတော့ ကျွန်တော် ရှက်ရှက်နှင့်ပင် ရေကန်ထဲပြန်ခုန်ချလိုက်ရလေသည်။

ကျွန်တော့်ဘဝမှာ ထိုမျှရှက်စရာကောင်းသောအဖြစ်မျိုး တစ်ကြိမ်တစ်ခါမှမကြုံဖူးခဲ့သေးပါ။ ဒါဟာ ပထမဆုံးအကြိမ်သာဖြစ်၏။

"အဟင်း. . ခစ်. . ခစ်. . ခစ် ရှင်တို့ကို အဲ့ဒါကြောင့် ဂျက်ကီတို့ကလိုက်ဆွဲတာနေမှာပေ့ါ. . အဟင်း. . ဟင်း"

မွှန်ထူနေသောအရှက်တရားတွေကြားထဲမှ ရယ်သံလွင်လွင်လေးကြားလိုက်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)

**ကျွန်**တော့်ရင်ထဲကအရှက်တရားတို့သည် မျက်နှာပေါ်သို့ အလုအယက်ဆန်တက်လာကြပြီမို့ ကတုန်ကယင်ခြေလှမ်းတွေဖြင့် အိမ်ကြီးထဲကို မဝံ့မရဲဝင်ခဲ့၏။

“ကဲ. . . ထိုင်ကြ”

“ဟာ. . ရပါတယ်၊ မထိုင်တော့ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ ကိုယ်မှာ ရေတွေလည်းရွှဲနေတော့ ဆိုဖာတွေစိုကုန်မှာစိုးလို့ပါ”

“စိုပါစေ. . ကိစ္စမရှိပါဘူး၊ အလုပ်စကားပြောမယ့်ကိစ္စ ရှင်တို့က မတ်တတ်ကြီးဆိုတော့ ကျွန်မက မော့ပြောနေရမှာအဆင်မပြေဘူး





တစ်ကိုယ်လုံးရေတွေစိုရွှဲနေပါသည်ဆိုမှ ဧည့်ခန်းထဲ အဲယားကွန်းလွှတ်ထားသော လေအေးဓါတ်ကြောင့် ကျွန်တော့်ကျောထဲစိမ့်တက်လာပြီး မေးတောင်ရိုက်ချင်သလိုလိုဖြစ်မိ၏။ ထို့နောက် တုန်ယင်သော ရေစိုနှင့်ပင် ဆိုဖာပေါ်မဝံ့မရဲထိုင်ချလိုက်သည်။

“ရှင်တို့က နှစ်ယောက်လာတာဆိုတော့ စာရေးတဲ့သူကဘယ်သူလဲ. . ”

သူမ ကျွန်တော်နှင့်ကိုလူသစ်ကို တစ်လှည့်စီကြည့်ပြီးမေးလိုက်သည်။ ကျွန်တော် ဖြေဖို့ နှုတ်တွေဆွံ့အနေစဉ်မှာပင် ကိုလူသစ်ကဝင်၍. .

“အဲ. . ကျွန်တော်ရေးမှမဟုတ်ပါဘူး၊ သူပါခင်ဗျ. . သူပါ. . အဟဲ. . ဟဲ. . ”

သူမအကြည့်တွေ ကျွန်တော့်ဆီ ဒိုင်းခနဲရောက်လာသည်။

“ရှင်အရင်က ဘယ်တိုက်မှာရေးဖူးလဲ”

“ဘယ်တိုက်မှာမှမရေးဖူးပါဘူး. . ကျွန်တော့်အိမ်မှာပဲ ကျွန်တော်ရေးဖူးတာပါ. . ”

“ကျွတ်. . ရှင်တော်တော်အူတာပဲ၊ ကျွန်မပြောတာသဘောပေါက်ဘူးထင်တယ်၊ အင်းလေ. . ဒီလိုဖြေပုံမျိုးကို အကဲခတ်လို့လာလိုက်ရင် ဘယ်မှာမှရေးဖူးတဲ့ပုံမပေါ်ပါဘူး၊ ဒါပေမယ့်. . ရှင့်အရေးအသားတွေက ကျွန်မအကြိုက်နဲ့သွားတိုက်ဆိုင်နေတယ်၊ ဒီတော့. . ကျွန်မ ကလောင်ခွဲအတွက် ရှင်ရေးပေးရမယ့်စာမူခကိုတော့ လောလောဆယ် တစ်သိန်းခွဲပေးမယ်. . ”

“ရပါတယ်. . ဟို ဆရာမအနေနဲ့ ကျွန်တော့်ကို စာမူခဘယ်လောက်ပေးပေး ငွေရေးကြေးရေးအဓိကမဟုတ်ပါဘူး၊ အဓိကတ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စာရေးနေရဖို့ပါ"

"ကျွန်မ မတရားအမြတ်မထုတ်ချင်ပါဘူး၊ ရှင့်အတွက် တန်ရာတန်ကြေးတော့ပေးရမှာပေါ့၊ ဒီရက်ကနေစပြီး တစ်လပြည့်တဲ့နေ့ရှင် စာမူလာအပ်ပါ၊ ရှင့်စာမူခတစ်ဝက်ယူသွား. . "

"ရပါတယ်. . ကျွန်တော်စာမူလာပေးမှပဲ ပေးပါဆရာမ"

"အို. . မဟုတ်တာ၊ ကျွန်မ အဲလို စီးစီးပိုးပိုးမလုပ်ချင်ပါဘူး၊ ဘယ်အလုပ်မျိုးမဆို အလုပ်စကားပြောလို့အဆင်ပြေပြီဆိုတာနဲ့ အလုပ်အပ်သူက အလုပ်လက်ခံသူကို စရန်ငွေကြိုပေးကြတာချည်းပါပဲ. . ၊ ရှင်ကသာ စာမူခကိုကြိုမယူချင်ဘူးဆိုလို့ ကျွန်မက တစ်ဝက်ပဲ စရန်အဖြစ်ပေးရတာပါ. . "

"ဟုတ်ကဲ့. . အခုလိုယုံကြည်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာမ၊ ဆရာမက ကျွန်တော့်ကို စာမူခကြိုထုတ်ပေးပေမယ့် အကယ်၍ ကျွန်တော်လာပေးတဲ့စာမူကို မကြိုက်ရင် ဆရာမပေးထားတဲ့ စာမူခအတွက် နစ်နာမှာစိုးလို့ပါ. . "

"ကျွန်မက နစ်နာမှာစိုးလို့ကြိုမပေးဘဲ စာမူကောင်းမှပေးမယ်ဆိုတဲ့ စီးပွားရေးဆန်တဲ့လုပ်ကွက်တွေ မလုပ်ပါဘူးရှင်၊ ရှင်လာပေးတဲ့စာမူကို ကျွန်မ မကြိုက်ခဲ့ရင်တောင် နောက်တစ်ပုဒ်ရေးပြီး ပြန်ချိန်းခိုင်းလို့ရတာပဲ၊

ကျွန်မလည်း ရှဲဗိုးစာရေးဆရာမဘဝကနေ ခုလိုနာမည်တစ်လုံး ရလာတာပဲ၊ အဲ့ဒီအတွက် ကျွန်မ ကိုယ်ချင်းစာပါတယ်၊ လူတိုင်းလူတိုင်း အချိန်တွေနဲ့ဘဝကိုဖြတ်သန်းကြရတာ ရှင်တို့အချိန်တွေကို ကျွန်မကို အများကြီးပေးစရာမလိုပါဘူး"

"ကျေးဇူးတင်လိုက်တာ ဆရာမရယ်၊ ကျွန်တော့်ညီလေးက





ခုမှ စာစရေးမှာမို့လို့ လိုအပ်ချက်ရှိရင် ညွှန်ကြားပြသပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"

"စိတ်ချပါ. . အဲ. . တစ်ခုတော့ကြိုပြောရမယ်၊ ရှင်တို့ ကျွန်မကို ဆရာမလို့ မခေါ်ပါနဲ့လား၊ ကျွန်မနာမည် ပန်းသွေးနီနီ. . "

နာမည်နှင့်လူနှင့်လိုက်အောင်ကို ပန်းပွင့်လေးတစ်ပွင့်သို့လှနေသော သူမလေး၏ ဖူးငုံစွင့်ကားနေသော မျက်နှာဖူးဖူးလေးနှင့် ခန္ဓာကိုယ်ကိုကြည့်ပြီး ရင်ထဲမှာ သက်ပြင်းခိုးတစ်ချက်ရှိုက်ထုတ်လိုက်သည်။

ဒီလိုအလှပဂေးလေးနှင့် တစ်လတစ်ခါဆုံရမည့်အရေးတွေးကြည့်ရုံနဲ့တင် နှလုံးသားတွေ ပြောင်းဆန်အောင် လှုပ်ယမ်းတုန်ခါရပါ၏။

ကျွန်တော် ပန်းသွေးနီနီထုတ်ပေးသော စာမူခတစ်ဝက်ကို အိတ်ကပ်ထဲထည့်ပြီး ပီတိတွေဖြင့်ပြန်လာခဲ့၏။

အပြန်လမ်းတစ်လျှောက် ကျွန်တော့်ရင်ဘတ်သည် အလာတုန်းကလို အခွံကြီးမဟုတ်တော့။ ကျွန်တော့်ရင်ဘတ်ထဲ ငြိမ့်ငြိမ့်လေးဖော်ကျူးနေသော ချစ်ခြင်း၏သံစဉ်တွေ တစိမ့်စိမ့်တိုးဝင်လာပြီး ကျွန်တော့်ရဲ့နှလုံးသားနံရံတွေကို ခပ်ဖြည်းဖြည်း ပွတ်သပ်ချော့မြူနေကြ၏။

ထိုနေ့သည် ကျွန်တော့်ရင်ထဲ အချစ်စတင်ဝင်ရောက်လာသော မှတ်မှတ်ရရနေ့ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)

"ဟား. . ဟား. . ဟား. . ဟား ရိုးဂုဏ်ရယ်၊ မင်းအဖြစ်က အယောက်တစ်ရာမှာတစ်ယောက်တောင် ဖြစ်လေ့ဖြစ်ထမရှိတဲ့ ကိစ္စကြီးပါလားကွာ၊ မင်းအတွင်းပစ္စည်းကို ကောင်မလေးမြင်အောင် အကြံအဖန်ထုပြီး မြူဆွယ်လိုက်တာမဟုတ်လား"

ကိုအက္ခရာစကားကြောင့် ကျွန်တော် အပျိုဖြန်းလေးတစ်ယောက်လို ရှက်ရွံ့ထူပူသွားပြီး မျက်နှာမထားတတ်အောင်ဖြစ်မိ၏။

"ဟာဗျာ. . အဲလိုမဟုတ်ရပါဘူးဗျာ၊ ဘုရားပေးပေး. . ကျွန်ပေးပေးပါ. ."





"မင်းက နိဒါန်းတွေဘာတွေတစ်ခါတည်းဖယ်ပြီး နိဂုံးပိုင်းကို ခုန်ကူးလိုက်တာကိုး ဒါကြောင့် ပုဆိုးကျွတ်ကျသွားတာနေမှာ. . ဟား ဟား. . ဟား. ."

"ကိုဂျိုကာ. . မနောက်ပါနဲ့ဗျာ၊ ကျွန်တော်ရှက်လွန်းလို့ပါ"

ကျွန်တော့်ကို ပိုင်းနောက်နေသော စကားလုံးတွေက ကျွန်တော့်ကို ပို၍အရှက်သည်းစေသဖြင့် ကျွန်တော့်မျက်နှာပေါ် ပန်းနုဆီ ဆယ်ဘူးလောက် သုတ်လိမ်းလိုက်သလို ရှိန်းမြထူပူ၍လာပြန်သည်။

"ဘာပဲဖြစ်ဖြစ် အဲဒီကောင်မလေးစိတ်ထဲမှာ မင်းကို ထူးခြားမှုရှိတဲ့လူတစ်ယောက်အဖြစ် ဘယ်တော့မှမေ့မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်လို့လေ. ."

"တကယ်တော့. . ခင်ဗျားတို့ထင်သလို ကျွန်တော်နဲ့သူနဲ့က ခုမှဆုံကြတာမဟုတ်ဘူးဗျ"

"ဟေ. . ဒါဆိုဘယ်တုန်းကဆုံဖူးလို့လဲ၊ ဘာလဲ. . မင်းတို့ ကျိုက္ခမီကို လာဖူးလို့ဆုံတာလား. . ဒါနဲ့များ မင်းက ပြန်ပြီးမိတ်ဆက်ပါတော့လားကွာ. ."

ကိုလှုသစ်ကြီးက အားမလိုအားမရဖြစ်ကာပြော၏။

"ကျိုက္ခမီမှာဆုံတာမဟုတ်ဘူး. .၊ ကျွန်တော်ရန်ကုန်ရောက်စက ဘူတာရုံမှာ ကျွန်တော့်ကိုမှိုချိုးမျှစ်ချိုးပြောသွားတာဗျ၊ ကျွန်တော်က သူ့မျက်နှာလေးလှလွန်းလို့ မှတ်ကိုမှတ်မိနေတယ်၊ ကျွန်တော့်ဘဝမှာ အဲ့လောက်လှတဲ့မိန်းကလေးမျိုး တစ်ခါမှမမြင်ဖူးဘူး"

"ခု မြင်ဖူးပြီးသွားပြီလေ၊ ဒါကြောင့်. . တစ်ခါတည်းဂွင်ဆင်လိုက်တာ၊ ငါတို့အငှားရှာကိုရောက်လာမှပဲ မင်းလည်း အငှားတာရှေ့ဆရာဖြစ်. . ဂွင်တွေလည်းဆင်တတ်နေပြီ၊ ကောင်းပါ့ကွာ. . . အဟဲ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အတွက် အဖွဲ့ဝင်သစ်တစ်ယောက်တိုးတာပေါ့၊ ဟုတ်ဘူးလား. . ကိုအကွာရာရေ. ."

"ဟုတ်ပါ့ဗျာ. . ငါတို့အငှားစာရေးဆရာကြီး အဲဒီစာရေးဆရာမလေးနဲ့ အမြန်ဆုံးရင်းနှီးပြီး ဖူးစာဆုံပါစေလို့ပဲ ဆုတောင်းပေးရမှာပေါ့. . ."

"မဖြစ်နိုင်တာဗျာ. . မနောက်ကြပါနဲ့၊ စကားနောက် အတှာပါကုန်ပါမယ်. ."

"ဘယ်ကအတှာပါမှာလဲ. ."

"ရင်. . ရင်ခုန်သံတွေလေ. . အဟဲ. . ဟဲ"

"ဟား. . ဟား. . ဟား. . ရိုးဂုဏ်တဲ့၊ ဒီကောင် လူလည်ပဲ. . ရိုးမလိုလိုနဲ့ နောက်ဆုံးတော့ ဂျိုကာပျောက်လည်း ဒေါင်းအောင်ကစားတတ်တဲ့ကောင်မျိုးဖြစ်နေပါလား. ."

ဂျိုကာစကားကြောင့် အားလုံးပြိုင်တူရယ်လိုက်ကြသည်။

ရယ်မောနေကြတုန်း လက်ဖက်ရည်ဆိုင်ရှေ့သို့ ဇိမ်ခံကားတစ်စီး ငြိမ့်ခနဲထိုးရပ်လာသဖြင့် လေးယောက်စလုံး ပြိုင်တူအရယ်ကိုရပ်လိုက်ပြီး ထိုဇိမ်ခံကားကြီးအား စိတ်ဝင်တစားကြည့်လိုက်ကြ၏။

"ငွေကြီးကြီးတော့လိုမ့်လာပြန်ပြီဟေ့. ."

ဂျိုကာ ခပ်တိုးတိုးပြောသည်။

ကားပေါ်မှ ဆယ့်သုံးနှစ်ခန့်ရှိသော လူငယ်လေးတစ်ယောက် ခပ်ကြော့ကြော့ဆင်းလာသည်။ အားလုံး ထိုလူငယ်လေးဆီသို့ အာရုံတွေပြိုင်တူလွှတ်လိုက်ကြသည်။ ထိုလူငယ်လေး၏ ခြေလှမ်းတွေသည် ကျွန်တော်တို့ထိုင်နေကြသော စားပွဲဝိုင်းဆီသို့လျှောက်လာ၏။

"ညီလေး. . ဘာအလိုရှိလဲ"





ဂျိုကာအမေးကို ထိုလူငယ်လေးချက်ချင်းမဖြေသေးဘဲ ရှုတည်တည်ကြည့်၏။ ကျွန်တော်တို့လေးယောက်စလုံးကို အသေအချာ ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်ပြီး စားပွဲဝိုင်းမှာ ခပ်တည်တည်ဖြင့်ဝင်ထိုင်လိုက်သည်။

ထိုကောင်လေးနှင့်ပါလာသော ကားဒရိုင်ဘာကြီးမှာ ခပ်လှမ်းလှမ်းတွင် ခပ်ယို့ယို့ရပ်နေသည်။

"ဦးလေးတို့ ဘွဲ့ရပြီးသားလား"

ကျွန်တော့်ကိုကြည့်ပြီးမေးလိုက်သော ထိုကောင်လေးအမေးကြောင့် ကျွန်တော်ပင် အူကြောင်ကြောင်ဖြစ်သွားသည်။

"ဘာ. . ဘာဖြစ်လို့မေးတာလဲ"

"ကျွန်တော်မေးတာကိုပဲ ဦးလေးဖြေပါ. ."

"အေး. . ရ. . ရပြီးသွားပြီ"

"ဘာဘွဲ့လဲ. ."

"ဝိဇ္ဇာ. ."

"အဟဲ. . ဦးတို့လည်းဘွဲ့ရပြီးပြီလေ. . ၊ သူကဝိဇ္ဇာဆိုတော့ ဦးလေးတို့က ဇော်ဂျီ၊ သူက တပသီနဲ့ရပြီးပြီ. . အဟီး. . ."

"ဟင်း. . ဦးလေးတို့ပြောတဲ့ ဇော်ဂျီဘွဲ့နဲ့ တပသီဘွဲ့ကို ကျွန်တော်မကြားဖူးပါဘူး. . လာမရွှီးပါနဲ့. ."

"အမ်. ."

ထိုကောင်လေး ခပ်တည်တည်နှင့် ပိတ်ဟောက်လိုက်သဖြင့် တဗျာဆရာအကွာရာ သူ့ပါးစပ်ကို သူ့လက်ဖြင့်ကပျာကသီအုပ်လိုက်၏။

ဒီခေတ်ကလေးတွေကို အတည်ပေါက်နှင့် လိမ်လို့မရဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ကောင်းကောင်းသဘောပေါက်သွားပုံရ၏။

"ကဲပါ. . အကွာရာရယ်၊ ဆန်ကြမ်းကို မုန့်စိမ်းပေါင်းဆိုပြီး လိမ်လို့ရတဲ့ခေတ်မဟုတ်တော့ဘူး၊ ခဏငြိမ်ပြီး ဒီကလေးဘာပြောမယ် ဆိုတာ နားထောင်စမ်းပါဦး၏. . ."

ကိုလူသစ်ဝင်ဟန့်တော့မှ ကဗျာဆရာအကွာရာ ငြိမ်ကျသွား သည်။

"ကျွန်တော် အဖေလိုချင်တယ်. ."

ပြုန်းစားကြီးပြောချလိုက်သော ထိုကောင်လေးစကားကြောင့် အားလုံးမျက်လုံးပြူးသွားကြသည်။

"ဟင်. ."

"ဟမ်. ."

"ဗုဒ္ဓေါ. ."

အားလုံး ထိုကောင်လေးကို လူထူးဆန်းလေးသဖွယ် တအံ့တ သြကြည့်ကြ၏။

"အဟီး. . မင်း. . မင်းက အဖေလိုချင်လို့လား၊ ရပါတယ်. . ဦးကလည်း သားကိုမြင်မြင်ချင်း ကိုယ့်သားလေးလိုချစ်မိတဲ့စိတ်ဖြစ်မိ ပါတယ်. ."

ဂျိုကာမျက်နှာမှာ သကြားရည်ကြကြ ဖျန်းထားသလို စကားချို ချိုတွေဖြင့် မလိုအပ်ဘဲ အုန်းသီးဖြူးနေ၏။

"ဦးကလူပျိုကြီး. . ဦးနာမည် ဂျိုကာလို့ခေါ်တယ်"

"နေပါဦး ဂျိုကာရယ်. .၊ ကလေးက ဘာကိုရည်ရွယ်ပြီး ပြော နေမှန်းမသိဘဲနဲ့ မင်းဖြစ်ချင်တာတွေချည်းပဲ စွတ်ပြောနေတော့တာပဲ"

ကိုလူသစ် ဝင်ဟန့်လိုက်သဖြင့် ဂျိုကာငြိမ်သွားသည်။





"သားက အဖေလိုချင်တယ်ဆိုတာ ဘယ်လိုအဖေမျိုးလဲ၊ ဘာ ကြောင့်လိုချင်တာလဲ. . နောက်ပြီး မင်းအဖေကရောဘယ်မှာလဲ. .၊ မင်းရဲ့ အဖေလိုချင်တဲ့အကြောင်းကို သေချာရှင်းပြမှ သားလိုအပ်ချက် ကို ဦးတို့ဖြည့်ပေးလို့ရမှာပေါ့. ."

ကျွန်တော့်စကားကြောင့် ကောင်လေး သူ့အင်္ကျီအိတ်ကတ်ထဲ မှဓါတ်ပုံတစ်ပုံကိုထုတ်ပြ၏။

"အဲ့ဒါ ကျွန်တော့်အဖေ ဦးမြတ်မင်းဘိုလို့ခေါ်တယ်"

အားလုံး ထိုဓါတ်ပုံကိုဝိုင်းကြည့်ကြသည်။ ထိုကောင်လေးဆက် ပြောလာမည့်အကြောင်းအရာကို နားစွင့်နေကြသည်။

"အခု. . ကျွန်တော့်အဖေပျောက်နေတယ်၊ ကျွန်တော် ကိုးနှစ် သားလောက်ကတည်းကပေ့ါ. ."

"ဟင်. . အင်္ဂလိပ်ဇာပညာတတ်ပြီး ထုံကူးသွားတာနေမှာပေါ့"

ရွှတ်နောက်နောက်ဝင်ပြောနေသော ဂျိုကာကို ရှိုးဂုဏ် ခပ် တည်တည်နှင့် လှမ်းကြည့်လိုက်သည်။

အရေးထဲ စကားအကောင်းပြောနေတာကို ဆေးရိုးသည်ဝင် လုပ်နေ၏။ ကောင်လေးက ဂျိုကာ၏ရွှတ်နောက်နောက်စကားကို စိတ် ဝင်စားဘဲ သူပြောစရာရှိတာဆက်ပြော၏။

"အခု. . ကျွန်တော်အဘွားနဲ့နေတယ်၊ ကျွန်တော့်နားမှာ အဖေ မရှိတော့ရုံတင်မဟုတ်ဘူး၊ အမေကပါ ကျွန်တော်မွေးပြီး လေး ဆယ့်ငါး ရက်မပြည့်ခင်လေးမှာ အိမ်ကထွက်သွားတယ်၊

ကျွန်တော်သိသလောက်တော့ အဘွားက အဖေနဲ့အမေကို သဘောမတူလို့ အဖေနိုင်ငံခြားထွက်နေတုန်း အိမ်ပေါ်ကနှင်ချလိုက် တယ်ဆိုတာပဲသိရတယ်. ."



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းသော လူငယ်လေးကိုကြည့်ပြီး ရိုးဂုဏ်၏ရင်မှာ ကရုဏာသက်မိ၏။

"ကဲပါလေ. . အဲဒီတော့ ဦးတို့က သားကိုဘာကူညီရမလဲ"

"ကျွန်တော် ဦးတို့ဆီက အကူအညီနှစ်ခုတောင်းချင်တယ်၊ အဲ. . . အကူအညီဆိုတာထက် အလုပ်အပ်တဲ့သဘောပေါ့. ."

အရွယ်နှင့်မလိုက်အောင် စကားပြောချက်ချာလွန်းသော ထိုကောင်လေးပြောမည့်အကြောင်းအရာကို အားလုံးနားစွင့်လိုက်သည်။

"ပထမအချက် ကျွန်တော့်ရဲ့အဖေအဖြစ်ခဏငှားပြီး ကျောင်းကဆရာမနဲ့လိုက်တွေ့ရမယ်၊ ဒုတိယအချက်က ကျွန်တော့်အဖေကိုရှာပေးရမယ်. . ၊ ဦးလေးတို့ မနစ်နာစေရပါဘူး"

ထိုကောင်လေး ပြောပြောဆိုဆိုဖြင့် အနောက်မှာခပ်ယို့ယို့ရပ်နေသော ကားဒရိုင်ဘာကြီးကို မျက်ရိပ်လှမ်းပြ၏။ ဒရိုင်ဘာကြီး သူ့လက်မှအိတ်ကို တရိုတသေဖြင့် လှမ်းပေး၏။

ကျွန်တော်အပါအဝင် အစ်ကိုသစ်ရော ကိုအက္ခရာနှင့်ဂျိုကာပါ ထိုကောင်လေးတင်လိုက်သော ငွေစက္ကူတစ်ထပ်ကြီးကို တအံ့တဩဖြင့် ပြူးပြီးကြည့်လိုက်ကြသည်။

ကလေးတစ်ယောက်က ထိုမျှလောက် ပမာဏများသည့်ငွေကိုကိုင်ခွင့်ရှိရလောက်အောင် ချမ်းသာကြွယ်ဝသတဲ့လား။

ဂျိုကာ ထိုငွေတစ်ထပ်ကြီးကို ရမွက်ထသွားပြီး။

"ဦး. . မင်းရဲ့အဖေအဖြစ် မင်းကျောင်းကဆရာမနဲ့လိုက်တွေ့ပေးပါ့မယ်. ."

ဂျိုကာစကားကို ထိုလူငယ်လေး သိပ်ဘဝင်ကျပုံမပေါ်။ ကျွန်တော့်ကိုလှမ်းပြီးအကဲခတ်သည်။





"ဘယ်လိုလဲ. . ကောင်လေး၊ ဦး. . ဘယ်နေ့လိုက်တွေ့ပေးရမလဲ. ."

ဂျိုကာ အားမလိုအားမရဖြင့် စိတ်လောစွာမေးလိုက်သည်။

ထိုလူငယ်လေး ခေါင်းခပ်ဖြည်းဖြည်းခါပြီး ကျွန်တော့်ဘက်ကိုဒုတိယအကြိမ်လှမ်းအကဲခတ်သည်။

"ဒီကဦးလေးဆိုရင်တော့ ကျွန်တော့်အဖေအဖြစ် အငှားလိုက်ပေးဖို့အဆင်ပြေပါတယ်"

"ဟမ်. . ဦးလေးအငှားလိုက်ပေးရမယ်ဟုတ်လား"

"ဟုတ်ကဲ့. ."

"ဟို. . ဖြစ်. . ဖြစ်ပါ့မလား၊ ဦးဂျိုကာနဲ့ဆိုအဆင်မပြေဘူးလား၊ ဦးက ဒါမျိုးအတွေ့အကြုံမရှိဘူးကွ. ."

ကျွန်တော် အားနာစွာဖြင့်ငြင်းလိုက်သည်။

"အဆင်မပြေဘူး. . ဒီဦးလေးပုံစံက ရှုကီမန်းရုပ်ပေါက်နေလို့"

"အယ်. . သက်သက်ညာညာပြောပေးပါကွာ"

ဂျိုကာ အရှက်တော်တော်ကွဲပြီ။ အက္ခရာထံမှ တခွီးခွီးကျိတ်ရယ်သံထွက်ပေါ်လာသည်။

"လက်ခံပေးပါဦးရာ. . ဒီရပ်ကွက်က လိုအပ်တဲ့နေရာမှာလိုက်ဟန်ဆောင်ပေးတဲ့အလုပ်လုပ်တယ်လို့ကြားလို့ ကျွန်တော်လာခဲ့တာပါ. . ."

ကောင်လေး တောင်းတောင်းပန်ပန်ပြောတော့ ကျွန်တော်တရုဏာသက်သွားမိ၏။

"ကဲပါ. . ရိုးဂုဏ်ရယ်၊ ကလေးက မင်းကိုမှသဘောကျတယ်ဆိုမှတော့ လက်ခံလိုက်ပါ. ."



www.burmeseclassic.com

www.burmeseclassic.com



ကိုလူသစ် ဝိုင်းပင့်ပေးနေသဖြင့် ကျွန်တော်ဘယ်လိုမှမငြင်းရက်တော့. . .

"အင်း. . ကောင်းပြီလေ. .၊ အဖေနေရာကနေ လိုက်ဟန်ဆောင်ပေးဆိုတော့လည်း ဆောင်ပေးရတော့မှာပေါ့၊ ဒါပေမယ့် ငှားရမ်းခငွေကိုတော့ မယူပါရစေနဲ့. .၊ မင်းအဖေကိုလည်း ဦးအတတ်နိုင်ဆုံး တွေ့အောင်ရှာပေးပါ့မယ်. ."

ကျွန်တော့်စိတ်ထဲ လူမမယ်ကလေးတစ်ယောက်ဆီကငွေကိုယူဖို့ ကိုယ့်လိပ်ပြာကိုယ်မလုံစွာဖြင့် အခိုင်အမာငြင်းဆိုလိုက်သည်။





# အခန်း(၁၈)

**ကျွန်**တော် ဘုန်းမြတ်မို၏ကားနှင့်ပင် သူတက်နေသောပုဂ္ဂလိကကျောင်းသို့ အဖေအဖြစ်လိုက်လာခဲ့၏။

ဆရာမကလည်း ကျွန်တော်၏ သန့်ပြန့်မွန်ရည်လွန်းသော ရုပကာကြောင့်လားမသိ ဘုန်းမြတ်မို၏ဖခင်အဖြစ် သံသယကင်းစွာယုံကြည်ပြီး စာမလိုက်နိုင်ကြောင်း၊ ကျောင်းမှာ လူတကာနှင့် မတည့်ကြောင်း၊ လပတ်စာမေးပွဲတိုင်း ကျရှုံးကြောင်းတို့ကို မြိန်ရေရှက်ရေ တိုင်ကြား၏။

ဒီတော့ ကျွန်တော် ထိုကလေးအနာဂတ်ကို မျှော်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မောရလေပြီ။ ကိုယ်နှင့်တော့ဘာမျှမသက်ဆိုင်ပေမယ့် အဖေမရှိ အမေမရှိဘဲ ဖြတ်သန်းလာနေသော ထိုကလေး၏အနာဂတ်အတွက် ဖခင်တစ်ယောက်၏စိတ်မျိုးဖြင့် ရိုးသားစွာပူပန်ပေးမိခြင်းပါ။

နုနယ်လွန်းသောနှလုံးသားမှာ မိဘတွေ၏ပဋိပက္ခသောက တွေသည် အရိပ်ဆိုးကြီးအဖြစ် လာထင်ဟပ်နေ၏။ ထိုသို့မဖြစ်ရန် ဘုန်းမြတ်မိုလေး၏စိတ်ကို ထိန်းချုပ်နိုင်မည့်နည်းလမ်းကို ရှာရမည်။

"ဦး. . မင်းအဖေကို တွေ့အောင်ရှာပေးမယ်၊ ဒါပေမယ့် မင်း ဘက်က တစ်ခုတော့လိုက်လျောရမယ်"

ဘုန်းမြတ်မို ကျွန်တော့်ကိုအပြစ်ကင်းစင်သောအကြည့်ဖြင့် မော့ကြည့်၏။

"မင်းကြိုးစားရမယ်. . လပတ်စာမေးပွဲမှာ မင်း ဝမ်းတူဖိုက် ဝင်မှ ဦးက မင်းအဖေကိုမင်းရှေ့ခေါ်လာပေးမယ်၊ မင်းဘက်က အဲ့ဒီ ကတိကို မပေးနိုင်ရင် ဦးဘက်ကလည်း မင်းအဖေကိုလုံးဝရှာမပေးဘူး"

တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ထိုကလေး၏စိတ်ကို သူ့အလိုလားဆုံးဆန္ဒနှင့် ပြန်လည်ထိန်းချုပ်နိုင်ရမည်။

"ကျွန်တော် အဆင့်ကောင်းကောင်းနဲ့ စာမေးပွဲအောင်ရင် ကျွန်တော့်အဖေကို ကျွန်တော့်အရှေ့ တကယ်ခေါ်လာနိုင်မှာလား၊ ဦး ကတိပေးလား. . "

"ပေးတာပေါ့. . မင်းအဖေက လူ့လောကကြီးထဲမှာရှိနေသေး ရင် ဦးက ရအောင်ရှာပေးနိုင်ရမှာပေါ့. . "

"အိုကေ. . ဒါဆို ဒီနေ့ကစပြီး ကျွန်တော်စာကြိုးစားတော့ မယ်၊ ဆရာမ ခေါ်တွေ့ရလောက်အောင် မည့်ဖျင်းတော့ဘူး"

ကလေးဖြစ်ပြီး လူကြီးလူကောင်းဆန်ဆန် ကတိပေးနေသော





ထိုကလေး၏စိတ်ဓါတ်ကို အကြမ်းဖျင်းအားဖြင့် ချိုးကျိုးလိုက်သည်။

ကျွန်တော့်မှာသာ တာဝန်တစ်ခု ပခုံးပေါ် သူ့အလိုလိုခုန်တက် လာ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၉)

မနက်ကတည်းက စာရေးစားပွဲထိုင်နေသဖြင့် အာရုံတွေအနည်းငယ်ပုလာသည်။ ထို့ကြောင့် လက်နှိပ်စက်ကို ဘေးသို့ဆန့်တန်းပြီး အကြောဆန့်လိုက်သည်။

"အစ်မရေ. . အစ်ကိုသစ်ရော"

အခန်းအပြင်တွင် တလှုပ်လှုပ်ဖြင့် အိမ်အလုပ်လုပ်နေသော မခင်စပယ်ကိုလှမ်းမေးလိုက်သည်။

"မသိပါဘူး ငါ့မောင်ရယ်၊ ဇီဇဝါလမ်းထဲက မသာအိမ်မှာပဲ ဖဲသွားရိုက်သလား၊ ဒါမှမဟုတ် လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဘောလုံးပွဲ





အကြောင်းတွေကိုပဲ အရည်မရအဖတ်မရပြောနေသလား မင်းအစ်ကို အကြောင်း မသိဘူးလား. . ."

"လက်ဖက်ရည်ဆိုင်မှာ ရှိချင်ရှိနေမှာပါ. . ကျွန်တော်လည်း အညောင်းပြေအညာပြေ လိုက်သွားလိုက်ဦးမယ်"

အစ်မခင်စပယ်ကိုပြော၍ လက်ဖက်ရည်ဆိုင်ဘက်ကိုလျှောက် ခဲ့လိုက်သည်။ ကျွန်တော် လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်ရှိရာသို့ ချိုးကွေ့လိုက်သည်နှင့် အဖြူရောင်စလွန်းကားလေး မညီညာသော ဘတ် လမ်းပေါ်မှာ တအိအိမောင်းလာသည်။

"ဟေး. . ကိုရိုးဂုဏ်. ."

ကားပေါ်မှလှမ်းခေါ်သံကြောင့်. . ကိုယ့်အတွေးနှင့်ကိုယ် လျှောက်နေသောခြေလှမ်းတွေ ချိုကြည်သောအသံရှင်လေးကြောင့် လှည့်ကြည့်လိုက်သည်။

ကားခေါင်းခန်းမှ ကျွန်တော် တိတ်တဆိတ်ရင်ခုန်နေရသော မျက်နှာလေးပေါ်လာသဖြင့် ဒိတ်ခနဲရင်ခုန်သွားပြန်သည်။

"ဟင်. . မပန်းသွေးနီနီ၊ ဘယ်ကိုလာတာလဲ. . ဒီရပ်ကွက်မှာ အသိရှိလို့လား. ."

"အို. . ဘယ်ကရှိရမှာလဲ၊ ကျွန်မ ရှင့်ဆီကိုလာတာ"

"ဗျာ. . ဟို. . ကိစ္စရှိလို့လား"

"အင်းပေါ့. . ရှင့်အတွက်သတင်းကောင်းပါလာတယ်"

"ဒါဆိုလာလေ. . အိမ်ကိုသွားကြမယ်"

"နေပါဦး. . အခု ရှင်ကဘယ်သွားမလို့လဲ"

"အညောင်းပြေအညာပြေလမ်းလျှောက်ရင်း လက်ဖက်ရည် ဆိုင်လေးဘာလေးထွက်ထိုင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်မလည်း လက်ဖက်ရည်ဆိုင်လိုက်ထိုင်လိုက်မယ်လေ. . ."

"ဗျာ. . ဖြစ်. . ဖြစ်ပါ့မလား၊ အဲလေ. . ထိုင်ရဲပါ့မလား"

"အို. . ဘာလို့မထိုင်ရဲရမှာလဲ၊ ကျွန်မလည်း စာရေးဆရာမပဲလေ. . စာရေးဆရာတွေရဲ့ဖီလင်တွေထဲမှာ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အာဖန်ကွိုးရတာကိုက နံပါတ်တစ်ပဲလေ မဟုတ်ဘူးလား. ."

"အဲဒါကတော့ဟုတ်ပါတယ်. . ကျွန်တော်က ဒီလိုဆင်ခြေဖုံး ရပ်ကွက်ကလေးထဲက လက်ဖက်ရည်ဆိုင်မျိုးကို နာမည်ကြီးစာရေး ဆရာမတစ်ယောက်ထိုင်လို့ တင့်တယ်ပါ့မလားလို့. . ."

ကျွန်တော့်၏ အားနာပါးနာစကားကို သူမ သဘောကျစွာဖြင့် ခပ်တိုးတိုးရယ်၏။

"ကျွန်မ. . စာရေးဆရာဘဝကို လမ်းဘေးလက်ဖက်ရည်ဆိုင် လေးနဲ့စတင်ခဲ့ကာပါ ကိုရိုးဂုဏ်ရယ်၊ အဲ့ဒီလို ဆင်းရဲနွံ့ချာတဲ့ လက်ဖက် ရည်ဆိုင်လေးတွေမှာ လူတွေရဲ့ ဒဿနတွေအများကြီးရှိတတ်တယ်"

"ဒါဆိုလည်း. . ကျွန်တော် မတားတော့ပါဘူး"

"ကဲ. . . တက်. ."

ကျွန်တော် ကားရှေ့ခန်းတံခါးဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ ရပ် ကွက်အထာအတိုင်း လူတချို့ ကျွန်တော် ပန်းသွေးနီနီကားပေါ်တက် ထိုင်လိုက်တာကို တီးတိုးအတင်းဆိုကာ ဝိုင်းကြည့်နေကြ၏။

လက်ဖက်ရည်ဆိုင်ကို ကားဘီးဆယ်ဘီးစာလောက်သာလှမ်း လိုက်ရပြီး ဆိုင်ရှေ့ရောက်တော့ ကျွန်တော်ဂုဏ်ယူဝံ့ကြွားမိသောစိတ် ခံစားမှုလေးဖြင့် ကားပေါ်မှ ခပ်မော့မော့ဆင်းလိုက်သည်။

အထက်တန်းကျကျလှပသော မိန်းမလှလေးနှင့် အတူယှဉ်တွဲ ၍ လက်ဖက်ရည်ဆိုင်ထိုင်ရမည့်အရေး ဘယ်ယောကျ်ားကမ်နတောက် ဘဲရှိလိမ့်မည်နည်း။

"ဝမ်းတီး. . ကျစိမ့်တစ်ခွက်၊ မပန်းသွေးနီနီကရော. . ဘာလို့ သောက်မလဲ"

"ရှင့်မှာသလိုပဲမှာလိုက်ပါ. ."

ကျွန်တော်သောက်သလိုပဲသောက်မည်ဆို၍ စားပွဲထိုးလေး အား ကျစိမ့်နှစ်ခွက်လှမ်းမှာလိုက်၏။

"ရှင် ဆေးလိပ်သောက်တတ်လား"

"ကျန်းမာရေးထိခိုက်လို့ မသောက်ပါဘူး"

"သောက်တော့သောက်ဖူးတယ်ပေါ့"

"သောက်ကိုမသောက်ဖူးတာ"

"အင်း. . မဆိုးပါဘူး၊ ရှင့်မှာ ကျန်းမာရေးအသိတော့ရှိသား ပဲ. . ၊ တချို့စာရေးဆရာတွေဆိုရင် သူတို့အတွေးကောင်းတွေထွက်ဖို့ ဆေးလိပ်တို့အရက်တို့ကို အဖော်ပြုကြတယ်၊ အင်းလေ. . ဒါကြောင့် လည်း သူတို့ရဲ့အောင်မြင်မှုကို သူတို့ကြာကြာမထိန်းနိုင်ဘဲ တမလွန်ကို ဒီစာမပါဘဲသွားကြရတာ၊ ဒီလိုလူမျိုး နည်းနည်းလေးမှ သနားစရာ ကောင်းဘူး. . ."

"ကျွန်တော်သာ ဆေးလိပ်တွေအရက်တွေသောက်တတ်မယ် ဆိုရင် မပန်းသွေးနီနီ ကျွန်တော့်ကိုခင်မှာလား. . အထင်သေးမှာလား"

"ဟင့်အင်း. . မခင်ဘူး၊ အထင်လည်း ပိုးစိုးပက်စက်သေးဦး မှာ. ."

သူမစကားကြောင့် ကျွန်တော် သူမမျက်ဝန်းကို ဖျတ်ခနဲကြည့် လိုက်သည်။ သူမ ပန်းနုရောင်အပြုံးလေးကို တိုရေရှားရှားပြုံးရင်း

www.burmeseclassic.com



ချက်လှာကလေးချသွား၏။

ထိုခဏလေးမှာပင် ကျွန်တော့်၏ရင်ခုန်သံတွေဆူညံသွားသည်။ တစ်စက္ကန့်နှစ်စက္ကန့်ဟူသော အချိန်တွေသည် ကျွန်တော့်ကို ခြေဖျားလက်ဖျားများအေးစက်သွားစေ၏။

"ဒါဆို ကျွန်တော်ဟာအတော်ကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲ. ."

"မပန်းသွေးနီနီရဲ့ခင်မင်မှုကိုရလို့လေ. ."

"ကျွန်မဟာ ရှင့်ကိုမှမဟုတ်ပါဘူး၊ အရက်မသောက်. . ဆေးလိပ်မသောက်တဲ့ စာရေးဆရာတိုင်းကို ကိုယ့်ရေးဖော်ရေးဖက်တွေဆိုပြီး ပွင့်ပွင့်လင်းလင်းခင်တတ်တာပါ. ."

ကျွန်တော့်ရင်ခုန်သံတွေ ငေါင်းစင်းစင်းပြန်ဖြစ်သွား၏။

"ဒါနဲ့. . ရှင် စာရေးနည်းအတတ်ပညာကို ဘယ်ဆရာတွေဆီမှာ လေ့လာဆည်းပူးခဲ့သလဲ"

"ကျွန်တော်ဖတ်နေတဲ့ စာရေးဆရာတွေဆီကပေါ့၊ စာအုပ်တွေက ကျွန်တော့်ကို စာရေးနည်းသင်ပေးတယ်"

ကျွန်တော့်စကားကြောင့် ပန်းသွေးနီနီ ကျွန်တော့်ကိုစေ့စေ့ကြည့်ပြီး ခပ်ဖန့်ဖန့်လေးပြုံးသည်။

ကျွန်တော် စိတ်မလုံစွာဖြင့် ပန်းသွေးနီနီကို သိမ်ငယ်စွာကြည့်လိုက်သည်။ ကိုယ့်ရင်ထဲမှာရှိတဲ့အတိုင်းပြောလိုက်ပေမယ့် သူမလို နာမည်ကြီးစာရေးဆရာမတစ်ယောက်အတွက် ကျွန်တော့်စကားဟာ ရယ်စရာဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။

"ဟို. . ကျွန်တော်ပြောတာ သိပ်အဓိပ္ပါယ်မရှိဘူးထင်တယ်နော်. ."





စားပွဲထိုးလေး လက်ဖက်ရည်နှစ်ခွက်လာချပေးသည်။ သူမ ကျွန်တော့်စကားကို ဘာမှုထောက်ခံခြင်းမပြုဘဲ လက်ဖက်ရည်ခွက်ထဲ ဇွန်းနှစ်ပြီး ခပ်သာသာလေးမွှေနေလိုက်၏။ ပြီးမှ မျက်နှာကိုမော့လိုက်ပြီး ကျွန်တော့်ကိုကြည့်ကာ. . .

"လူတိုင်း လူတိုင်း ကိုယ့်ခံစားချက်ကိုယ့်အတွေ့အကြုံနဲ့ယှဉ်ပြီးပြောလိုက်တဲ့ ခံယူချက်စကားလုံးတိုင်း အတွေးတိုင်းဟာ တခြားသူအတွက် အဓိပ္ပါယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကာယကံရှင်အတွက်ကတော့ အမြဲတမ်းအဓိပ္ပါယ်ရှိနေတာပဲမဟုတ်လား၊ ရှင်ပြောတာကို ကျွန်မလက်ခံပါတယ်၊ စာရေးဆရာဆိုတာ စာဖတ်ဝါသနာပါသူတွေပဲဖြစ်တာ၊ စာတစ်လုံးမှမဖတ်ဘဲ စာရေးဆရာဖြစ်တဲ့သူ ကမ္ဘာကြီးမှာ မမွေးဖွားသေးဘူး၊ ဒါကြောင့် ရှင်ဖတ်ခဲ့တဲ့စာအုပ်တွေက ရှင့်ရဲ့လေးစားအတုယူထိုက်တဲ့ ဆရာတွေပဲပေါ့. ."

"ကျွန်တော့်ကို ခုလိုအကောင်းမြင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်. ."

"မလိုပါဘူး. . . ကျွန်မက အမှန်တရားတစ်ခုဖြစ်ကြောင်း ထောက်ခံပေးရုံပါ၊ ရှင့်ကိုမို့လို့ အကောင်းမြင်ပေးတာလည်းမဟုတ်ဘူး ဒီနေရာမှာ ရှင်သာကျွန်မ မနှစ်မြို့တဲ့စကားတစ်ခွန်းလောက်ပြောကြည့် ကျွန်မရှင့်ကို ပယ်ပယ်နယ်နယ်ကို ရှုံ့ချပစ်လိုက်မှာ၊ ကဲပါလေ. . စကားကောင်းနေတာနဲ့ လာရင်းကိစ္စကိုတောင်မေ့တော့မလို့. ."

ဒီတော့မှ ကျွန်တော့်၏ ဘာမှန်းမသိသော မျှော်လင့်ချက်ကလေးကို မျှော်မော့လိုက်ပြီး. . .

"ဘာကိစ္စများလဲ. . မပန်းသွေးနီနီ"

"ရှင် ကျွန်မကိုပေးဖတ်ထားတဲ့ ဝတ္ထုတိုလေးတွေထဲ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူကိုပေးဖတ်ကြည့်တော့ သူက သဘောကျနေတယ်လေ"

ပန်းသွေးနီနီ၏စကားကြောင့် ကျွန်တော့်မျက်နှာ ပီတိတွေဖြင့် ဖြီးသွားကာ ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲလွင့်သွားသလို ခံစားလိုက်ရ၏။

"ဟာ. . ဟုတ်လား. . ဝမ်းသာစရာပဲဗျာ"

"ဒီထက်ဝမ်းသာစရာကို ပြောရဦးမယ်"

"ပြော. . ပြောပါဗျာ. . "

"အခု စာပေဥယျာဉ်ရသမဂ္ဂဇင်းမှာ ရှင့်ဝတ္ထုတိုကိုထည့်သုံးမလို့ နောက်လတွေမှာလည်း ရှင့်ဝတ္ထုတို အမြဲရေးပေးဖို့ ကျွန်မနဲ့တစ်ဆင့်ခွင့်တောင်းလိုက်တယ်. . "

"ဟာ. . သုံးပါ၊ ကျွန်တော် ဒီထက်ကောင်းအောင်ကို ကြိုးစားပြီးရေးပေးပါ့မယ်"

"ဘုန်း. . ဘုန်း"

"သူခိုး. . အရှုံးကောင်"

"အား. . အောင်မလေးဗျ"

ကျွန်တော် ပန်းသွေးနီနီ၏စကားလုံးတိုင်းမှာ အတိုင်းမသိဝမ်းသာပျော်ဝင်နေတုန်း ဆိုင်ရှေ့ရှိကြက်ကင်ဆိုင်မှ ရိုက်နှက်ဆူညံနေသောအသံနှင့် လူတစ်အုပ်ကြောင့် ထိုနေရာသို့အကြည့်ရောက်သွားသည်။

"ဟင်. . ဂျွန်. . ဂျွန်ဖြိုးပါလား"

ပန်းသွေးနီနီပါ လက်ဖက်ရည်ခွက်လေးကိုင်ကာ တင်ုံငုံနေရင်းမှ သူပါ ထိုမြင်ကွင်းကိုလှည့်ကြည့်လိုက်သည်။

"ဟုတ်တယ်ဗျို့. . သူကဒီလိုပဲ၊ ဈေးဆိုင်တွေမှာ ကောင်းမေ့





ဆိုတဲ့ဟာတွေကို လိုက်နှိုက်စားနေလို့ ဈေးသည်တွေက ရိုက်နှက်နေတာ. . ရိုးတော့ရိုးနေပါပြီ"

ကောင်တာတွင်ထိုင်နေသော လက်ဖက်ရည်ပိုင်ရှင်ဦးစိုးမြင့်ကြီးက အထူးအဆန်းဖြစ်နေသော ကျွန်တော့်အား မထူးဆန်းတော့မှန်းသိအောင်လှမ်းပြော၏။

"အို. . ရူးနေတော့လည်း ဘယ်သိမှာလဲ၊ သူစားချင်တာပဲသိမှာပေါ့. . "

"ဟုတ်တယ်. . မပန်းသွေးနီနီ၊ သူက ရူးနေပေမယ့် ကျွန်တော့်ရဲ့ကျေးဇူးရှင်ဆိုရင်လည်း မမှားဘူး"

"ဟင်. . ဟုတ်လား"

ကျွန်တော် ဂျွန်ဖြိုးအကြောင်းပြောပြမလို့ကြံကာရှိသေးသည် ဂျွန်ဖြိုးမှာ ကြက်ကင်သည် အာဒီး၏လက်သံကို မခံနိုင်တော့၍ ကျောတော့ကာ ဆိုင်ထဲပြေးဝင်လာသည်။

ကျွန်တော် ဂျွန်ဖြိုးကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။ တစ်ကိုယ်လုံး ဘယ်မီးခံသွေးပုံထဲသွားတိုးအိပ်ထားလဲမသိ. . မဲမှောင်၍နေသည်။ မျက်နှာမှာလည်း မီးသွေးတွေပေကျံကာ ဂျွန်ဖြိုးပုံစံက လူဝံဆိုက်လေးတစ်ကောင်နှယ်။

"ဂျွန်ဖြိုး. . "

ကျွန်တော်လှမ်းခေါ်တော့ ဂျွန်ဖြိုး ကျွန်တော့်ဘက်ကိုလျှောက်လာသည်။

"သယ်. . ငါ့အရှင်မင်းမြတ်ကြွလာတာကို မဖူးမျှော်ကြပါလားကြီးမိုက်သား ကုလားစုတ်ကုလားပျက် ငါ့ကိုကြက်ကြော်မဆက်သတဲ့ဘယ်ကြွတော်မူသည်၊ ဒီတော့ ငါ့ရဲ့ရာဇတောဝါနဲ့ ခင်းကိုသေဒဏ်ပေး



www.burmeseclassic.com

www.burmeseclassic.com



စေ. . .”

ကျွန်တော့်အနားရောက်တော့ ကုလားအာဒီးရှိရာ လက်ညှိုး ထိုးပြီး ရှေးဘုရင်တို့လေသံဖြင့် အမိန့်ပေး၏။ ပြီးနောက် ကျွန်တော့်ရှေ့ စား ပွဲပေါ်ရှိ စမူဆာပန်းကန်ထဲမှ စမူဆာတစ်ခုကို ဖျတ်ခနဲကောက် ယူကာ ဝါးလိုက်သည်။

ပန်းသွေးနီနီ အနားမှာလာရပ်နေသော ဂျွန်ဖြိုးကိုကြောက်ပြီး မော့တောင်မကြည့်ရဲ။ သူမပုံစံက အရှုံးသူ့ကို တစ်ခုခုလုပ်လိုက်မှာကို စိုးထိတ်နေပုံဖြင့် ကျွန်တော့်နားကို ကိုယ်လေးယို့ကာ တိုးထိုင်လိုက် သည်။

“ဟော့ကောင်. . သွားစမ်း ဂျွန်ဖြိုး”

လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးစိုးမြင့်အတင်းမောင်းထုတ်၏။ ကျွန်တော့်ပန်းကန်ထဲမှ စမူဆာလက်ကျန်တွေအကုန်ယူပြီး ဂျွန်ဖြိုးကို လှမ်းပေးလိုက်သည်။ ဂျွန်ဖြိုး ကျွန်တော့်ကိုလည်း သိပ်မှတ်မိပုံမပေါ်။ စမူဆာကိုသာ အသာငမ်းငမ်းလှမ်းယူပြီး ဆိုင်ထဲမှပြန်ထွက်သွား၏။

“ဗျာပါစောင်. . ခါခါလောင်. . အကြောင်းမလှ ××× ပူဒုတ္တ ယူမှုချကြုံ ×× ကေမရုံမီ. . အာရုံကြီး ဖိစီးလှု၍×××တကျောမပြတ်××× သဒ္ဓါသက်ရယ်လို့. . . ဟို့. . ဟို့. . ဟို့. . ဟို့. . ဘော့ဂျိ. . ”

ကျွန်တော့်နှင့်ပန်းသွေးနီနီ ရှေးစာသားကို ပါးစပ်မှဗလုံးဗထွေး ရွတ်ဆိုညည်းကာ ထွက်သွားသော ဂျွန်ဖြိုး၏နောက်ကျောပြင်ကိုငေး ကြည့်ရင်း သက်ပြင်းကိုယ်စီချလိုက်ကြသည်။

“သနားပါတယ်နော်. . ရိုးဂုဏ်. . ”





# အခန်း(၂၀)

“ဦး. . ကျွန်တော် လပတ်စာမေးပွဲတွေလည်းအောင်တယ်၊ အတန်းထဲမှာလည်း အဆင့်ငါးနေရာကိုရနေပြီ”

ဘုန်းမြတ်မိုလေး ကတိတည်စွာဖြင့် သူ့ဘဝကိုအချိန်မီထိန်း ထား မ,တင်နိုင်လေပြီ။ ကျွန်တော့်မှာသာ သူ့ဆန္ဒကို ခုချိန်ထိ အကောင် အထည်မဖော်ပေးရသေး။

“အေးကွာ. . ဦးလည်း မင်းအဖေကိုရောက်တဲ့နေရာမှာရှာနေ ပါတယ်၊ သွားလေရာကို ဒီဓါတ်ပုံယူသွားတယ်၊ သိပ်မကြာခင်တွေ့မှာ ပါကွာ. . ”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိုသို့ချွေးသိပ်တိုင်း ဘုန်းမြတ်မိုဆီမှ သက်ပြင်းငွေ့ငွေ့ချသံလေးကို စိတ်မကောင်းစွာဖြင့်ကြားရ၏။

"ကျွန်တော့်အဖေရောအမေရော ဘယ်နေရာမှာဘယ်လိုနေထိုင်နေကြလဲမသိဘူးနော်. . ဦး"

"သူတို့တစ်နေရာရာမှာ ရှိနေကြမှာပါကွာ၊ မင်းဆီကို မအားလို့ပြန်မလာနိုင်တာဖြစ်မှာပါ၊ သူတို့အလုပ်တွေပြီးသွားရင် ပြန်လာကြမှာပေါ့. . "

"လူတွေက အလုပ်ဆိုတာကို မသေမချင်းလုပ်နေကြရမှာလေ၊ အလုပ်ပြီးမှပြန်လာမယ်ဆိုတော့ အဲ့ဒီအလုပ်က ဘယ်တော့မှပြီးမှာမှမဟုတ်တာ၊ ဒီတော့ ကျွန်တော့်အဖေနဲ့အမေ ကျွန်တော့်ဆီဘယ်တော့မှပြန်မလာနိုင်တော့ဘူးဆိုတဲ့သဘောပေါ့၊ သူတို့တွေ နောက်မိန်းမတွေ နောက်ယောက်ျားတွေယူကုန်ကြပြီး ကျွန်တော့်လိုကလေးတွေနဲ့ ပျော်နေကြပြီထင်ပါရဲ့. . "

"အဲလိုမတွေးထားပါနဲ့ကွာ. . မင်းထင်သလိုမဟုတ်လောက်ပါဘူး၊ တစ်နေ့နေ့တစ်ချိန်ချိန် မင်းဆီပြန်လာကြလိမ့်မယ်လို့. . ငါ ရဲရဲကြီးယုံကြည်နေတယ်ကွာ. . ၊ အခု ခဏခွဲနေရတာကို တစ်သက်စာခွဲနေရတယ်လို့ မမှတ်လိုက်နဲ့"

"အင်းလေ. . ဒါ ကျွန်တော့်ကုသိုလ်ကံပါပဲ၊ အဖေရောအမေရောအသက်ရှင်လျက်ရှိနေရဲ့သားနဲ့ တစ်ကွဲတစ်ပြားစီနေနေရတာ. . ကျွန်တော်ကံဆိုးလို့ပဲလို့ မှတ်ယူရတော့မှာပေါ့၊ ဒါပေမယ့် ကျွန်တော်ဆုတောင်းပါတယ်. . အဖေနဲ့အမေ့ကို အမြန်ဆုံးပြန်တွေ့ရပါစေလို့"

"ပြည့်မှာပါ ကလေးရယ်"

ကျွန်တော် ဘုန်းမြတ်မိုလေးအတွက် စိတ်မကောင်းဖြစ်နေ





တုန်း ပန်းသွေးနီနီဆီမှ စာမူခကြိုထုတ်ပြီးဝယ်ထားသော အသစ်စက်စက်ဖုန်းလေးမှာ ထမြည်လာသည်။ ကျွန်တော့်အကျႌအိတ်ကပ်ထဲထည့်ထားသော ဖုန်းကိုထုတ်ယူလိုက်သည်။

"ဟဲလို. . ဟုတ်ကဲ့. . ကျွန်တော် ဒီနေ့ပဲလာတော့မလို့ပါ၊ ဒီမှာညှိသည်ရောက်နေတာနဲ့ စကားခဏပြောနေလို့"

ဒီနေ့ ကျွန်တော်စာမူအပ်ရက်မို့ ပန်းသွေးနီနီဘယ်အချိန်လာမလဲ လှမ်းမေးခြင်းဖြစ်သည်။

"ဦး. . ဒီနေ့စာမူသွားအပ်ရမှာလား"

"ဟုတ်တယ်ကွ. . "

"ဒါဆို ဦးစာအုပ်တိုက်ကို ကျွန်တော်လိုက်လို့ရလား"

"ဟာ. . ရတာပေါ့ကွ၊ ဦးနဲ့အလုပ်တွဲလုပ်တဲ့ စာရေးဆရာမလေးက အရမ်းသဘောကောင်းတယ်. . အဟဲ. . ပြီးတော့. . အပျိုကွ"

"ဟုတ်လား. . ချောရောချောရဲ့လား"

"မှန်နေတာပဲ. . ရက်ရက်စက်စက်ကိုချောတာ"

"ဒါဆို ရည်းစားတော်လိုက်ပါလား"

"အာ. . ဟေ့ကောင်လေး၊ ရည်းစားဆိုတာ တော်ချင်တိုင်းတော်လို့ရတာမှမဟုတ်တာ"

"ကျွန်တော်အောင်သွယ်ပေးမယ်လေ"

"နေပါ ဘုန်းမြတ်မိုရယ်. . သူနဲ့ငါနဲ့က မတန်ပါဘူး၊ ကဲ. . ထ အခုပဲသွားကြတာပေါ့. . "

ကျွန်တော် စာမူထည့်ထားသောလွယ်အိတ်ကိုကောက်လွယ်ပြီး ထိုင်ရာမှထလိုက်သည်။ ကျွန်တော်ထတော့ ဘုန်းမြတ်မိုပါ သူ



www.burmeseclassic.com

www.burmeseclassic.com



တျောပိုးအိတ်ကောက်လွယ်ပြီး အိမ်ရှေ့ကိုထွက်ခဲ့ကြ၏။

အိမ်မှာ ကိုလူသစ်ရော မခင်စပယ်ရော သူဌေးလင်မယားက ဆေးခန်းပြရန်ခေါ်သွားသဖြင့် မရှိကြ။ ထို့ကြောင့် တံခါးကိုသော့ခတ်ပြီး ဘေးအိမ်မှ ပန်းပုဆရာကိုသန်းစိန်ကို အပ်ခဲ့လိုက်သည်။

ကျွန်တော် အိမ်ရှေ့မှာအသင့်ရပ်ထားသော ဘုန်းမြတ်မိုကားနှင့်ပင် ပန်းသွေးနီနီဆီသို့ လိုက်လာခဲ့လိုက်၏။





# အခန်း(၂၁)

"ဒီလေးက ဘယ်သူလေးလဲ ရှိုးဂုဏ်. ."

ချစ်စရာကောင်းသော ဘုန်းမြတ်မိုကိုမြင်တော့ ပန်းသွေးနီနီ မိန်းကလေးပီသစွာ စပ်စု၏။

"အဲ့ဒါ သူ့အဖေကိုရှာပေးဖို့ အလုပ်အပ်ထားတဲ့ ကျွန်တော့်ရဲ့အလုပ်ရှင်လေးလေ. ."

"ကျွန်တော့်နာမည် ဘုန်းမြတ်မိုပါ အန်တီပန်းသွေးနီနီ"

"အယ်. . မင်းလေးက အန်တီလေးနာမည်ကိုတောင် သိနေပါလား. ."



www.burmeseclassic.com

www.burmeseclassic.com



“သို့ဆို ဦးက ကျွန်တော်နဲ့တွေ့တိုင်း အန်တီလေးအရမ်းချော ပြီးအရမ်းသဘောကောင်းကြောင်းတွေပဲ ပြောနေတာ၊ သူ့ဘဝမှာ အန်တီလေးလောက်ချောတဲ့ မိန်းကလေး တစ်ခါမှမတွေ့ဖူးဘူးတဲ့”

ဘုန်းမြတ်မိုစကားကို နားထောင်နေသော သူမမျက်နှာလေး မှာ ရှက်ရိပ်ပြေးကာ ပန်းရောင်ရင့်ရင့်သမ်းနေသည်ကို ကျွန်တော် သတိပြုမိ၏။

ဘုန်းမြတ်မို ကလေးပီပီ ဟန်ချီချီ ပေါ်တင်ကြီးအရောက်ပို့ ပေးနေသဖြင့် ကျွန်တော့်ရင်ထဲ ဖိုးသိုးဖတ်သတ်ဖြင့် ခြေမကိုင်မိလက် မကိုင်မိဖြစ်ရ၏။

“ဒီကောင်လေး. . ဘာတွေပြောနေတာလဲ၊ မ. . မဟုတ်ဘူး နော်. . သူပြောတဲ့စကားကို လျှောက်မယုံပါနဲ့ဗျာ. . ”

ကျွန်တော် ပန်းသွေးနီနီစိတ်ဆိုးမည်စိုး၍ ပျာပျာသလဲဖြေရှင်း ချက်ထုတ်ရသည်မှာ လျှာခလုတ်တိုက်မတတ်ပင်။

ပန်းသွေးနီနီ နှုတ်ခမ်းအစုံမှာ ရယ်ရိပ်ကလေးသန်းလျက် ကျွန်တော့်ထံ ရှက်မျက်စောင်းတစ်ချက်ပစ်လိုက်၏။

“ဟာ. . ယုံပါ အန်တီလေးရာ၊ ကျွန်တော်တို့ကလေးတွေရဲ့ စကားကို ပိုပြီးယုံပါ၊ ခုလာခါနီးလမ်းမှာတောင် ကျွန်တော်က ဦးကြိုက် ရင် ချစ်သူတော်လိုက်ပါလားဆိုတော့. . သူက ချမ်းလည်းချမ်းသာ တယ်. . ငါနဲ့မတန်ပါဘူးကွာ. . တဲ့. . ”

ကျွန်တော့်ရင်ထဲက ခံစားချက်ကို သူမလေးသိအောင် သာ သာထိုးထိုးလေးပြောနေသော ဘုန်းမြတ်မိုကို ကျေးဇူးပင်တင်ရမလား ဒေါသပဲထွက်ရမလား။

“သူပြောတာဟုတ်လား ရိုးဂုဏ်”





“ဟုတ်. . ဟုတ်. . အဲ. . မ. . မဟုတ်”

ကျွန်တော် လိမ်လည်းမလိမ်တတ်. . ၊ မလိမ်၍လည်းမဖြစ်။ အမှန်အတိုင်း ဟုတ်ပါတယ်လို့သာပြောလိုက်ရင် သူမလေး၏ ဖွေးနု နေသောလက်ဝါးပြင်မှာ ကျွန်တော့်ပါးပေါ်သို့ ဘုန်းဗိုင်းနှင့် အရှိန်ပြင်း ပြင်းကျလာလောက်သည်။

“အန်တီလေးလည်း စာရေးဆရာမ၊ ဦးကလည်းစာရေးဆရာ ဆိုတော့ လူကြီးတွေပြောသလို အသွင်တူရင်အိမ်သူဖြစ်မှာပါ အန်တီ လေးရယ်၊ ကျွန်တော့်အိမ်ကခွေးမလေး ပင်ကီဆိုရင်လေ သူ့အမွေး လေးတွေက အရမ်းနူးညံ့ပြီး ချစ်စရာလည်းကောင်းတယ်၊ ဒါပေမယ့် ယမ်းဘေးကခွေးတစ်ကောင်နဲ့ ငြိသွားတယ်ဗျာ. . ”

“အို. . ဘုရားရေ”

“ဟာ. . ဟေ့ကောင်လေး မင်းပြောနေတာတွေက ဘောင် ကျော်ကုန်ပြီ၊ တော်. . တော်တော့ ဆက်မပြောနဲ့တော့၊ ကြာရင် ငါတို့ တွေ ခွေးဖြစ်တော့မယ်. . ”

ကျွန်တော် ဘုမသိကိုးမသိ သူပြောချင်ရာစွတ်ပြောနေသော ဘုန်းမြတ်မို၏ပါးစပ်ကို အတင်းပိတ်လိုက်ရ၏။

အပြောမတတ်သည့် စေတနာအမှားဖြစ်ပေမယ့် ကျွန်တော် ပန်းသွေးနီနီကို ဘယ်လိုတောင်းပန်ရမှန်းတောင်မသိတော့သလို မျက် နှာချင်းဆိုင်ပင် မကြည့်ဝံ့တော့။

“ကျွန်တော်တောင်းပန်ပါတယ်. . သူက ကျွန်တော်နဲ့မပန်း သွေးနီနီကို ချစ်. . ချစ်သူတွေဖြစ်သွားစေချင်လို့ ပြောသင့်မှန်းမသိ မပြောသင့်မှန်းမသိ စွတ်တင်နေတာပါ၊ ဟို. . ဟိုလေ. . ကျွန်တော် ကလည်း ကျွန်တော့်ရင်ထဲကခံစားချက်အတိုင်း မပန်းသွေးနီနီကိုချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဒီကလေးဆီမှာ ရင်ဖွင့်လိုက်မိလို့ပါဗျာ၊ ကျွန်တော် မညာပါဘူး. . တကယ်ပြောတာပါ. . တောင်းပန်ပါတယ်”

ကျွန်တော် မျက်နှာမဖော်ဝံ့ဘဲ တောင်းပန်တိုးလျှိုးလိုက်၏။

“ရှင်က ကျွန်မကိုတောင်းပန်နေတာလား၊ ရည်းစားစကားပြောနေတာလား. . ရိုးဂုဏ်”

“အမ်. . ကျွန်. . ကျွန်တော် တောင်းပန်စကားတွေက အဲလိုသဘောသက်ရောက်သွားလို့ပါဗျာ. . ”

“ဟုတ်တယ်လေ. . ကလေးပြောတုန်းက ကလေးမို့လို့ပြောတယ်တဲ့၊ ရှင်ကျတော့ရော ကျွန်မကိုချစ်တယ်လို့ တိုက်ရိုက်မပြောပေမယ့် သွယ်ဝိုက်ပြီးပြောနေတာတော့ သေချာတယ်လေ”

“ဟာ. . ဒုတိယမ္ပိတောင်းပန်ပါတယ်ဗျာ. . ၊ မပန်းသွေးနီနီကို ချစ်မိတဲ့ ကျွန်တော့်ရင်ထဲကအချစ်တွေကို ကျွန်တော် လုံအောင် မသိမ်းမိလိုက်လို့ပါ. . တောင်းပန်ပါတယ်. . ”

ဟျာယာခတ်အောင်တောင်းပန်နေသော ကျွန်တော့်စကား ဦးတည်ချက်တွေ ဘယ်ရောက်လို့ဘယ်ပေါက်မှန်း ကျွန်တော်မဝေခွဲတတ်တော့ ပူထူပြီး ပြောမိပြောရာတွေသာလျှောက်ပြောနေမိတော့သည်။

“ဒီမှာရိုးဂုဏ်. . ရှင်က လည်တာလား၊ နုံတာလား၊ ထူတာလား. . ဟမ်. . ၊ တော်ပြီ. . ရှင်ဆက်ပြီးမတောင်းပန်နဲ့တော့ ရှင်ဒီတစ်ခါတောင်းပန်ရင် ကျွန်မကို ဖက်နမ်းပြီးတောင်းပန်ဖို့ပဲကျန်တော့တယ် သိလား. . . ”

“ဗျာ. . ”

ကျွန်တော်မရောက်နိုင်သည့်လမ်းကြောင်းကို ပန်းသွေးနီနီက ကုပ်ကနေ ဆွဲမတင်ပေးလိုက်သလားပင်။ သူ့စကားက ကျွန်တော့်





စကားတွေထက် ပြင်း၏။

ဘုန်းမြတ်မို အူကြောင်ကြောင်မျက်နှာပေးဖြင့် မျက်လုံးလေး ပေကလပ်ပေကလပ်လုပ်ကာ ကျွန်တော်နှင့်သူမကို တစ်လှည့်စီကြည့်နေ၏။

သူမဆီမှ ရှက်မျက်စောင်းနှင့် အပြုံးမဲ့မဲ့လေးက ကျွန်တော့်ရင်ခုန်သံတွေကို သရိုးသရီပင်ဖြစ်သွားပြီး ဖလန်းဖလန်းထသော မျက်နှာပေးဖြင့် ဟီးခနဲတစ်ချက်ရယ်လိုက်သည်။

ကျွန်တော် မရည်ရွယ်စွာဖြင့် သူမလေးကို ရည်းစားစကားပြောမိပြန်ပါ၏။ သူမ ရှက်ရှက်ဖြင့် အိမ်ထဲဝင်သွားတော့ ကျွန်တော်နှင့်ဘုန်းမြတ်မို မတိုင်ပင်ဘဲ လက်ဝါးချင်းရိုက်ပြီး ဂုဏ်ပြုပွဲလေးလုပ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၂)

ဒီနေ့ ဘုန်းမြတ်မိုလေး၏ (၁၃)နှစ်ပြည့်မွေးနေ့မို့ ကျွန်တော်ရော ပန်းသွေးနီနီရော သူတို့အိမ်သို့သွားကြရမည်။

ပန်းသွေးနီနီဝင်ခေါ်မည်မို့ ကျွန်တော် သူမနှင့်နှစ်ယောက်ထဲ ကားစီးရမှာကိုတွေးပြီး ရင်ခုန်နေမိ၏။

ရှိုးစမိုးအပြည့်နှင့် ဂိုက်ပေးကြမ်းနေသောကျွန်တော့်ကိုကြည့်ပြီး မခင်စပယ်ရော ကိုလူသစ်ရော ပြုံးစိစိဖြစ်နေကြသည်။

"ငါ့ညီက ခုလိုစမတ်ကျကျဝတ်လိုက်တော့လည်း တကယ့်မင်းသားကျနေတာပဲ. ."





စပို့ရှပ်အပြာနုနုလေးနှင့် အောက်မှစတိုင်ဘောင်းဘီနှင့် ဇွန်တဲလ်မန်းပုံပေါက်နေသော ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်မှုအပြည့်ဖြင့် ခပ်တည်တည်ပြုံးလိုက်ပြီး. . .

"ရွှေမင်းသမီးလေးနဲ့ အတူတွဲသွားရမှာဆိုတော့ ဒီလောက်တော့ သားသားနားနားဝတ်သင့်တယ်မဟုတ်လား အစ်ကိုသစ်ရာ"

"ဟုတ်ပါတယ်. . ဝတ်သင့်ပါတယ်၊ ငါ့မျက်စိထဲတော့ မင်းတို့နှစ်ယောက် အံဝင်ခွင်ကျပဲကွ. ."

"ဩော်. . တော့်စကားက ဘယ်လိုကြီးလဲ၊ အရင်းမရှိအဖျားမရှိနဲ့. ."

မခင်စပယ် နားမလည်သလို ပွစိပွစိဖြင့်ပြောတော့ ကိုလူသစ်ထဲခနဲရယ်ပြီး. . .

"မင်းကလည်း ပိန်းရန်ကော. . သူတို့နှစ်ယောက် လိုက်ဖက်ညီတဲ့စုံတွဲတွေလို့ပြောတာပေါ့ကွ. ."

"ဟော. . ကားသံကြားတယ်၊ ဆရာမလေး လာပြီထင်တယ်"

မခင်စပယ် အိမ်ပေါက်ဝသို့ ပျာယိပျာယာထွက်ကြည့်ပြီး. .

"ဟေ. . ဟုတ်တယ်ဟ. . လာပြီ. . လာပြီ၊ လာ. . ညီမလေးအိမ်ပေါ် ခဏလောက်တက်ပါဦးကွယ်. . မမရဲ့မောင်လေးက ခုမှ မိတ်ကပ်ပြင်. . အဲလေ ပြင်တုန်းဆင်တုန်း. . အဟင်း ဟင်း. . ဟင်း"

ပန်းသွေးနီနီ ကားပေါ်မှဆင်းပြီး အိမ်ပေါ်သို့တက်လာ၏။

"လာ. . ထိုင် ညီမလေး"

ကြိုးဝနေသော ဆက်တီခုံမည်းမည်းလေးမှာ ပန်းသွေးနီနီဝင်ထိုင်လိုက်သည်။

ပန်းနုရောင်ဇာနားကွပ် ရယ်ဒီမိတ်အင်္ကျီလေးကို အောက်မှဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သား သုံးလွှာစကတ်ပန်းရင့်ရောင်ဖြင့် တွဲဝတ်ထားသောကြောင့် သူမ၏ အသားအရည်လေးမှာ သိသိသာသာကြီး စိုပြည်ဝင်းဝါ၍နေ၏။

မျက်နှာပြင်မှာ ထွေထွေထူးထူး ခြယ်သထားခြင်းမရှိဘဲနှင့် ပြောင်တင်းတင်းလေးဖြင့် ကြွေရောင်ထကာ ပါးပြင်မှသွေးကြောစိမ်းစိမ်းလေးတွေပင် အထင်းသားပေါ်နေ၏။

ကျွန်တော် အိမ်ထဲမှထွက်လာပြီး သူမအလှတွေထဲမှ အကြည့်တွေကိုခွာမရအောင် သတိလက်လွတ်ဖြစ်၍နေသည်။

သူမ ရှက်ပြုံးယဲ့ယဲ့ပြုံးကာ. . .

"ရှင်. . ပြီးပြီလား. . ပြီးရင်သွားကြမယ်လေ"

"ဗျာ. . အဲ. . ဟုတ်. . ဟုတ်ကဲ့. . ပြီးပါပြီ"

သူမလေး မခင်စပယ်နှင့် ကိုလှသစ်ကိုနှုတ်ဆက်ပြီး ကားရှိရာသို့ဆင်းသွား၏။ ကျွန်တော် ဖုန်းကိုခါးမှာချိတ်၍ အိုက်တင်အပြည့်ဖြင့် သူမလေးနောက်မှ ထည်ဝါစွာဆင်းလိုက်သွားလိုက်သည်။

ခြံထဲဝင်လာသော ကဗျာဆရာအကွာရာနှင့် ဂျိုကာ အားကျသောအကြည့်ဖြင့်ကြည့်ကာ ပြုံးဖြီးဖြီးဖြင့် ကျွန်တော့်ကို စသလိုနောက်သလိုမျက်နှာပေးဖြင့် မျက်စတွေပြိုင်တူပစ်ကြ၏။

"ငါ့ကောင်ကြီး. . ဘယ်တုန်းက ကြီးပွားသွားတာလဲကွာ၊ ပုံစံကတော့ ဖလားပဲဟေ့"

"စုတ်ရောလာဘ်ရောဝင်တယ်ဆိုတာ ဒါမျိုးကိုပြောတာ၊ အားကျလိုက်တာဗျာ. ."

"ဟာ. . ကိုအကွာရာ တိုးတိုးပြောပါဗျ. . ကြားသွားရင် စိတ်ဆိုးသွားဦးမယ်"

"စိတ်ဆိုးရင် ဖက်နမ်းလိုက်ပေါ့ကွ. . ဟား. . ဟား. . ဟား"





ပြောလေကဲလေဖြစ်နေကြသော အကွာရာနှင့်ဂျိုကာကို ခွန်းတုံ့ပြန်မနေတော့ဘဲ ကားရှိရာသို့ ခပ်သုတ်သုတ်လှမ်းခဲ့လိုက်သည်။

ကျွန်တော် စိတ်မလုံစွာလှမ်းကြည့်တော့ သူမမျက်နှာ ပြုံးရိပ်သန်းနေ၏။ ဒါဆိုရင်တော့ ရာသီဥတုအနည်းငယ်သာယာသည့်အနေအထား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

"ဟင်. . မရောက်သေးဘူးလေ"

ကားကို လမ်းဘေးတစ်နေရာမှာ ရပ်လိုက်သဖြင့် ကျွန်တော် သတိပေးလိုက်သည်။ သွားရမယ့်နေရာက အဝေးကြီးကျန်သေးသည်။

"သိပါတယ်. . ကျွန်မ စနိုးတာဝါမပါလို့ ဟောဟိုစတိုးဆိုင်ကနေ ရှင်သွားဝယ်ပေးနိုင်မလား"

"ဩော်. . ရတယ်. . ကျွန်တော်သွားဝယ်လိုက်မယ်လေ"

ကျွန်တော် ကားရှေ့ခန်းတံခါးကိုဆွဲဖွင့်ပြီးအဆင်း. .





"အား. . အမလေး. . ရိုးဂုဏ် လုပ်ပါဦး. . လုပ်ပါဦး"

ပန်းသွေးနီနီ၏ အထိတ်တလန့်အော်လိုက်သံကြောင့် ကျွန်တော်ပြန်အလှည့် ကျွန်တော်ပါ အံ့အားသင့်သွားသည်။

"ဟင်. . ဂျွန်ဖြိုး. . . ဂျွန်ဖြိုး"

နောက်ခန်းထဲတွင် ခပ်မိန့်မိန့်ထိုင်နေသော ဂျွန်ဖြိုး၏ခန္ဓာကိုယ်မှာ ပန်းသွေးရှိရာသို့ ကိုယ်ကိုကိုင်းပြီး သူမ၏ပျော့စင်းကျနေသောဆံစတွေကို သူ့လက်ညစ်ပတ်ကြီးနှင့် ကိုင်ကြည့်နေ၏။

"ဟီး. . ဟီး. . ဟီး. . အိနေတာပဲ ကိုင်လို့ကောင်းတယ်၊ မိုက်တယ်. . အမြဲတမ်းကိုင်မယ်. . အမြဲတမ်းကိုင်မယ်. . ဟား. . ဟား"

"ဟေ့. . ဂျွန်ဖြိုး. . မလုပ်နဲ့. . မလုပ်နဲ့. ."

ကျွန်တော် ကားနောက်ခန်းတံခါးကိုဆွဲဖွင့်ပြီး ဘယ်အချိန်ကတည်းက နောက်ခန်းထဲမှာ ခိုးလိုက်လာသည်မသိသော ဂျွန်ဖြိုးကို အတင်းဆွဲထုတ်ရ၏။

ပန်းသွေးနီနီမှာ ကြောက်စိတ်ဖြင့် မျက်နှာမှာ ပန်းရောင်မသန်းတော့ဘဲ ဖွေးဆွတ်ဖြူရော်၍နေသည်။

"မဆွဲနဲ့. . သူနဲ့နေမယ်. . သူက အရမ်းလှတယ်၊ သူကငါ့မိန်းမ. . ဟား. . ဟား. . ဟား. . ဟား. . အဲ့ဒါ ငါ့မိန်းမ. . ငါ့မိန်းမ ဆင်းမိန်းမ မဟုတ်ဘူး. . . "

ဂျွန်ဖြိုးကို ကျွန်တော် ကားထဲမှမနည်းဆွဲထုတ်ရ၏။ ဂျွန်ဖြိုး ဆတ်ကန်ယက်ကန်ပါလာပြီး ပါးစပ်မှ သူ့မိန်းမဟု တတွတ်တွတ်အော်နေ၏။

သူမ ကြောက်လွန်း၍လားမသိ အသားတွေတဆတ်ဆတ်တုန်ခင်လာကာ မျက်ဝန်းမှမျက်ရည်တို့ လိမ့်ဆင်းကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂွန်ဖြိုးကို ကားနှင့်ဝေးရာ တစ်ဖက်ကားလမ်းဆီသို့ခေါ်သွားလိုက်ပြီး ငွေတစ်ထောင်တန်တစ်ရွက်ပေးခဲ့လိုက်သည်။

ငွေတစ်ထောင်ရသွား၍ ဂွန်ဖြိုးပျော်သွားသည်။ ကျွန်တော်အခွင့်အရေးရတာနှင့် ကားဆီသို့ခပ်သုတ်သုတ်ပြန်လျှောက်လာလိုက်၏။

"ဟေး. . ငါ့မိန်းမကို တစ်ထောင်နဲ့ရောင်းလိုက်ပြီ၊ မင်းပဲ အပိုင်ယူလိုက်တော့. . ဟား. . ဟား. . ဟား. . ဟား"

ကျွန်တော်ကြားပေမယ့် အရူးမို့ ပြောချင်ရာပြောပါစေဆိုပြီး လှည့်ကိုမကြည့်တော့ဘဲ ကားထဲပြန်ဝင်ထိုင်လိုက်သည်။

ကားထဲရောက်သည်နှင့် သူမ ကျွန်တော့်လက်မောင်းမှာခေါင်းမှီကာ တအင်းအင့်ဖြင့်ရှိုက်ကြီးတငင် ငိုကြွေးတော့၏။

ကျွန်တော် သူမ၏ပခုံးသား အိထွေးထွေးလေးကို ခပ်ဖွဖွဆုပ်ကိုင်ပြီး နှစ်သိမ့်လိုက်သည်။

"အရူးမရှိတော့ပါဘူး. . မငိုပါနဲ့တော့ မပန်းသွေးနီနီရယ်၊ ကျွန်တော်ရှိနေသရွေ့ မပန်းသွေးနီနီ ဘာမှမဖြစ်စေရပါဘူး၊ ကျွန်တော့်အသက်နဲ့လဲပြီး ကာကွယ်မှာပေါ့. . ကဲ. . သွားရအောင်နော်. ."

"ဟင့်အင်း. . ကျွန်. . ကျွန်မ စိတ်တွေအရမ်းလှုပ်ရှားသွားတယ်၊ မွေးနေ့ပွဲကိုမလိုက်ချင်တော့ဘူး၊ ရှင့်ဘာသာပဲသွားလိုက်ပါတော့. ."

"ဒါဆို ကျွန်တော်လည်း မသွားတော့ဘူးလေ၊ မပန်းသွေးနီနီဘေးမှာအဖော်နေပေးမယ်. . ခွင့်ပြုမယ်မဟုတ်လား"

ကျွန်တော့်အမေးကို ငိုထားသောမျက်ဝန်းအစ်အစ်ကလေးဖြင့် မော့ကြည့်ပြီး ခပ်ဖြည်းဖြည်းခေါင်းညိတ်၏။





ကျွန်တော့်အတွက် ရင်ခုန်စရာအချိန်လေးတွေကို ဂွန်ဖြိုး ဖန်တီးပေးသွားတာပဲ။

ကျေးဇူးပဲ ဂွန်ဖြိုးရေ. .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၄)

ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲမှာထိုင်နေရင်း အတွေးတွေက ဟိုဟိုဒီဒီဝေ့ဝဲလျက်။ သီချင်းသံလည်းနားထဲမဝင်၊ လက်ဖက်ရည်အရသာလည်း မခံစားမိ။ မနေ့က အရဲစွန့်ပြီး ပန်းသွေးနီနီကိုချစ်တယ်ဟုပြောခဲ့မိသည့် ကိုယ့်ရဲ့သတ္တိကို ကိုယ်ပြန်ချီးကျူးဂုဏ်ပြုမိ၏။

သူမထံမှ စိတ်ဆိုးသောတုံ့ပြန်မှုကို မရပေမယ့် သူမဆီမှာ ကျွန်တော်မသိသေးသော လျှို့ဝှက်ချက်တွေရှိနေသည်ဟု သူမကိုယ်တိုင်ဖွင့်ဟဝန်ခံလာသည်။





ထိုလျှို့ဝှက်ချက်ကို ကျွန်တော်သိချင်သည်။ သိခွင့်မရခဲ့။

"နှမတော်. . နှမတော် မောင်တော့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ နှမတော်မရှိရင် မောင်တော့်နှလုံးသားတွေ တစ်ဖွဲ့စီဖွဲ့ခြွေပြီး လိပ်စာကျွေးရပါတော့မယ်. . နှမတော်ရဲ့. . ဟဲ့. . ဟဲ့. . ဟဲ့. ."

အရှူးဂွျန်ဖြိုး လမ်းဖြတ်ကူးနေသောကောင်မလေးနောက်သို့ ပြေးလိုက်နေသည်။ ရုတ်တရက် အရှိန်ဖြင့်မောင်းလာသော ကွန်တိန်နာတစ်စီးက ဂွျန်ဖြိုး၏အသက်ဝိညာဉ်ကို ထုတ်ယူဖို့သွေးဆာနေလျက်အပြင်းနှင်လာ၏။

ကျွန်တော် ဂွျန်ဖြိုးအတွက်စိုးရိမ်ပူပန်စွာဖြင့် ထိုင်နေရာမှ ဝုန်းခနဲထလိုက်ပြီး ဂွျန်ဖြိုးဆီသို့ အားကုန်ပြေးသွားလိုက်ပြီး. . .

"ဟေ့. . ဂွျန်ဖြိုး. . ဂွျန်ဖြိုး. . ကား. . ကား"

ကျွန်တော်ထိုအရူးကို အချိန်မီလှမ်းဆွဲလိုက်သည်၊ နှစ်ယောက်သား အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းဘေးရှိရေအိုင်ထဲသို့လဲကျသွားသည်။

ကျွန်တော်ရောဂွျန်ဖြိုးရော ရေအိုင်ထဲမှရွှံ့ရေတွေဖြင့် လူးသွား၏။ ကျွန်တော်သွားလေရာဆောင်သွားတတ်သော ဘုန်းမြတ်မိုအဖေ ဓါတ်ပုံလေး အိတ်ထဲမှပြုတ်ကျသွား၏။

"ဟာကွာ. . ခြံထဲမှ. . ဖုန်းနဲ့ပိုက်ဆံတွေ ရွှံ့တွေပေကုန်တော့မှာပဲ. ."

"ဟင်. . ဒါ. . ဒါ ငါ့ပုံ. . ငါ့ပုံ မင်းငါ့ဓါတ်ပုံကိုခိုးထားတယ်။ သူခိုး. . သူခိုး. . အဲ့ဒါငါ့ပုံကွ. . အီး. . ဟီး. . ဟီး. ."

ကျွန်တော့်လက်ထဲမှ ဖျတ်ခနဲလုပြီး သူ့ပုံဟုပြောပြီး တဟီးဟီးငိုနေသော ဂွျန်ဖြိုးလုပ်ရပ်ကြောင့် ကျွန်တော် ဓါတ်ပုံကိုတစ်လှည့် ဂွျန်



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးကိုတစ်လှည့်ကြည့်ပြီး ကျွန်တော့်ရင်ထဲ တစ်စုံတစ်ခုကို ထိတ်ခနဲ အမြဲရှာလိုက်သည်။

ဓါတ်ပုံထဲက ဘုန်းမြတ်မိုအဖေ၏ မွန်ရည်သန့်ပြန့်သောရုပ်နှင့် ညစ်ပတ်ပေတေနေသော ဂျွန်ဖြိုး၏မျက်နှာအကျမှာ တူနေသလိုလို ထင်ရ၍ ကျွန်တော် ဂျွန်ဖြိုးလက်ထဲမှဓါတ်ပုံကို ဖျတ်ခနဲပြန်လုယူပြီး အသေအချာတိုက်ကြည့်လိုက်သည်။

သေချာသလောက်ရှိနေ၏။ မျက်ခုံးစပ်မှာရှိနေသော အမာရွတ်ကလေးအကစ လာတူနေ၍ အဖေပျောက်ရှာပုံတော်ဖွင့်နေတဲ့ ဘုန်းမြတ်မိုလေးအတွက် ဝမ်းနည်းဝမ်းသာကြီးဖြစ်လို့သွားသည်။

ထို့နောက် ကျွန်တော် ဘုန်းမြတ်မိုဆီသို့ဖုန်းခေါ်လိုက်သည်။

"ဘုန်းမြတ်. . မင်းအဖေကို ဦးရှာလို့တွေ့ပြီကွ၊ ခုချက်ခြင်း လာခဲ့. . "

ကျွန်တော် ဂျွန်ဖြိုးကို အိမ်သို့ချော့မော့ခေါ်ခဲ့ပြီး သူစားချင်တာတွေဝယ်ပြီး တစ်ဝကြီးထိုင်ကျွေးလိုက်သည်။

"ရိုးဂုဏ်. . မင်းကွာ. . ဒါက ဘယ်လိုဖြစ်တာလဲ၊ အရူးကို အစာကျွေးတဲ့ယကြာဆိုလည်း လမ်းမှာကျွေးပါတော့လားကွာ၊ အိမ်ဦးခန်းတက်ကျွေးရတယ်လို့"

"ဟာ. . အစ်ကိုသစ်ကလည်း. . ကျွန်တော် ယကြာချေနေတာမဟုတ်ဘူး၊ သူ့ကိုဘယ်သူလို့ထင်နေလို့လဲ"

"အရူးဂျွန်ဖြိုးလေ"

"သူအရူးဆိုပေမယ့် အခု ပိုင်ရှင်ရှိတဲ့အရူးဖြစ်သွားပြီ"

"ဟေ. . မင်းပြောတာ ဓါနားမလည်ဘူးကွာ"

ထိုစဉ် အိမ်ရှေ့သို့ဘုန်းမြတ်မိုတို့ကား အိခနဲထိုးစိုက်လာသည်၊





ကားပေါ်မှာ ဘုန်းမြတ်မိုနှင့် သူ့အဘွား ရေးကြီးသုတ်ပျာဆင်းလာ၏။

"ဦး. . ဘယ်မှာလဲ ကျွန်တော့်အဖေ"

"အဲဒါ မင်းအဖေပဲ. . ဘုန်းမြတ်"

"အို. . ဘုရား. . ဘုရား. . သား. . သားရယ်"

"ဟာ. . ဟုတ်ပါဘူး. . ဒါ အရူးကြီးပဲဟာကို"

ဘုန်းမြတ်မိုမမှတ်မိပေမယ့် ဝမ်းနှင့်လွယ်မွေးထားရသော ဘွားအေဖြစ်သူက မှတ်မိ၍ မျက်ရည်တွေပင်ကျစပြုနေပြီ။ ကိုလူသစ်လည်း ဘာပြောရမှန်းမသိအောင် ပါးစပ်အဟောင်းသားဖြင့် မှင်သက်၍နေ၏။

"အန်တီ. . ကြည့်ပါဦး၊ ဒါ အန်တီ့သား ဟုတ်မဟုတ်ဆိုတာ"

"ဟုတ်ပါတယ်ကွယ်. . မြေး. . အဲ့ဒါ မင်းအဖေပဲ၊ ခုလို ပေတေစုတ်ပြတ်နေလို့သာ မင်းမမှတ်မိဖြစ်နေတာပါကွယ်၊ သားမြတ်မင်းဘိုရယ်. . ဘဝက ဆိုးလိုက်တာကွယ်"

အဘွားကြီး မုန့်တွေပလုတ်ပလောင်းပစ်စားနေသော ဂျွန်ဖြိုးကို ဖက်ပြီးချုံးပွဲချငို၏။

"ကြီးဒေါ် စားပါဦး၊ ဒါအင်္ဂလန်ကမုန့်. . အရမ်းကောင်းတယ်"

ဂျွန်ဖြိုး သူ့အမေကိုသိပ်မမှတ်မိ။ မုန့်ကိုသာအတင်းထိုးကျွေးနေ၏။

"စားပါသားရယ်. . စားပါ"

"အန်တီ့မြေးလေးကိုစောင့်ရှောက်ပြီး ပျောက်နေတဲ့သားကိုရှာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်၊ ဟောဒီက မောင်ရိုးဂုဏ်အကြောင်းကို မြေးလေးပြောပြလို့ သိပြီးပါပြီ"

"ကျေးဇူးတင်ဖို့မလိုပါဘူး အန်တီရယ်၊ လိုအပ်ချက်ရှိနေတဲ့သူကို ကွက်လပ်ကလေးဖြည့်ပေးခွင့်ရတာကိုပဲ ကျွန်တော် ပီတိဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . "

"ဘာပဲဖြစ်ဖြစ် နောက်ဆိုရင် ဟောဒီကအန်တီ့ရဲ့မြေးလေး ဘုန်းမြတ်မိုကို ကိုယ့်သွေးသားရင်းချာလိုသဘောထားပြီး စောင့်ရှောက်ပေးပါကွယ်၊ အန်တီတို့အိမ်ကိုလည်း ဆွေမျိုးအိမ်လိုသဘောထားပြီး ဝင်ပါ. . ထွက်ပါလို့ ဖိတ်ပါတယ်ကွယ်. . "

"ဟုတ်ကဲ့. . စိတ်ချပါအန်တီ၊ ကျွန်တော် ဒီကလေးကို စောင့်ရှောက်ပေးပါ့မယ်"

ထို့နောက် ဂျွန်ဖြိုးကိုချော့မော့ပြီး စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဖို့ ကျွန်တော်ရော ကိုလှသစ်ပါ ဝိုင်း၍လိုက်ပို့လိုက်၏။





# အခန်း(၂၅)

ယူရယ်လို့ဖြစ်လာလျှင် လောကဓံ၏ဆိုးကျိုးကောင်းကျိုးတွေကို သူ့ကံကြမ္မာအလိုက် အလှည့်ကျခံစားစံစားရတာ လောကရဲ့ သဘာဝပဲဆိုတာ ကျွန်တော်တွေးမိလိုက်ပြီး ကျွန်တော့်ရဲ့မမြင်ရသေးတဲ့ အနာဂတ်ရဲ့ကံကြမ္မာကို မဆီမဆိုင်မျှော်ကြည့်လိုက်မိသည်။

အဲဒီအနာဂတ်မှာ ကျွန်တော်ရယ် ပန်းသွေးနီနီရယ် ပျော်ရွှင်စရာကောင်းတဲ့ကမ္ဘာသစ်ကလေးထဲမှာ ရင်ခုန်ကြည်မွေ့ကြရမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။

"ဟော့ကောင်. . . ငါပြောတာရောကြားရဲ့လား၊ ဘာတွေငေါင်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ. . ”

ကိုအက္ခရာ ပခုံးကိုလာပုတ်တော့မှ အတွေးတွေမျောနေရာမှ အရုက်ပြေရယ်လိုက်ပြီး. . .

“မငေါင်ပါဘူးဗျာ. . ဂျွန်ဖြိုးတို့သားအဖအကြောင်းတွေ တွေးနေတာပါ. . ”

“မင်းကိုတော့ ငါလေးစားတယ်ကွာ”

“ဟာ. . ဘာတွေလေးစားနေတာလဲ၊ ကျွန်တော်က ခင်ဗျားလေးစားရလောက်အောင် ဘာတစ်ခုမှာလည်းမလုပ်ပြပါဘူး. . ကိုအက္ခရာ ,ရာ. . ”

“ငါကိုတော့မလုပ်ပြဘူးပေါ့. . ဒါပေမယ့် အခြေမဲ့အနေမဲ့လမ်းဘေးအိပ်လမ်းဘေးစား၊ လစ်ရင်လစ်သလို ဈေးဆိုင်တွေဆီကနှိုက်စားနေတဲ့အရူးတစ်ယောက်ရဲ့ အတိတ်ဘဝအမှန်ကိုတော့ ဖော်ထုတ်နိုင်ခဲ့တယ်မဟုတ်လား. . ၊ ဒါကြောင့် ငါတို့အငှားရွာလေးထဲကလူတွေက မင်းကိုချီးကျူးနေကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒါဟာ မင်းအတွက်တော့ ဇာတ်လမ်းတစ်ပုဒ်ပဲ. . ဟုတ်ကောင်”

“ကံအကြောင်းတရားက ဂျွန်ဖြိုးကို မျက်နှာသာပေးလိုက်လို့ပါဗျာ. . ကျွန်တော့်အရည်အချင်းကြောင့်တော့မဟုတ်ပါဘူး”

“ဒါနဲ့ဂျွန်ဖြိုးက ဘာလို့အရူးဘဝရောက်သွားရတာလဲ”

“သူ့မိန်းမက ကလေးမွေးပြီး လေးဆယ့်ငါးရက်မပြည့်ခင်ကတည်းက အိမ်ပေါ်ကဆင်းသွားတာတဲ့၊ ကလေးကိုးနှစ်အရွယ်ရောက်တော့ လုပ်ငန်းကိစ္စနဲ့နယ်ကိုအသွား ကားအက်စီဒင့်ဖြစ်ပြီး မှောက်နေတဲ့ကားပဲတွေ့ပြီး လူက ပျောက်ခြင်းမလှပျောက်သွားတာတဲ့၊ အခု သူ့အမေကြီးက အရူးဘဝနဲ့သူ့သားကိုပြန်တွေ့ရတော့ ဝမ်းပဲသာရမလို





ဝမ်းပဲနည်းရမလိုလိုနဲ့. . ”

“အခု ဆေးရုံမှာဘယ်လိုအခြေအနေရှိလဲ”

“ဆေးကုသမှုတော့ခံယူနေတယ်၊ ဦးနှောက်ကဆဲလ်တွေနှာခေါင်းကြောတွေက အက်စီဒင့်တစ်ခုနဲ့ထိတွေ့ခဲ့ပြီးလို့ ဘယ်လိုမှပြန်ပြီးသန်စွမ်းနိုင်တော့ဘူးတဲ့. . အခန်းပျက်သွားတဲ့သဘောပေါ့၊ လူကောင်းတစ်ယောက်ပြန်ဖြစ်ဖို့ မဖြစ်ဖို့ဆိုတာ သူ့ရဲ့ကံကြမ္မာပေါ်မှာမူတည်တယ်လို့ပြောတယ်. . ”

“အေးကွာ. . ပြန်ကောင်းပါစေလို့ပဲ ဆုတောင်းပါတယ်၊ သူလည်း ငါတို့ရပ်ကွက်လေးထဲ မှာနေလာတာကြာတော့ ငါတို့လည်းရပ်ကွက်သားအချင်းချင်း သံယောဇဉ်တော့ ဖြစ်မိပါတယ်. . ၊

ဒါမှ သူနဲ့ကွဲနေတဲ့မိန်းမနဲ့ ပြန်ရှာပေါင်းပြီး သူတို့မိသားစုလေးသိုက်သိုက်ဝန်းဝန်းနဲ့ ပျော်စရာဘဝကို ဖြတ်သန်းကြရမှာ. . ”

ကျွန်တော်ရော အက္ခရာရော ဂျွန်ဖြိုးအကြောင်းပြောပြီး သူ၏အနာဂတ်ကလေးကို စိတ်ဖြေစွာ မျှော်ကြည့်လိုက်ကြ၏။ ပြီးနောက်သက်ပြင်းကိုယ်စီချလိုက်ကြ၏။

လူ့ဘဝဆိုတာ ထင်မှတ်မထားသော ကံကြမ္မာတွေနှင့် မိုးပွဲ့ဆောက်လုပ်ထားသော ဘန်ဂလိုလေးတစ်လုံးလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၆)

"ဟယ်. . ဘုန်းမြတ်လေးရဲ့အဖေကို ပြန်တွေ့ပြီ ဟုတ်လား"

သွေးကြောမျှင်စိမ်းစိမ်းလေးတွေ ထင်းနေအောင်နုညက်သော မျက်နှာပြင်ပေါ်မှ အပြုံးရိပ်ကလေးသန်းသွား၏။

"ဟုတ်တယ်. . ကျွန်တော်ရှာပေးလိုက်နိုင်ပြီ မပန်းသွေးနီနီ"

"မဆိုးပါဘူး. . ရှင်တော်သားပဲ"

"ကျွန်တော်က ပျောက်နေတဲ့သူကိုပဲ ရှာပေးတတ်တာပါ၊ ကျွန်တော့်ဘေးမှာ ထာဝရနေပေးနိုင်မယ့်ချစ်သူကိုတော့ ကျွန်တော့်ကို ချစ်လာအောင် မစွမ်းဆောင်နိုင်ပါဘူး. . "





ကျွန်တော် စကားခေါ်လိုက်တော့ ကျွန်တော့်ထံသို့မျက်စောင်းလေးတစ်ခုလွင့်လာသည်။ ထိုမျက်စောင်းလေးကို ကျွန်တော် ရင်ခုန်စွာနမ်းရှိုက်ချင်၏။

"ရှင့်ရဲ့နောင်တတွေ ရှင့်ရှေ့မှာကြွေရောက်နေရင် သိပ်ကောင်းမှာပဲနော်. . ."

အဘယ်သို့သောသဘောကို ဆောင်သည်မသိသော ပန်းသွေးနီနီ၏စကားကို ကျွန်တော် အဓိပ္ပါယ်မကောက်တတ်ပါ။

"ကျွန်တော် ဘာကိုနောင်တရရမှာလဲ. ."

"ရှင်ကလည်း စာရေးဆရာပေါက်စလုပ်နေပြီး အဲဒီလောက်တောင် မမြင်ဘူးလား"

"ကျွန်တော်က ပန်းသွေးနီနီနဲ့ပတ်သက်ရင် မျက်ကန်းတစ်ယောက်ပဲလေ. ."

"ရှင် ကျွန်မကိုချစ်တယ်ပြောရအောင် ကျွန်မအကြောင်းကို ဘယ်လောက်သိထားလို့လဲ၊ ပြီးမှ ရှင်နောင်တတွေရနေမှာပေါ့. . ဒါကြောင့်. . အရင်စုံစမ်းပါဦး"

"ကျွန်တော်ချစ်တာ ပန်းသွေးကိုပါ၊ ပန်းသွေးရဲ့ရာဇဝင်ကိုချစ်တာမဟုတ်ပါဘူး၊ ပန်းသွေး ဘာပဲဖြစ်နေဖြစ်နေ ကျွန်တော့်ရင်ထဲက သူ့အလိုလိုပေါက်ဖွားလာတဲ့အချစ်က ရေနွေးပူပူကို ပန်ကာလေပေးသလို တဖြည်းဖြည်းအေးစက်သွားမှာမှမဟုတ်တာ၊ နောက်ပြီး ကျွန်တော်က ပန်းသွေးကို ရန်ကုန်ရောက်စက ဘူတာရုံမှာတွေ့ကတည်းက ဟောဒီရင်ဘတ်ထဲမှာ စွဲအောင်ချစ်သွားတာ"

"ဘယ်လို. . ရှင်က ကျွန်မကို ဘူတာရုံမှာကတည်းက ချစ်တာဟုတ်လား"

www.burmeseclassic.com



"ဟုတ်တယ်. ."

ကျွန်တော် ပန်းသွေးမှတ်မိလာအောင် ဘူတာရုံမှာ ကျွန်တော့်အား 'မျက်ကန်းလမ်းလျှောက်ရပ်နဲ့ ကျက်သရေကိုမရှိဘူး' ဟုပြောသွားသောစကားတစ်ခွန်းကို ပြန်လည်အစဖော်ပေးလိုက်သည်။

"အိုး. . မှတ်မိပြီ. . . မှတ်မိပြီ၊ အဟင်း. ခစ်. . ခစ်. . ခစ်. အဲ့ဒီတုန်းက ရှင့်ပုံစံက တောမကျမြို့မကျ အူကြောင်ကျားပုံစံကြီးနဲ့ အရမ်းကို ရယ်ဖို့ကောင်းတယ်၊ ရှင့်ကို အဲလိုပေါက်ကရပြောပြီး ရှင့်ကိုယ်ကွယ်သွားတော့ ကျွန်မတစ်ယောက်တည်းတောင် ရယ်မိသေးတယ်"

"ခုလိုမှတ်မိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က တော်တော်လေးပြောယူရမယ်ထင်ထားတာ"

"ကျွန်မက အိုင်ကျူကောင်းပြီးသားပါ၊ တစ်ခါကြုံဖူးရင် တစ်သက်လုံးမှတ်မိနေတတ်တယ်၊ ရှင့်ကိုအခုပြန်မမှတ်မိတော့ဘူးဆိုတာက. . အဲ့ဒီတုန်းက ရှင်ကမျက်မှန်အမည်းကြီးနဲ့ဆိုတော့ ပြန်းခနဲဘယ်မှတ်မိမလဲ. ."

"အင်းလေ. . ကျွန်တော့်ပုံစံကလည်း အဲ့ဒီတုန်းကလို အူကြောင်ကြောင်ရုပ်မှမဟုတ်တာ၊ ကောင်မလေးတွေ ခိုက်လောက်တဲ့ရုပ် ဖြစ်နေပြီပဲ. . ."

"သွားပါ. . . ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေပြီးကော့"

အငေါ့တူးတူးလေးပြောသော ပန်းသွေးလက်အစုံကို ကျွန်တော်စိတ်မထိန်းနိုင်စွာ ဆုပ်ကိုင်လိုက်သည်။ ပန်းသွေး လက်ကိုရုန်းဖယ်ခြင်းမရှိ။ အခွင့်အရေးယူမိသော ကျွန်တော့်မှာသာ လက်ကိုင်ပြီး ဘာဆက်ပြောလို့ပြောရမှန်းမသိအောင် အယောင်ယောင်အမှားမှားနှင့်။





"ကျွန်မက ရှင်ထင်သလို အပျိုစင်မဟုတ်ဘူး ရိုးဂုဏ်"

အပျိုစင်မဟုတ်ဘူးဆိုသောစကားက ကျွန်တော့်မျက်နှာပေါ်မှ အပြုံးကို ဟန်ဆောင်ပြုံးခိုင်းထားရပေမယ့် ရင်ထဲမှ ချစ်ခြင်းတရား၏ ခံစားမှုကိုတော့ ဘာမျှမဖြစ်သလို သက်တောင့်သက်သာနေခိုင်း၍မရ။ ကျွန်တော့်ရင်ထဲ နုံးချိချိဖြစ်၍သွားသည်။

သို့သော် ကျွန်တော်မြတ်နိုးသောပန်းကလေးက သူများနမ်းရှိုက်ပြီးသားပန်းတစ်ပွင့်ဖြစ်စေဦးတော့ သူ့မှာ သင်းပျံ့သောရနံ့တော့ ကျန်နေသေးတာပဲ။ သူဟာ ကျွန်တော့်အတွက် ရနံ့မွှေးသောပန်းတစ်ပွင့်ဖြစ်နေဦးမှာ သေချာနေသေးတာပဲ။

"ပန်းသွေးဟာ အပျိုစင်မဟုတ်ဘဲ ကလေးတစ်ဒါဇင်ရှိတဲ့ မုဆိုးမအငယ်စားလေးဖြစ်နေပါစေ. . ကျွန်တော် မမှုစွာနဲ့ပဲ ပန်းသွေးဆီက အချစ်ကို ရဲရဲတောက် တောင်းခံပါရစေ. ."

ကျွန်တော် ရင်နာနာနှင့်ပင် တောင်းလက်စအချစ်ကို ဆက်ပြီး တောင်းခံလိုက်သည်။

"ကျေးဇူးပြုပြီး ပန်းသွေးရဲ့အတိတ်စာမျက်နှာတွေကိုမေ့ပစ်ပြီး ကျွန်တော့်ရင်ဘတ်ထဲကိုဝင်ခဲ့ပါ၊ ကျွန်တော်တို့ အချစ်ကဗျာတွေ အတူသီကြတာပေါ့၊ အဲ့ဒီကဗျာထဲက စိမ့်ထွက်လာတဲ့အချစ်တွေက ပန်းသွေးရဲ့ နှလုံးသားကို ပြန်လည်လတ်ဆတ်လာစေမှာပါ၊ ဒါကြောင့် ဖွင့်ထားတဲ့ ကျွန်တော့်ရဲ့ရင်ဘတ်ထဲ ရဲရဲခိုဝင်ပြီး ဇွတ်ချစ်ပစ်လိုက်ပါ၊ ကျွန်တော့် အချစ်တွေကြောင့် အသက်တစ်ရာတိုင်တိုင် ပျော်ရွှင်ရပါစေ့မယ်လို့ ကတိပေးပါတယ်. . ."

ကျွန်တော်မထူးတော့ပြီမို့ သူမကြွေလောက်သည့် စကားမျိုးတွေကိုသာ ရွေးပြောလိုက်သည်။ ကျွန်တော့်စကားဆုံးတော့ သူမထံမှ



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံလွင်လွင်လေးထွက်ပေါ်လာပြီး. . .

"ရှင်ကျွန်မကို ချစ်ရေးဆိုတာ ရယ်စရာကောင်းတယ်နော်၊ အဟင်း. . တတိယကမ္ဘာစစ်ကို ရှင်တစ်ယောက်တည်းချုပ်ခိုင်တိုက်နေသလိုပဲ ရင်ဘတ်ကြီးက ဖုတ်လိုက်ဖုတ်လိုက်နဲ့ တော်တော်မောနေသလားဟင်. ."

"ကျွန်တော့်ရင်ထဲကအချစ်ကိုယုံပါ. . ပန်းသွေးရယ်၊ ဗလာမပါ ဟာသမမြောက်တဲ့ ဂန္ဓဝင်အချစ်လို့မှတ်ယူပြီး ရဲရဲသာခေါင်းညိတ်လက်ခံလိုက်ပါ. ၊ ပန်းသွေး ကျွန်တော့်အချစ်တွေနဲ့ အသက်ရာကျော်ရှည်စေရမယ်လို့ ကတိပေးပါတယ်. ."

ကျွန်တော့်အပြောမှာ ပန်းသွေးကြွေသွားသည်ထင်သည်။

ကျွန်တော့်ကို ရွှန်းလဲ့သော မျက်ဝန်းအစုံဖြင့်ပင် မော့၍ကြည့်လာပြီး။

"ကျွန်မ စဉ်းစားဦးမယ်လေ၊ ခဏတော့စောင့်ဝေါ့. . လောကမှာ လုံးဝဖုံးကွယ်လို့မရတဲ့အရာနှစ်ခုရှိတယ်. . သိလား၊ အဲ့ဒါက နှာချေတာနဲ့ချစ်တာပဲ၊ အကယ်၍. . ကျွန်မ နှလုံးသားကို သေသေချာချာပြန်မေးကြည့်လို့ ရှင့်ကိုချစ်နေတယ်ဆိုရင်. . ကျွန်မ ဖုံးကွယ်ထားမှာမဟုတ်ပါဘူး. . ."







# အခန်း(၂၇)

"ဦး. . ကျွန်တော့်အဖေဆီကိုသွားမှာလေ၊ အန်တီလေးကို ဘာလို့ခေါ်လာတာလဲ"

ဘုန်းမြတ်မိုလေးအမေးကြောင့် ပန်းသွေး ဘုန်းမြတ်မို၏ပခုံးလေးကို ခပ်ဖွဖွပုတ်လိုက်ပြီး. . .

"အန်တီလေးက သားအဖေကို လိုက်တွေ့မလို့ပေါ့ကွ၊ နောက်ပြီး စိတ်ကျန်းမာရေးဆေးရုံက စိတ်ဝေဒနာရှင်တွေကို အံမြတမ်းသွားလှူနေကြကွ. . ဒါကြောင့် မင်းတို့နဲ့အတူတူ တစ်ခါတည်းပိုက်ခဲ့တာ"

www.burmeseclassic.com



"ဩော်. . ဒါဆိုလည်း အန့်တီလေး ကျွန်တော့်အဖေကိုမြင်ဖူးသွားတာပေါ့၊ ဖေဖေက အရမ်းသနားစရာကောင်းတယ် သိလား၊ ဆရာဝန်ကြီးတွေက ဖေဖေ့အရူးရောဂါက ပြန်ကောင်းဖို့မလွယ်တော့ဘူးတဲ့. . "

ဘုန်းမြတ်မိုလေးပြောရင်းဖြင့် အသံတွေတိမ်ဝင်သွား၏။

"ကဲပါ. . ဘုန်းမြတ်ရယ်. . ခုချိန်မှာငိုနေလို့လည်း ဘာထူးမှာလဲ. . ဦးတို့ ဆေးရုံကိုသွားကြရအောင်"

ကျွန်တော် ဘုန်းမြတ်မိုလေးကို ပန်းသွေးနီနီကားပေါ် ချော့တင်ပြီး ကျွန်တော်က ပန်းသွေးနီနီ၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ရိုးဂုဏ်. . ကျွန်မတို့လမ်းမှာ စိတ်ဝေဒနာရှင်တွေစားဖို့ မုန့်တွေအများကြီးဝယ်သွားရင် ကောင်းမလား၊ ဘုန်းမြတ်ရဲ့အဖေအတွက်လည်း ဝယ်ရင်းပေါ့. . "

"အင်း. . ကောင်းသားပဲ၊ ဒီလိုဝေဒနာသည်တွေကိုကျွေးရတာ အရမ်းမွန်မြတ်တယ်"

ကျွန်တော်တို့စိတ်တူကိုယ်တူ သဒ္ဒါတူစွာဖြင့် စိတ်ရောဂါဝေဒနာသည်တွေကိုကျွေးဖို့ ပေါင်မုန့်ထုပ်တွေနှင့် အချိုရည်ဘူးတွေဝင်ဝယ်လိုက်ကြသည်။

"အန့်တီလေးနဲ့ဦးက အရမ်းလိုက်ဖက်တာပဲနော်"

အခွင့်အရေးကို ကြံ့ရင်ကြံ့သလိုအသုံးချတတ်သော ဘုန်းမြတ်မို၏အရောက်ပို့စနစ်ကို ကျွန်တော် စိတ်ထဲတော်တော်လေးသဘောကျ ကျေးဇူးတင်နေမိ၏။

"ဦးလည်း. . မင်းလိုပဲထင်တာပါပဲကွာ၊ မဆိုးဘူး. . မင်းက အမှန်တရားကို မြင်တတ်တယ်. . သုံးသပ်တတ်တယ်. . "





"အို. . ရှင်နော်. . ကလေးရှေ့မှာ အသားကပ်မယူနေနဲ့"

"အချင်းချင်းတွေပဲ. . ရှက်မနေပါနဲ့ အန့်တီလေးရယ်၊ ဦးဦးက လူတော်တစ်ယောက်ပါ၊ အဟဲ. . ကျွန်တော့်မှာသာ အမေရှိနေရင် ဦးဦးကို ရက်ရက်ရောရောပထွေးတော်ပစ်လိုက်မှာ. . "

"ဟယ်. . ဒါဆို မင်းအဖေထိုင်ငိုနေမှာပေါ့"

"မငိုလောက်ပါဘူး. . အဖေက သူ့မှာ သားနဲ့မိန်းမရှိနေတာတောင်သိတာမဟုတ်ဘူး"

"ဒါဆိုလည်း မင်းအမေကို တွေ့အောင်ရှာခိုင်းလိုက်ပါလားကွယ်. . ၊ ပြီးရင် မင်းဦးနဲ့ပေးစားလိုက်လေ"

"ရှာတော့ရှာခိုင်းချင်တာပေါ့ အန့်တီလေးရာ၊ ဒါပေမယ့် ကျွန်တော့်မှာ မေမေ့ဓါတ်ပုံမှမရှိတာ၊ ရှိလို့ရှာခိုင်းပြီးတွေ့တော့ရော ကျွန်တော့်အမေကို ဦးဦးက ကြိုက်ဦးမှဗျ. . နော်. . ဦးဦး"

"အေး. . ဒါ. . ဒါပေါ့ကွ၊ အဟဲ. . ငါက တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက် ဘူးဆိုရှင် ဖရုံမသီးဘူး၊ ပန်းသွေးက လွဲလို့ ဘယ်မိန်းမကိုမှ မိန်းမလို့မထင်ဘူး. . "

"ဒါဆို. . ရှင့်အမေလည်း မိန်းမ မဟုတ်ဘူးပေါ့"

"အယ်. . ဒါ. . ဒါတော့ မဆိုလိုဘူးလေ၊ ကျွန်တော့်အမေက မိန်းမမို့ ကျွန်တော့်ကိုမွေးတာပေါ့. . အဟဲ"

ကျွန်တော် ထိုသို့ပြောတော့ သူမ နှုတ်ခမ်းလေးကို ချစ်စဖွယ် တွန့်ကွေးပြီးပြုံးလိုက်၏။

ပြီးနောက်. . ကားကို မုန့်ဆိုင်တစ်ခုရှေ့ရောက်တော့ ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

"ကဲ. . ပေါင်မုန့်တို့ အအေးတို့ဆင်းဝယ်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ပြင်းခပ်ဖျော့ဖျော့ချပြီး ကျွန်တော့်၏ အချစ်တောင်းခံပွဲကို တစ်ခန်းရပ်လိုက်ရပြန်သည်။





# အခန်း(၂၈)

"အန်တီလေးလာ. . ကျွန်တော့်အဖေကို ထားတဲ့အဆောင်က ဟိုဘက်ကနေသွားရမှာ"

ဘုန်းမြတ်မို သူမလက်ကိုဆွဲပြီး ဂျွန်ဖြိုးရှိရာအဆောင်သို့ လျှောက်သွားကြသည်။ ကျွန်တော့်မှာသာ ပေါင်မုန့်အိတ်ကြီးနှင့် အချိုရည်ဘူးတွေကို မနိုင်မနင်းသယ်ရင်း တာဝန်ရှိသူတွေက တစ်ဆင့်ဆေးပေးနိုင်အောင် တာဝန်ခံရုံးခန်းသို့ ခပ်သွက်သွက်လျှောက်ခဲ့လိုက်သည်။

ပေးပြီးတာနှင့် ဂျွန်ဖြိုးအဆောင်ရှိရာသို့ ခပ်သွက်သွက် လျှောက်လာခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဂွန်ဖြိုးခန်းရှေ့ရောက်တော့ တသိမ့်သိမ့်ရှိုက်ငိုနေသော ပန်းသွေးကြောင့် ကျွန်တော်ထိတ်ခနဲ စိုးရိမ်သွားသည်။ ဘယ်လိုနားလည်ရမှန်းပင်မသိ။ ဂွန်ဖြိုးများ ဘာလုပ်လိုက်ပြန်ပြီလဲပေါ့။

"ပန်းသွေး . . ဘာဖြစ်လို့လဲ . . ဘာဖြစ်လို့ငိုတာလဲဟင်"

ပန်းသွေးငိုနေသလို ဘုန်းမြတ်မိုလေးလည်း မျက်ရည်တွေရစ်ဝိုင်းနေ၏။

"ဘာဖြစ်ကြတာလဲ . . ဘာဖြစ်နေကြတာလဲ ပြောပါဦး . . ဂွန်ဖြိုးဘာလုပ်လိုက်လို့လဲ"

ပန်းသွေးနှင့်ဘုန်းမြတ်မိုကို မျက်လုံးအပြူးသားနှင့်ကြောင်ကြည့်နေသော ဂွန်ဖြိုးကို ကျွန်တော် ဒေါသဖြင့် ခပ်တင်းတင်းကြည့်လိုက်၏။

"ဂွန်ဖြိုး . . . မင်းသူတို့ကိုဘာလုပ်လိုက်လဲ"

"အယ် . . အဟီး . . ဟီး . . လုပ်ဘူး . . ဘာမှမလုပ်ဘူး . . ၊ နင် သူတို့ကို မုန့်မကျွေးလို့ငိုတာနေမှာပေါ့ . ."

"ဦး . . ဖေဖေက သားတို့ကိုဘာမှမလုပ်ပါဘူး . ."

"ဟုတ်ပါတယ် ရိုးဂုဏ်၊ သူ ကျွန်မတို့ကို ဘာမှမလုပ်ပါဘူး ကျွန်မ ဘာကြောင့်ငိုနေရသလဲဆိုတာ ရှင်သိချင်လား"

ပန်းသွေးမျက်နှာလေးမှာ အရင်ကလို ကြည်လင်ရွှန်းမြှ၍မနေတော့။ သောကရှုပ်ထွေးခြင်းတွေဖြင့် မှိုင်းအုံ့၍နေ၏။

ကျွန်တော့်ရင်ထဲမှာ တစ်ခုခုကိုနားလည်သဘောပေါက်သွားသောခံစားမှုတစ်ခုက အသိစိတ်ထဲ ဖျတ်ခနဲထိုးဝင်လာသည်။

"ကျွန်မ အိမ်ထောင်ပြုခဲ့ဖူးတယ်လို့ ရှင့်ကိုပြောခဲ့ဖူးတယ်နော်၊ အဲဒီလူဟာ အခု ရှင်မြင်နေရတဲ့ ဘုန်းမြတ်လေးရဲ့အဖေပေါ့"





"ဗျာ . ."

ရပ်နေသော ကျွန်တော့်၏ခြေစုံ ယိုင်ခနဲဖြစ်သွားသည်။ ဘဝဆိုတာ စက်ဝိုင်းတစ်ခုလို မထင်မှတ်ထားတာတွေနဲ့ အမြဲလည်ပတ်နေတာပဲလား။

ခုတော့ ကျွန်တော့်စိတ်တွေ ဝရုန်းသုန်းကားဖြစ်၍နေပြီ။

"အရင်တုန်းက ဂွန်ဖြိုးဆိုတဲ့စိတ်ဝေဒနာရှင်နဲ့ ကြုံခဲ့ရပေမယ့် ညစ်နွမ်းစုတ်ပြတ်နေတဲ့ပုံမို့လို့ ကျွန်မ မမှတ်မိသလို အသေအချာလည်း မကြည့်ရဲခဲ့ဘူး၊ ဂွန်ဖြိုးဟာ မြတ်မင်းဘိုဖြစ်နေလိမ့်မယ်လို့ ယောင်လို့တောင်မတွေးခဲ့မိပါဘူး . . ၊

ကျွန်မစိတ်ထဲမှာ မြတ်မင်းဘိုနဲ့ သားလေးရဲ့ဘဝကို နိုင်ငံခြားမှာပဲအခြေချနေကြလိမ့်မယ်လို့ တွေးထင်ထားခဲ့တာ၊ ခုတော့ ကျွန်မ ကျွန်မဟာ . . ကိုယ့်သားလေးကိုတွေ့နေတာတောင် ကိုယ့်သားမှန်းမသိခဲ့ဘူး . ."

ပန်းသွေးနီနီ ပြောရင်းဖြင့် တအင့်အင့်ငိုရှိုက်ပြန်သည်။

"မေမေ မငိုပါနဲ့တော့၊ ဘာပဲဖြစ်ဖြစ် သားကတော့ မေမေနဲ့ပြန်တွေ့ရတာပျော်တယ်၊ ဦးကိုလည်းကျေးဇူးတင်တယ်၊ ဦးကြောင့် ကျွန်တော်သိပ်ချစ်ရတဲ့ အဖေနဲ့အမေကို ပြန်တွေ့ခွင့်ရခဲ့တာပါ . ."

သားအမိနှစ်ယောက် ကျွန်တော့်ရှေ့မှာတင် တင်းကျပ်စွာဖြင့်ဖက်တွယ်ထားကြ၏။ ဆုံစည်းခန်းလေးသည် သူတို့သားအမိအတွက် ပေါ်လာရှိပေမယ့် ကျွန်တော့်အတွက်တော့ နာကျင်စရာတွေနှင့်ပြည့်နှက်နေ၏။

ဒီတော့ ကျွန်တော်ကိုယ့်ဆန္ဒကို ကိုယ့်ဟာကိုယ်အလိုက်သိစွာဖြင့်ထုပ်ပိုးပြီး ရင်ထဲမှာပင် ထာဝရပြန်၍သိမ်းထုပ်ထားရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"သားအမိနှစ်ယောက် ခုလိုပြန်ဆုံတာမြင်ရတော့ ဝမ်းသာပါတယ်. . "

ကျွန်တော့်အသံတွေ ကြေကွဲစွာအက်ရှနေမှန်း ကိုယ့်ကိုယ်ကိုယ် သတိပြုမိ၏။ ကျွန်တော်သတိပြုမိသလို ပန်းသွေးလည်း သတိပြုမိမှာပါ။

"ပန်းသွေး. . ကျွန်တော် ချစ်တယ်လို့ပြောခဲ့ပြီး ဖွတ်အတင်းတောင်းနေတဲ့အဖြေအတွက် ကျွန်တော်တောင်းပန်ပါတယ်၊ ချစ်မိတဲ့စိတ်ကို ကျွန်တော့်ဘက်က အလိုက်တသိနဲ့ ပြန်ရုပ်သိမ်းပေးပါတယ်"

ကျွန်တော်ဟာ အသည်းကွဲသမားတစ်ယောက်ရဲ့ ဟန်အမူအရာကို အပြည့်အဝထုတ်သုံးပြီး ပန်းသွေးတို့သားအမိရှေ့မှ မျှော်လင့်ချက်မဲ့သော ခြေလှမ်းတွေဖြင့် လှည့်ထွက်လာခဲ့၏။

ကျွန်တော့်ဘဝတွင် မိန်းမတစ်ယောက်ကို အရူးအမူးချစ်ခဲ့ခြင်းသည် ဒီတစ်ကြိမ်သာရှိသေးပြီး အသည်းကွဲသောဝေဒနာကို ခံစားခဲ့ရသည်မှာလည်း ဒါဟာ ပထမဦးဆုံးအကြိမ်ပင်ဖြစ်လေသည်။

အသည်းထဲမှာ ဖျက်မရတဲ့ဒဏ်ရာကြီးလို အမာရွတ်ဗလပွနဲ့ ကျန်ခဲ့ရတော့မည်။

"ဟား. . ဟား. . ဝေး. . ဟေး. . ဟေး ဘယ်က ကိုအတ္တနဲ့ မအတ္တ ငါ့ရှေ့မှာလာလွမ်းပြနေတာလဲ၊ မင်းသားနဲ့မင်းသမီးဆိုတာ ဇာတ်သိမ်းခန်းမှာ ညားကြလေသတည်းလေ၊ မင်းတို့လွတ်လွတ်လပ်လပ် ညားကြပါ. . ဟီး. . ဟီး. . ငါက ဒါရိုက်တာ. . ငါ့စကားကို နားထောင်ကြ. . "

ဂွန်ဖြိုး၏ ကပေါက်တိကပေါက်ချာပြောနေသော စကားတွေသည် ပန်းသွေးနီနီကို ခိုင်မာသောတွန်းအားတစ်ရပ်ပေးနေသလို ခိုင်





မာသောဆုံးဖြတ်ချက်ကို ရွေးဖို့လမ်းညွှန်ပြနေသည်ဟုလည်း ယူဆမိ၏။

သို့သော် ကျွန်တော် အတင်းမတောင်းဆိုရက်တော့ပါ။ ဘုန်းမြတ်မိုလေး၏ဘဝကို ကျွန်တော့်ဆန္ဒကြောင့် အရောင်မစွန်းထင်းစေချင်။ ကျွန်တော့်ခြေလှမ်းတွေ ဆေးရုံဝင်းအပြင်ဘက်သို့ တရွေ့ရွေ့ လျှောက်လာလိုက်သည်။

ဟိုးခပ်ဝေးဝေးကွင်းပြင်မှ ဝှေ့တိုက်လာသောလေပြည်သည် ကျွန်တော့်ကို လာရောက်ချွေးသိပ်သည်။

လေပြည်ရနံ့ကသင်းပျံ့ပေမယ့် ရင်ထဲကအသည်းကွဲခြင်းဒဏ်ရာက မသန့်ပြန့်။ မျှော်လင့်ချက်တွေ အရောင်မလက်ခင်မှာ အသည်းကွဲရလေတော့ ကျွန်တော်ဟာ လူဖြစ်ရှုံးသူတစ်ယောက်ပါလို့ပဲ လောကကြီးကြားအောင် အော်ဟစ်ငိုကြွေးလိုက်ချင်ပါရဲ့. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

နှင်းသီးစွာရှိုက်ငိုမိသော သူမ၏မျက်ရည်တွေသည် ဂွန်ဖြိုး အတွက်လား၊ သားလေးဘုန်းမြတ်မိုအတွက်လား၊ ဒါမှမဟုတ် အချစ်တွေကို သူ့သဘောနှင့်သူ အလိုက်သတိပြန်ရုပ်သိမ်းပြီး ခေါင်းငုံ့လှည့်ပြန်သွားသော ရိုးဂုဏ်အတွက်လား. . .

လောလောဆယ် ရင်မှာနာကျင်နေရသည်ကတော့ ပြောမပြတတ်အောင်ပါပဲ။

ထိုနာကျင်မှုကို ဘယ်လိုချွေးသိပ်မှုမျိုးနဲ့မှ ဖြေသိမ့်နိုင်မည်တဲ့လဲ။





မြတ်မင်းဘို ပြန်ကောင်းလာသည့်အထိစောင့်ပြီး မိသားစု ပြန်လည် ဆုံစည်းကြခြင်းလား။ ဒါမှမဟုတ် ရိုးဂုဏ်ကိုပဲ ပေးလက်စချစ်ခြင်းတွေ ဆက်ပေးပြီး အနာဂတ်ကိုဆက်လျှောက်ဖို့လား. . .

ကိုယ့်နှလုံးသားကိုကိုယ်ရဲတင်းစွာ အမိန့်မပေးရဲတာတော့ အမှန်ပါ။

ဘာကြောင့်အမိန့်မပေးရဲသလဲဆိုရင် ကိုယ့်ရှေ့မှာ မေမေလို့ အားကိုးတကြီးမျှော်မော့ကြည့်နေတဲ့ သားလေးဘုန်းမြတ်မိုကြောင့်ပဲ ပေါ့။

"မေမေ. . ဦးကိုရွေးချယ်လိုက်ပါ"

ဝေသီနေသော မျက်ရည်တွေကို ပုတ်ခတ်ထိန်းလိုက်ရင်း သားထံမှ ထင်မှတ်မထားသောစကားကို ပြန်၍အမိပွါယ်ကောက်လိုက်သည်။

"သား. . မေမေ့ကို ဘယ်လိုပြောလိုက်တယ်. . "

"ဦးရိုးဂုဏ်ကိုပဲ ရွေးခိုင်းလိုက်တာလေ. . "

"ဟင်. . သားက သွားခွင့်ပြုတယ်. . ဟုတ်လား"

"ဟုတ်ကဲ့. . မေမေ"

"မေမေ အဲ့လိုရွေးချယ်လိုက်ရင် သားအပေါ်မှာ မတရားရာကျနေမှာပေါ့ကွယ်"

လူကြီးတစ်ယောက်လို ခိုင်မာတဲ့ဆုံးဖြတ်ချက်ချပြီး လမ်းပြပေးနေသောသားကိုကြည့်ပြီး ကိုယ့်လိပ်ပြာကိုယ်မလုံဖြစ်မိသည်။

သားအမိကြားမှာခိုဝင်နေတဲ့ မေတ္တာတရားကြောင့် သားအပေါ် ဥပေက္ခာမပြုရက်နိုင်. . .

"မေမေတရားပါတယ်. . သားဘဝမှာ ဖေဖေနဲ့မေမေ သက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားရှိနေတာကို ကျေနပ်ရုံနဲ့တင် သားနေပျော်မှာပါ။ ဖေဖေနဲ့မေမေ ရယ် သားရယ်အတူတူနေကြဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တော့တာ. . ၊

ဖေဖေ့အခြေအနေက မေမေနဲ့ တစ်ခန်းရပ်သွားအောင် ပြီးပါ ပြီလို့စာတန်းထိုးပြီးနေမှတော့ သားမမျှော်လင့်တော့ပါဘူး၊ အားလုံးကို နားလည်ပါတယ်"

အရွယ်နှင့်မလိုက်အောင် သိတတ်လွန်းသောသားကို တင်း ကျပ်စွာပြန်လည်ဖက်တွယ်လိုက်ပြီး မျက်ဝန်းမှမျက်ရည်တို့စီးကျလာပြန် သည်။

"အို. . သားရယ်. . မေမေ ဝမ်းသာလိုက်တာ၊ ဒါဆို မေမေ ရယ်. . သားရယ်. . ဦးဦးရိုးဂုဏ်ရယ် အတူတူနေကြမယ်လေ"

ဘုန်းမြတ်မို မိခင်၏စကားကို လေးလေးနက်နက်ခေါင်းညိတ် ပြလိုက်သည်။

"ကဲ. . မေမေ. . ဦးကို အမြန်လိုက်ခေါ်ပါဦး၊ တော်ကြာ သား တို့နဲ့ဝေးရာကို ညစ်ညစ်နဲ့ထွက်သွားဦးမယ်"

"ဒါဆို သားပါလိုက်ခဲ့လေ. . "

"ဟင့်အင်း. . ပြီးမှ တစ်ခေါက်လာပြန်ဝင်ခေါ်ပါ. . "

သံတိုင်တွေကိုဆုပ်ကိုင်ပြီး မျက်လုံးပေကလပ်ပေကလပ်ဖြင့် ငြိမ်နေသော ဂျွန်ဖြိုးလက်ကို ဘုန်းမြတ်မိုလှမ်းပြီးဆုပ်ကိုင်ရင်း ငြင်း လိုက်သည်။

"ဒါဆို မေမေသွားခေါ်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့. . "

သားရဲ့ပါးကို ဖွစ်ညှစ်ချွေးသိပ်ပြီး သူမသားလေးအနားမှလှစ် ခနဲထွက်လာခဲ့လိုက်သည်။





အချစ်တွေကို ဆက်လက်အပ်နှင်းမှာမို့ အဝေးကြီးကို ထွက် မသွားပါနဲ့ဦး. . ရိုးဂုဏ်ရယ်. .

ကျွန်မ ရှင်နဲ့အတူ နှစ်တစ်ရာတိုင်တိုင် နေချင်သေးတယ်. . ၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၀)

"ရှိုးဂုဏ်. . ."

ခေါ်သံကြောင့် မရှင်သောနှလုံးကို ပိုက်ထွေးချွေးသိပ်နေရင်းမှ လှည့်ကြည့်လိုက်သည်။

"ဟင်. . ပန်းသွေး"

"ရှင်က ဒီလိုပဲထားသွားတော့မယ်ပေါ့. ."

"ပွဲကပြီးပါပြီလို့ စာတန်းထိုးပြီးနေမှ လှည့်ပြန်ရုံပဲရှိတော့တာလေ. ."

"ရှင့်ကို ပွဲပြီးပြီလို့ ဘယ်သူကကြေညာသေးလို့လဲ၊ ရှင့်ကို ကျွန်မ



BURMESE CLASSIC



သားလေးဘုန်းမြတ်မိုရဲ့အဖေနေရာမှာ နေပေးဖို့ ရာသက်ပန်ငှားချင်တယ်. ."

"သူ့မှာ အဖေရှိနေပြီလေ"

မူတာမဟုတ်ပေမယ့် သဘောအရတော့ စာဒကတက်မှ သင့်တော်မည်မို့ စာဒကတက်ကြည့်လိုက်သည်။

"မဟုတ်ဘူး. . သားက သူ့အမေကို ထာဝရအဖော်လုပ်ပေးနိုင်တဲ့အဖေမျိုးငှားပေးပါတဲ့၊ သူ့အဖေအရင်းနဲ့သူ့အမေရဲ့ဇာတ်လမ်းက ဟိုးရှေးရှေးကတည်းက တစ်ခန်းရပ်ခဲ့ပြီပဲ. . တဲ့. ."

"သင့်. . သင့်တော်ပါ့မလား၊ ဟန်ဆောင်ပေးလို့ရပေမယ့် တကယ်တမ်း ကျွန်တော့်စိတ်ကိုကျွန်တော် မယုံကြည်နိုင်ဘူး"

"ရှင်က ကျွန်မကို အညာလွယ်တယ်ဆိုပြီး အထာကိုင်နေတာပေါ့လေ၊ ဒီက မိန်းကလေးတန်မဲ့ ခုလိုအမောတကောပြေးလိုက်ပြီး အတင်းဇာတ်ပေါင်းရတာ သိပ်တော့ကျွန်မ ဂရုမစိုက်ဘူးရှင့်. . သိလား"

ခပ်ရွှဲ့ရွှဲ့လေးပြောကာ အရှက်ပြေရယ်ရင်း ကျွန်တော့်လက်မောင်းကို တွဲလွဲခိုလိုက်သော ပန်းသွေး၏လက်အစုံကို ကျွန်တော် အလိုက်သင့်လေး ပြန်လည်ဆုပ်ကိုင်လိုက်ပြီး. . .

"ပန်း. . ကျွန်တော့်ကိုရွေးချယ်လိုက်ပြီပေါ့နော်"

"အင်းပေါ့. . ဒါကြောင့် ရှင့်ရဲ့ကြေကွဲစရာခံစားမှုတွေကို သံသည်ကျိုစက်ထဲထည့်ပစ်လိုက်တော့၊ ပြီးရင် ရင်ဘတ်ထဲကအချစ်ကြီးတွေကို စိတ်တူကိုယ်တူချည်နှောင်ကြရအောင်. ."

အဲ. . ကျွန်မမှာ လိုက်ပွဲလေးတော့ပါတယ်နော်. . ၊ သာတယ်ဆာတယ်သဘောမထားနဲ့ပေါ့. ."

"ဟား. . ဝမ်းသာလိုက်တာ ပန်းရယ်၊ ပန်းက ကျွန်တော့်အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလက်ခံပြီဆိုမှတော့ လိုက်ပွဲဘယ်နှစ်ပွဲပါပါ ဗိုက်ပြည့်အောင်စား. . အဲလေ. . မဟုတ်ပါဘူး. . လိုက်ပွဲဘယ်နှစ်ပွဲပါပါ ကျွန်တော်က မြတ်မြတ်နိုးနိုးနဲ့တန်ဖိုးထားမှာပါ"

"တကယ်နော်"

"တကယ်ပေါ့. . မယုံဘူးလား၊ မယုံရင် သက်သေပြမယ်လေ. ."

ကျွန်တော့်နှုတ်ခမ်းက သူမပါးပြင်နားအတင်းတိုးကပ်တော့ သူမ ညင်းသွဲ့စွာရယ်ရင်း ရှောင်တိမ်း၏။

အချစ်ဆိုတာ ရင်ဘတ်နှစ်ခုငြိဖို့ ချည်နှောင်ပေးတဲ့အရာတစ်ခုပဲမဟုတ်လား။ အချစ်ကြောင့် အနမ်းတွေပေါက်ဖွားလာသလို အချစ်ကြောင့်ပဲ တပ်မက်ခြင်းတွေနဲ့ ရယူပိုင်ဆိုင်ခြင်းလောဘတွေ ဖြစ်ပေါ်လာကြတာပါပဲ။

အခုလည်း ပန်းကို ထာဝရပိုင်ဆိုင်ချင်တဲ့ ကျွန်တော့်ရဲ့လောဘတွေ ဘယ်တော့မှငြိမ်းနိုင်မှာမဟုတ်တော့တာ သိပ်ကို သေချာနေပါပြီ။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**

WAiHZAR



BURMESE CLASSIC

www.burmeseclassic.com